ကြေးမုံ

The Mirror Daily

၁၉၅၇ ခုနှစ် ဇူလိုင်လ ၁၆ တွင် စတင်တည်ထောင်သည်။ Established in 1957

ချမ်းသာခြင်းအကြောင်းတရား

အချင်းချင်း ခိုက်ရန်ဖြစ်ပွားခြင်းသည် မကောင်း။ ရန်ပြုတတ်သူတို့အလယ်တွင် ရန်မပြုဘဲနေခြင်းသည် လည်းကောင်း၊ ကိလေသာ အနှိပ်စက်ခံရသူတို့အလယ်၌ ကိလေသာ အနှိပ်အစက်မခံရဘဲနေခြင်းသည် လည်းကောင်း၊ ကာမဂုဏ်ကို ကြောင့်ကြစိုက်ကုန်သော သူတို့အလယ်၌ ကြောင့်ကြမစိုက်ကုန်ဘဲနေခြင်းသည် လည်းကောင်း ချမ်းသာ၏။ သုခဝဂ်(ဓမ္မပဒ-၁၉၉)

၁၃၇၉ ခုနှစ် တော်သလင်းလကွယ်၊ ဗုဒ္ဓဟူးနေ့။ Wednesday, 20 September 2017 (၉၀၅၃)

နိုင်ငံတော်သမ္မတ ဦးထင်ကျော် ထိုင်းနိုင်ငံ၌ ခွဲစိတ်ကုသမှုခံယူပြီး နေပြည်တော်သို့ ပြန်လည်ရောက်ရှိ

စာမျက်နှာ » ၃

နိုင်ငံတော်အစိုးရ၏ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဆိုင်ရာ ကြိုးပမ်းမှုများနှင့်ပတ်သက်၍ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် မိန့်ခွန်းပြောကြား

စာမျက်နှာ » ၄

ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ နယူးယောက်မြို့ရှိ ကုလသမဂ္ဂဆိုင်ရာ မြန်မာအမြဲတမ်းကိုယ်စားလှယ်အဖွဲ့ရုံးမှ ဝန်ထမ်းများနှင့် တွေ့ဆုံ

စာမျက်နှာ » ၃

ပြဿနာဖြစ်နေတဲ့ တစ်နေရာတည်းကိုမကြည့်ဘဲ ဘာပြဿနာမှမဖြစ်ဘဲ ရှိနေကြတဲ့ နေရာတွေကိုလည်း ကြည့်မြင်တတ်ဖို့လို မြန်မာဘက်မှထွက်ပြေးသွားတဲ့ ဒုက္ခသည်များ ပြန်လည်လက်ခံနိုင်ရေးအတွက် စိစစ်မှုလုပ်ငန်းစဉ်ကို စတင်နိုင်ဖို့ ပြင်ဆင်ထား

နေပြည်တော် စက်တင်ဘာ ၁၉

နိုင်ငံတော်အစိုးရ၏ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဆိုင်ရာကြိုးပမ်းမှုများနှင့်ပတ်သက်၍ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ပြောကြားသည့် မိန့်ခွန်းမှာ အောက်ပါအတိုင်းဖြစ်သည်- (အလွတ်သဘော ဘာသာပြန်ဆိုချက်ဖြစ်ပါသည်)

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် မိန့်ခွန်းပြောကြားစဉ်။

ယမန်နှစ်က ရွေးကောက်တင်မြှောက်ပြီးခါစ မြန်မာနိုင်ငံအစိုးရသစ်ရဲ့ ကိုယ်စားလှယ်အနေနဲ့ ကုလသမဂ္ဂအထွေထွေညီလာခံမှာ မိန့်ခွန်းပြောကြားခဲ့တုန်းက ကျွန်မတို့အစိုးရအနေနဲ့ ကုလသမဂ္ဂ ပဋိညာဉ်စာချုပ်ပါ ရည်ရွယ်ချက်တွေနဲ့ အခြေခံမူတွေအပေါ်မှာ ထားရှိတဲ့ ယုံကြည်မှုတွေကို ထပ်လောင်းအတည်ပြုပြောကြားခဲ့ပါတယ်။

မြန်မာနိုင်ငံကို ဘာသာရေး၊ လူမျိုးရေးနဲ့ နိုင်ငံရေး ယုံကြည်မှုတွေကြောင့် အကွဲကွဲအပြားပြားဖြစ်နေတဲ့ နိုင်ငံတစ်နိုင်ငံမဖြစ်စေလို . . .

မတူကွဲပြားမှုများကို အခြေပြုတဲ့ အခွင့်အရေးများကို ခံစားခွင့်၊ ဘဝကို မိမိယုံကြည်မှုနဲ့ လျှောက်လှမ်းခွင့်ရှိ . . .

နိုင်ငံများအနေနဲ့ ပိုမိုငြိမ်းချမ်းပြီး ကြွယ်ဝတဲ့ ကမ္ဘာ၊ လူသားများအားလုံးအတွက် ပိုမိုကြင်နာမေတ္တာထားသောနေရာ တစ်နေရာအဖြစ် ဝိုင်းဝန်းတည်ထောင်နေတဲ့ ယုံကြည်ချက်နဲ့ ကျွန်မတို့နိုင်ငံမှာ ကြုံတွေ့နေရတဲ့ စိန်ခေါ်မှုတွေနဲ့၊ ယင်းစိန်ခေါ်မှုများကို ကျော်လွှားနိုင်အောင် ကြိုးပမ်းချက်များကို နိုင်ငံတကာအသိုင်းအဝိုင်းကို မျှဝေလိုပါတယ်။

ဒီနှစ်မှာတော့ ကျွန်မအနေနဲ့ အထွေထွေညီလာခံ တက်ရောက်ဖို့ နယူးယောက်မြို့ကို သွားရောက်နိုင်ခြင်းမရှိတဲ့အတွက် ယခုလို သံတမန်တွေကို ရှင်းလင်းပြောကြားမှုတစ်ရပ်ပြုလုပ်ဖို့ စီစဉ်ခဲ့တာဖြစ်ပါတယ်။

ကျွန်မတို့ ပြည်သူတွေဟာ ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲမှာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ရွေးချယ်တင်မြှောက်ခဲ့ချိန်မှာ ကျွန်မတို့ကို တာဝန်သုံးရပ် ယုံယုံကြည်ကြည်နဲ့ အပ်နှင်းခဲ့ပါတယ်။ ဒီမိုကရေစီအသွင်ကူးပြောင်းရေး၊ ငြိမ်းချမ်းရေးနဲ့ တည်ငြိမ်ရေး၊ ပြီးတော့ ဖွံ့ဖြိုးတိုးတက်ရေးတို့ပဲ ဖြစ်ပါတယ်။ အဲဒီစိန်ခေါ်မှု သုံးရပ်စလုံးဟာ လွယ်ကူတဲ့ တာဝန်တွေမဟုတ်သလို ရိုးရှင်းတဲ့ စိန်ခေါ်မှုတွေလည်း မဟုတ်ပါဘူး။

ကျွန်မတို့အတွက် ဒီမိုကရေစီအသွင်ကူးပြောင်းရေးဆိုတာဟာ ရာစုနှစ်တစ်ဝက်လောက် အာဏာရှင်စနစ်အောက်မှာ ရှိနေတဲ့အခြေအနေကနေ ဒီမိုကရေစီကို ကူးပြောင်းရတာ ဖြစ်ပါတယ်။ အခုအချိန်မှာ ကျွန်မတို့ ပြုစုပျိုးထောင်နေတဲ့ ဒီမိုကရေစီစနစ်ဟာ ဖွံ့ဖြိုးခါစ ရင့်ကျက်ဖို့ လိုသေးတဲ့ မပြည့်စုံသေးတဲ့အနေအထားပဲ ဖြစ်ပါတယ်။

ငြိမ်းချမ်းရေးနဲ့တည်ငြိမ်ရေးဆိုတာ ကျွန်မတို့နိုင်ငံ လွတ်လပ်ရေးရရှိပြီးတဲ့အချိန် ၁၉၄၈ ခုနှစ်ကစပြီး ပေါ်ပေါက်လာခဲ့တဲ့၊ နှစ်ပေါင်း ၇၀ ပြည်တွင်းပဋိပက္ခတွေ ချုပ်ငြိမ်းအောင် ကြိုးစားနေရတဲ့ကိစ္စပဲ ဖြစ်ပါတယ်။

ဖွံ့ဖြိုးတိုးတက်မှုဆိုတာဟာ အခုပြောကြားခဲ့တဲ့ အချက်နှစ်ချက်အပေါ်မူတည်ပြီးမှ ရရှိအောင်မြင်နိုင်မှာ ဖြစ်ပါတယ်။

စာမျက်နှာ ၈ ကော်လံ ၁ သို့

KBZ BANK
STRENGTH OF MYANMAR

BEST MYANMAR RETAIL BANK 2017

Awarded by ASIAN BANKING AND FINANCE

ကြေးမုံ

အကျိုးဖြစ်ထွန်းစေမည့် မြန်မာ့အရေး

ယမန်နေ့ နံနက် ၁၀ နာရီက နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းစင်တာ(၂)တွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် နိုင်ငံတော်အစိုးရ၏ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့်ငြိမ်းချမ်းရေးဆိုင်ရာ ကြိုးပမ်းမှုများနှင့်ပတ်သက်၍ မိန့်ခွန်းပြောကြားခဲ့သည်။ မိန့်ခွန်းပြောကြားရာသို့ မြန်မာနိုင်ငံသားများသာမက နိုင်ငံတကာမှ သံတမန်များ တက်ရောက်နားထောင်ခဲ့ကြသည့်အပြင် တစ်တိုင်းပြည်လုံးမှပြည်သူများက တိုက်ရိုက်ထုတ်လွှင့်ပြသသော ရုပ်မြင်သံကြားများမှ ကြည့်ရှုနားထောင် ခဲ့ကြသည်။

အဆိုပါ မိန့်ခွန်းအား အင်္ဂလိပ်ဘာသာဖြင့် သီးသန့်ပြောကြားခြင်းသည် မြန်မာနိုင်ငံအတွက်သာမက နိုင်ငံတကာနှင့် ပြည်ပမှလူပုဂ္ဂိုလ်များအားလုံး သိစေလိုရင်းဖြစ်ပေလိမ့်မည်။ ပြောကြားခဲ့သော မိန့်ခွန်းကို နိုင်ငံတကာက အလေးထားစောင့်ကြည့်ခဲ့ကြပြီး တစ်နိုင်ငံလုံးကလည်း အားတက်သရော စုဝေးနားထောင်ကြသည်မှာ နိုင်ငံအတွက် ကောင်းသောလက္ခဏာဖြစ်သည်။

မြန်မာနိုင်ငံသားအားလုံး၏ ရည်မှန်းချက်ပန်းတိုင်မှာ ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေး၊ လိုက်လျောညီထွေရှိရေးနှင့် တိုးတက်ရေးတို့ဖြစ်သည်ကို မိန့်ခွန်းတွင် ဖော်ညွှန်းထားသည်။ အဆိုပါ ရည်မှန်းချက်ပန်းတိုင်များနှင့် ရင်ဆိုင်နေရသည့်ပြဿနာများကို နားလည်မှုရှိရန်နှင့် စာနာမှုရှိရန် မိတ်ဆွေများအား တောင်းဆိုထားသည်။ ဟန်ချက်ညီရေးတွင် အပြုသဘောဆောင်ပြီး မြန်မာနိုင်ငံငြိမ်းချမ်းရေးနှင့် တည်ငြိမ်ရေးအတွက် နည်းလမ်းသစ်များ ရှာဖွေဖို့လိုကြောင်း အသိပေးထားရာ တိုင်းပြည်နှင့်လူမျိုးအတွက် အရေးကြီးသည့်အချက်များ၊ ဆောင်ရွက်ရမည့်အချက်များနှင့် အကြံပြုချက်များဖြစ်သည်။

လက်ရှိအချိန်တွင် အဓိကအကျဆုံးအရေးမှာ ရခိုင်ပြည်နယ်အရေးဖြစ်ပြီး နိုင်ငံတကာက ပြောဆိုကြသော လူ့အခွင့်အရေးနှင့်ပတ်သက်လျှင် ဥပဒေနှင့်အညီ တိတိကျကျလုပ်ဆောင်လျက်ရှိပြီး လက်ရှိအခြေအနေမှန်ကို သိရှိနိုင်ရန် မြေပြင်သို့ကွင်းဆင်းကြည့်ရှုရန်လိုပုံနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံရောက် ဒုက္ခသည်များအား ၁၉၉၃ ခုနှစ် သဘောတူညီချက်အတိုင်း အထောက်အထားများကို ပြန်လည်စိစစ်ပြီး မှန်ကန်သူကိုလက်ခံမည် စသည်တို့ကို ကြားသိရသည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ပြောကြားခဲ့သည့်မိန့်ခွန်းသည် နိုင်ငံတကာအနေဖြင့် မြန်မာနိုင်ငံအပေါ်တွင် အဆိုးများသာ မမြင်သင့်ဘဲ ကောင်းမွန်သည့်အချက်များကိုလည်း အသိအမှတ်ပြုလက်ခံနိုင်ဖို့ အပြုသဘောဆောင် ထောက်ပြနိုင်ခဲ့သည့်အပြင် လက်ရှိဖြစ်ပေါ်နေသည့် ရခိုင်ပြည်နယ် အရေးနှင့် တည်ငြိမ်အေးချမ်းရေးဆောင်ရွက်မှုများနှင့် ပတ်သက်၍ ရှင်းလင်းစွာသိရှိနိုင်သဖြင့် နိုင်ငံတကာ၏စိုးရိမ်ပူပန်မှုများ လျော့ကျစေမည် ဖြစ်သည်။

မြန်မာနိုင်ငံအနေဖြင့် နိုင်ငံကိုတည်ဆောက်လျက်ရှိရာတွင် အခက်အခဲများ၊ စိန်ခေါ်မှုများ များစွာကြုံတွေ့လျက်ရှိပြီး ယင်းတို့ကို စနစ်တကျ ကိုင်တွယ်ဖြေရှင်းပေးလျက်ရှိသည်။ တကယ်တမ်းတွင် မြန်မာနိုင်ငံအပေါ် ကောင်းစေချင်သည့်ဆန္ဒအမှန်များရှိပါက အပြုသဘောဆောင်သော အမြင်များဖြင့် ပူးပေါင်းပါဝင် ကူညီဆောင်ရွက်ပေးဖို့ လိုအပ်ပေသည်။

ရခိုင်ပြည်နယ်အရေးကို နိုင်ငံတကာက လူ့အခွင့်အရေးရှုထောင့်မှသာ ကြည့်ကြသည်။ နိုင်ငံတကာက လူသားချင်းစာနာထောက်ထားရေး ဦးတည်ချက်သာ မျှော်လင့်ကြသည်။ နိုင်ငံတကာက မြန်မာနိုင်ငံ စည်းလုံးညီညွတ်ရေး၊ ဖွံ့ဖြိုးတိုးတက်ရေး မျှော်မှန်းချက်များနည်းကြသည်။ နိုင်ငံတကာက မြန်မာနိုင်ငံအရေးကို အလေးထားသည်ဆိုရာ၌ နေရာဒေသတစ်ခုတည်းကိုသာကွက်၍ မရှုမြင်သင့်ဘဲ တစ်နိုင်ငံလုံးလွှမ်းခြုံကာ ရှုမြင်ဖို့လိုသည်မှာ အမှန်ဖြစ်သည်။

သို့ဖြစ်ရာ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်၏ မိန့်ခွန်းသည် မြန်မာနိုင်ငံ၏ ပကတိဖြစ်ရပ်မှန်နှင့် သဘောထားအမှန်တို့ကို ထင်ဟပ်ဖော်ပြထားသောကြောင့် မြန်မာနိုင်ငံအပေါ် အထင်အမြင်လွဲမှားနေသော နိုင်ငံတကာအပေါ်တွင် ထိရောက်သည့် အကျိုးသက်ရောက်မှုရှိကာ ပူးပေါင်းဆောင်ရွက်မှုများ တိုးတက်ဖြစ်ထွန်းလာမည်ဟု ယုံကြည်ပါသည်။ ။

ရေအရင်းအမြစ်ဆိုင်ရာနည်းပညာရပ်များ တိုးတက်ပြန့်ပွားရေး အလုပ်ရုံဆွေးနွေးပွဲ

ရန်ကုန် စက်တင်ဘာ ၁၉

ရေအရင်းအမြစ်ဆိုင်ရာ နည်းပညာရပ်များ တိုးတက်ပြန့်ပွားရေးနှင့် ဝန်ထမ်းများ စွမ်းဆောင်ရည်မြှင့်တင်ရန် ရည်ရွယ်၍ ဟိုက်ဒရိုလော်ဂျီ၊ ဟိုက်ဒရိုင်းလစ်နှင့် ရေအရင်းအမြစ်မြှင့်တင်ရေး စီမံခန့်ခွဲမှု နည်းပညာဖလှယ်ရေး အလုပ်ရုံဆွေးနွေးပွဲကို ယမန်နေ့နံနက်ပိုင်းက ရန်ကုန်မြို့ ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနတွင် ပြုလုပ်သည်။

အဆိုပါ နည်းပညာဖလှယ်ရေး အလုပ်ရုံဆွေးနွေးပွဲကို အမေရိကန်နိုင်ငံ တပ်မတော်အင်ဂျင်နီယာအဖွဲ့ (USACE) နှင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနတို့ ပထမဆုံးအကြိမ် ပူးပေါင်းကျင်းပခြင်းဖြစ်ပြီး သင်တန်းပို့ချမှုကို ပိုမိုအလေးပေးသော အလုပ်ရုံဆွေးနွေးပွဲတစ်ခုဖြစ်ကြောင်း သိရသည်။

ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်ခေါန်ရာက "အမေရိကန် တပ်မတော် အင်ဂျင်နီယာအဖွဲ့က နည်းပညာပိုင်းမှာလည်း ပိုပြီးနားလည်တဲ့သူတွေဆိုတော့ အတွေ့အကြုံတွေ ဝေမျှတဲ့သဘောပါ။ နောက်ပြီး ဘက်စုံရေသယံဇာတ စီမံခန့်ခွဲမှုနဲ့ ပတ်သက်ပြီး ရေအရင်းအမြစ် စီမံခန့်ခွဲမှုလုပ်ငန်းမှာ ဆောင်ရွက်နေကြတဲ့ ဌာနအသီးသီးက ကိုယ်စားလှယ်တွေနဲ့ USACE မှ ကျွမ်းကျင်ပညာရှင်တွေ ဆွေးနွေးကြမှာဖြစ်တဲ့အတွက် ဌာနအတွက် အင်မတန်မှ ကောင်းမွန်တဲ့ အတွေ့အကြုံတွေ အများကြီးရရှိမယ်လို့ ယူဆပါတယ်" ဟု ပြောသည်။

အခမ်းအနားတွင် ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်မြင့်လှိုင်နှင့် မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်သံရုံးမှ Mr.George Sibley တို့က အမှာစကားပြောကြားပြီး ယခုပြုလုပ်သည့် နည်းပညာဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်သံရုံး၊ USACE အဖွဲ့၊ ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနနှင့် Lower Mekong Initiative တို့မှ ပံ့ပိုးကူညီခဲ့ကြောင်း သိရသည်။

ဆွေးနွေးပွဲတွင် ဘာသာရပ်များအဖြစ် ဖြစ်နိုင်ခြေအများဆုံး မိုးရွာသွန်းမှု ခန့်မှန်းတွက်ချက်မှုများနှင့် တန်ဖိုးများမှတစ်ဆင့် အများဆုံးရေကြီးမှု ခန့်မှန်းတွက်ချက်မှု နည်းလမ်းများနှင့် ဆည်တမံများအတွင်း ပြင်းထန်ဆိုးရွားသော ရေကြီးမှုများ ဖြစ်ပေါ်ပါက ဆည်တမံများနှင့် ဆက်စပ်ရေအား အဆောက်အအုံများ၏ လုံခြုံစိတ်ချရမှု ဆန်းစစ်ခြင်းနှင့် ပိုမိုကောင်းမွန်သော ဒီဇိုင်းပုံစံရေးဆွဲခြင်း နည်းလမ်းများကို အဓိကဆွေးနွေးမည်ဖြစ်သည်။ အဆိုပါ ဆွေးနွေးပွဲမှတစ်ဆင့် ပြောင်းလဲလာသော ရာသီဥတုများကြောင့် ဆည်တမံများ၏ လုံခြုံစိတ်ချရမှုများ ပြန်လည်စစ်ဆေးခြင်းနှင့် အသစ်တည်ဆောက်မည့် ဆည်မြောင်းစီမံကိန်းများအတွက် ထည့်သွင်းရမည့် ဖြစ်ပေါ်လာနိုင်သည့် အများဆုံး ရေကြီးမှုများကို မှန်ကန်စွာ ခန့်မှန်းတွက်ချက်နိုင်ပြီး ဆည်တမံများ၏ တည်ဆောက်မှုအတွက် လိုအပ်သော ဇလဗေဒဒီဇိုင်းနှင့် တည်ဆောက်ရေး ဒီဇိုင်းပြုလုပ်ခြင်းတို့အတွက် များစွာ အကျိုးရှိမည်ဖြစ်ကြောင်း သိရသည်။

အစီအစဉ်မန်နေဂျာ မစ္စတာ အယ်လ်ဘာတိုက "မြန်မာနိုင်ငံရဲ့ ရေအရင်းအမြစ်အသုံးချမှုကို ပိုပြီးတော့ ကောင်းလာအောင် အမေရိကန်ရဲ့ အတွေ့အကြုံကျွမ်းကျင်မှုတွေ၊ အမေရိကန်မှာ ကျွန်တော်တို့ တွေ့ကြုံခဲ့ရတဲ့ အမှားတွေရှိတယ်။ အဲဒီအမှားတွေကို သိမြင်အောင် ပြန်လည်မျှဝေပေးမယ်။ ဒီမှာရှိတဲ့ စနစ်တွေကို ပိုမိုကောင်းမွန်တဲ့စနစ် ဖြစ်လာအောင်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ ဆောင်ရွက်တာပါ"ဟု ပြောသည်။

အလုပ်ရုံဆွေးနွေးပွဲကို စက်တင်ဘာ ၁၈ ရက်မှ ၂၁ ရက်အထိ ပြုလုပ်သွားမည်ဖြစ်ပြီး ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေး ဦးစီးဌာနအောက်ရှိ ဒီဇိုင်းနှင့် ပုံထုတ်ဌာနခွဲ၊ ဇလဗေဒဌာနခွဲ၊ ဆည်မြောင်းပညာရပ်ဖွံ့ဖြိုးမှုလေ့ကျင့်ရေးဌာနခွဲ၊ စူးစမ်းလေ့လာရေးဌာနခွဲနှင့် တည်ဆောက်ရေးရုံးများမှ သင်တန်းသား သင်တန်းသူ ၅၀ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

(သီသီမင်း)

ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

ရန်ကုန် စက်တင်ဘာ ၁၉

ရန်ကုန်(ရွှေဈေး)	၉၄၇၅၀၀	-	၉၄၈၀၀၀
မန္တလေး(ရွှေဈေး)	၉၄၆၅၀၀	-	၉၄၇၅၀၀

စက်သုံးဆီဈေးနှုန်း		**ရန်ကုန်**	**မန္တလေး**
(က) ဒီဇယ်	တစ်လီတာ	၆၉၀/၇၂၀ ကျပ်၊	၇၃၀ ကျပ်
(ခ) အောက်တိန်း ၉၅	တစ်လီတာ	၇၄၅/၇၇၀ ကျပ်၊	၈၆၀ ကျပ်
(ဂ) အောက်တိန်း ၉၂	တစ်လီတာ	၇၀၀/၇၃၀ ကျပ်၊	၇၆၀ ကျပ်
(ဃ) အဆင့်မြင့်ဒီဇယ်	တစ်လီတာ	၇၁၀/၇၄၀ ကျပ်၊	၇၅၀ ကျပ်

ရန်ကုန် လက်ကားဈေး

ဒီဇယ် တစ်လီတာ ၆၇၅ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၆၈၅/၆၉၀ ကျပ်၊ အောက်တိန်း ၉၂ တစ်လီတာ ၆၇၅/၆၈၀ ကျပ်

၁၂-၉-၂၀၁၇ ရက်နေ့မှ ၁၈-၉-၂၀၁၇ ရက်နေ့အတွင်း ပြည်ပမှ မှာယူတင်သွင်းသည့် စက်သုံးဆီများ၏ ဆိပ်ကမ်းအရောက်ပျမ်းမျှအရင်းဈေးမှာ အောက်တိန်း ၉၂ တစ်လီတာ ၆၇၀ ကျပ်၊ အောက်တိန်း ၉၅ တစ်လီတာ ၇၀၅ ကျပ်၊ ဒီဇယ် တစ်လီတာ ၆၇၅ ကျပ်နှင့် အဆင့်မြင့်ဒီဇယ် တစ်လီတာ ၆၈၆ ကျပ် ဖြစ်ပါသည်။

(လက်လီဆိုင်များ ရောင်းဈေးအနေဖြင့် သိုလှောင်စရိတ်၊ သယ်ပို့စရိတ်ခရီးအကွာအဝေးပေါ်မူတည်၍ ဈေးနှုန်းကွာခြားနိုင်ပါသည်။)

နိုင်ငံခြားငွေလဲလှယ်နှုန်း

(က)	အမေရိကန်	တစ်ဒေါ်လာ	=	၁၃၅၅. ၀
(ခ)	ဥရောပ	တစ်ယူရို	=	၁၆၂၀. ၀
(ဂ)	တရုတ်	တစ်ယွမ်	=	၂၀၆. ၁၁
(ဃ)	ထိုင်း	တစ်ဘတ်	=	၄၀. ၉၄၉
(င)	မလေးရှား	တစ်ရင်းဂစ်	=	၃၂၃. ၃၁
(စ)	အိန္ဒိယ	တစ်ရူပီး	=	၂၁. ၁၂၀
(ဆ)	ဂျပန်	တစ်ရာယန်း	=	၁၂၁၅. ၇
(ဇ)	တောင်ကိုရီးယား	တစ်ရာဝမ်	=	၁၂၀. ၀၁
(ဈ)	ဩစတြေးလျ	တစ်ဒေါ်လာ	=	၁၀၈၀. ၆
(ည)	စင်ကာပူ	တစ်ဒေါ်လာ	=	၁၀၀၆. ၃

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း

ကြေးမုံ
နေ့စဉ်သတင်းစာ

စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ဒင်
စာတည်းမှူးများ - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေးသန်း၊ ဦးကျော်ဇေယျာမြင့်၊ ဒေါ်ခင်ခင်သက်၊ ဒေါ်မေလှိုင်သင်း၊ ဒေါ်စန္ဒာဝင်း
သတင်းထောက်မှူး - ဦးငွေအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဦးအေဝမ်းစိုး၊ဦးအောင်ကျော်ကျော်
အကြီးတန်းသတင်းထောက်များ - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း
အငယ်တန်းသတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဒေါ်ခင်ဇာလီ၊ ဒေါ်ခင်စုစုလှိုင်
ဓာတ်ပုံသတင်းထောက် - ဦးခင်မောင်ဝင်း
သတင်းထောက် - ဒေါ်ဆုနှင်းလှဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။
ကြေးမုံ The Mirror Established in 1957
၁၉၅၇ ခုနှစ် ၁၆ တွင် စတင်တည်ထောင်သည်။
Gmail themirror.npt@gmail.com
www.facebook.com/themirrordaily
နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁၊
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂၊
မန်နေဂျာ ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၀၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၇၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

နိုင်ငံတော်သမ္မတ ဦးထင်ကျော် ထိုင်းနိုင်ငံ ဗန်ကောက်မြို့မှ ပြန်လည်ရောက်ရှိ

နေပြည်တော် စက်တင်ဘာ ၁၉

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတဦးထင်ကျော်သည် စက်တင်ဘာ ၈ ရက်တွင် လိုအပ်သည့် ကျန်းမာရေးဆေးစစ်မှုများ ခံယူရန်အတွက် ထိုင်းနိုင်ငံ ဗန်ကောက်မြို့သို့ သွားရောက်ခဲ့သည်။

ယင်းသို့ ဆေးစစ်ခံယူမှုများ ပြုလုပ်ခဲ့ရာ၌ အူလမ်းကြောင်းတွင် Colonic Polyp တွေ့ရှိ၍ စက်တင်ဘာ ၁၀ ရက်က လိုအပ်သည့် ခွဲစိတ်ကုသမှုများ ဆောင်ရွက်ခဲ့ရာ ခွဲစိတ်ကုသမှု အောင်မြင်ခဲ့ပြီး ဆေးကုသမှုခံယူပြီးနောက် ယနေ့ညနေပိုင်းတွင် နေပြည်တော်သို့ ပြန်လည်ရောက်ရှိသည်။

(သတင်းစဉ်)

မြန်မာ-အမေရိကန် နှစ်နိုင်ငံဆက်ဆံရေး၊ ဒီမိုကရေစီ အသွင်ကူးပြောင်းရေး ကိစ္စရပ်များ ဆွေးနွေး

နေပြည်တော် စက်တင်ဘာ ၁၉

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်သည် အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာန အရှေ့တောင်အာရှဆိုင်ရာ ဒုတိယလက်ထောက် နိုင်ငံခြားရေးဝန်ကြီး Mr. Patrick Murphy အား ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**

တွေ့ဆုံစဉ် မြန်မာ-အမေရိကန် နှစ်နိုင်ငံဆက်ဆံရေး၊ ဒီမိုကရေစီအသွင်ကူးပြောင်းရေး၊ ငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

(သတင်းစဉ်)

ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ နယူးယောက်မြို့ရှိ ကုလသမဂ္ဂဆိုင်ရာ မြန်မာအမြဲတမ်းကိုယ်စားလှယ်အဖွဲ့ရုံးမှ ဝန်ထမ်းများနှင့် တွေ့ဆုံ

နယူးယောက် စက်တင်ဘာ ၁၉

အမေရိကန်နိုင်ငံ နယူးယောက်မြို့၌ ရောက်ရှိနေသော ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူသည် စက်တင်ဘာ ၁၈ ရက် ဒေသစံတော်ချိန် ညနေ ၆နာရီတွင် နယူးယောက်မြို့ရှိ ကုလသမဂ္ဂဆိုင်ရာ မြန်မာအမြဲတမ်းကိုယ်စားလှယ်အဖွဲ့ရုံး၊ မြန်မာအမြဲတမ်းကိုယ်စားလှယ်၏ နေအိမ်၌ ကိုယ်စားလှယ်အဖွဲ့ရုံးဝန်ထမ်းများ၊ ဝန်ထမ်းမိသားစုများနှင့် ရင်းနှီးစွာ တွေ့ဆုံနှုတ်ဆက်ပြီး အမှာစကားပြောကြားကာ မြန်မာအမြဲတမ်းကိုယ်စားလှယ် ဦးဟောက်ဒိုဆွမ်းနှင့် ကိုယ်စားလှယ်အဖွဲ့ရုံး ဝန်ထမ်းများအား အမှတ်တရ လက်ဆောင်ပစ္စည်းများ ပေးအပ်သည်။

ယင်းနောက် ဒုတိယသမ္မတနှင့်အဖွဲ့အား ကုလသမဂ္ဂဆိုင်ရာ မြန်မာအမြဲတမ်း ကိုယ်စားလှယ်အဖွဲ့ရုံး မြန်မာအမြဲတမ်းကိုယ်စားလှယ် ဦးဟောက်ဒိုဆွမ်းက ၎င်း၏နေအိမ်၌ ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံခဲ့သည်။

(သတင်းစဉ်)

အဝေးသင်တက္ကသိုလ် အနီးကပ်ပို့ချသင်တန်းနှင့် စာမေးပွဲကျင်းပမည့်ရက် အသေးစိတ် အစီအစဉ်ကို သက်ဆိုင်ရာ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်များတွင် ကြေညာထားမည်

နေပြည်တော် စက်တင်ဘာ ၁၉

၂၀၁၇ ပညာသင်နှစ် ပထမအသုတ် ပထမနှစ်၊ ဒုတိယနှစ်၊ တတိယနှစ်နှင့် စတုတ္ထနှစ် သိပ္ပံအထူးပြု ကျောင်းသား ကျောင်းသူများ၏ အတန်းတင်စာမေးပွဲများကို အောက်တိုဘာ ၂ ရက်မှ ၁၂ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း ပညာရေးဝန်ကြီးဌာနမှ သိရသည်။

ထို့ပြင် ဒုတိယအသုတ် အင်္ဂလိပ်စာ၊ ပထဝီဝင်၊ ဒဿနိကဗေဒ၊ စိတ်ပညာ၊ ဥပဒေပညာ၊ အရှေ့တိုင်းပညာ အထူးပြု ပထမနှစ်၊ ဒုတိယနှစ်၊ တတိယနှစ်၊ စတုတ္ထနှစ်နှင့် ပဉ္စမနှစ် ဥပဒေပညာ ကျောင်းသား ကျောင်းသူများ၏ အနီးကပ်ပို့ချသင်တန်းများကို အောက်တိုဘာ ၁၅ ရက်မှ ၂၄ ရက်အထိလည်းကောင်း၊ အတန်းတင်စာမေးပွဲများကို အောက်တိုဘာ ၂၇ ရက်မှ နိုဝင်ဘာ ၇ ရက်အထိလည်းကောင်း ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

အလားတူ တတိယအသုတ် မြန်မာစာ၊ သမိုင်း၊ စီးပွားရေး၊ စီးပွားစီမံအထူးပြု ပထမနှစ်နှင့် ဒုတိယနှစ် ကျောင်းသားကျောင်းသူများ၊ မြန်မာစာ၊ မြန်မာမှုပညာ၊ ရသစာပေအရေးအသား၊ သမိုင်း၊ စီးပွားရေး၊ ပြည်သူ့ရေးရာ၊ အိမ်တွင်းစီးပွား၊ စီးပွားစီမံအထူးပြု တတိယနှစ်နှင့် စတုတ္ထနှစ်ကျောင်းသားကျောင်းသူများ၏ အနီးကပ်ပို့ချသင်တန်းများကို နိုဝင်ဘာ ၉ ရက်မှ ၁၉ ရက်အထိလည်းကောင်း၊ အတန်းတင်စာမေးပွဲများကို နိုဝင်ဘာ ၂၂ ရက်မှ ၃၀ ရက်အထိလည်းကောင်း ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

စာမေးပွဲများကို ရန်ကုန်တက္ကသိုလ်၊ မန္တလေးတက္ကသိုလ်နှင့် သက်ဆိုင်ရာ ဌာနခွဲများတည်ရှိသည့် တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်များတွင် ဖြေဆိုကြရမည်ဖြစ်ကြောင်း၊ အသေးစိတ်အစီအစဉ်ကြေညာချက်ကို အဆိုပါ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်များတွင် ကြေညာထားမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

နိုင်ငံတော်အစိုးရ၏ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဆိုင်ရာကြိုးပမ်းမှုများနှင့်ပတ်သက်၍ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် မိန့်ခွန်းပြောကြား



နေပြည်တော် စက်တင်ဘာ ၁၉

နိုင်ငံတော်အစိုးရ၏ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့်ငြိမ်းချမ်းရေးဆိုင်ရာကြိုးပမ်းမှုများနှင့်ပတ်သက်၍ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် မိန့်ခွန်းပြောကြားသည့် အခမ်းအနား (Speech by the State Counsellor on Government's efforts with regard to National Reconciliation and Peace) ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန(၂)၌ ကျင်းပသည်။

(နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ပြောကြားသည့် မိန့်ခွန်းကို သီးခြားဖော်ပြထားပါသည်။)

အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများ၊ အမေရိကန်ပြည်ထောင်စု နိုင်ငံခြားရေးဝန်ကြီးဌာန အရှေ့တောင်အာရှဆိုင်ရာ ဒုတိယလက်ထောက် နိုင်ငံခြားရေးဝန်ကြီး Mr. Patrick Murphy၊ မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ သံတမန်များ၊ ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များ၊ ကမ္ဘာ့ဘဏ်၊ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီတို့မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ဝန်ကြီးဌာနများမှ အရာထမ်း၊ အမှုထမ်းများနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ခဲ့ကြသည်။

အဆိုပါ မိန့်ခွန်းပြောကြားမှုကို MRTV,MITV, မြန်မာ့အသံနှင့် FM ရေဒီယိုအစီအစဉ်တို့မှ တိုက်ရိုက် ထုတ်လွှင့်ပြသခဲ့သည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံစာရေးဆရာအသင်းက ထောက်ခံ

ရန်ကုန် စက်တင်ဘာ ၁၉

ပြည်တွင်းငြိမ်းချမ်းရေး အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် စိတ်ရင်းစေတနာအမှန်ဖြင့် ၁၉-၉-၂၀၁၇ ရက်နေ့တွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ပြောကြားခဲ့သော မိန့်ခွန်းကို မြန်မာနိုင်ငံစာရေးဆရာအသင်းက ခြွင်းချက်မရှိ လှိုက်လှဲစွာထောက်ခံကြောင်း သတင်းထုတ်ပြန်သည်။

မြန်မာနိုင်ငံစာရေးဆရာအသင်း

အာဆီယံမသန်စွမ်းပြိုင်ပွဲ ဒုတိယနေ့အပြီးတွင် မြန်မာအားကစားအဖွဲ့ ရွှေခြောက်ခု ဆွတ်ခူးရရှိ

နေပြည်တော် စက်တင်ဘာ ၁၉

၂၀၁၇ အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲကို မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့၌ ကျင်းပလျက်ရှိရာ စက်တင်ဘာ ၁၉ ရက် (ပြိုင်ပွဲဒုတိယနေ့)အပြီးတွင် မြန်မာအားကစားအဖွဲ့က ရွှေခြောက်ခု၊ ငွေခုနစ်ခု၊ ကြေးခြောက်ခု ဆွတ်ခူးရရှိထားသည်။

မြန်မာမသန်စွမ်းအားကစားအဖွဲ့သည် ပြိုင်ပွဲ နှစ်ရက်ယှဉ်ပြိုင်အပြီးတွင် ရေကူးနှင့် ပြေးခုန်ပစ်အားကစားနည်းတို့မှ ဆုတံဆိပ်အားလုံးရယူထားနိုင်ပြီး ရေကူးအဖွဲ့က ရွှေငါးခု၊ ငွေငါးခု၊ ကြေးလေးခု၊ ပြေးခုန်ပစ်အဖွဲ့က ရွှေတစ်ခု၊ ငွေနှစ်ခု၊ ကြေးနှစ်ခု ဆွတ်ခူးရရှိခဲ့သည်။ မြန်မာမသန်စွမ်း ရေကူးအဖွဲ့အတွက် ရွှေတံဆိပ်များကို အောင်မြင့်မြတ်က မီတာ(၁၀၀)အလွတ်ကူး S6 ပြိုင်ပွဲမှ တစ်ခု၊ မီတာ(၂၀၀) အလွတ်ကူး S6 ပြိုင်ပွဲမှ တစ်ခု၊ နိုင်စစ်အောင်က မီတာ(၅၀)ရင်ပေါင်တန်းကူး SB5 ပြိုင်ပွဲမှတစ်ခု၊ မီတာ(၅၀) လိပ်ပြာကူး S6 ပြိုင်ပွဲမှ တစ်ခု၊ အောင်ဖုန်းက မီတာ (၁၀၀) ရင်ပေါင်တန်းကူး SB9 ပြိုင်ပွဲမှတစ်ခုတို့ ရယူနိုင်ခဲ့သည်။ ငွေတံဆိပ်ဆုများကို အောင်ငြိမ်းဦးက မီတာ(၁၀၀)ရင်ပေါင်တန်းကူး SB7 ပြိုင်ပွဲမှ တစ်ခု၊ မီတာ(၅၀) ရင်ပေါင်တန်းကူး SB7 ပြိုင်ပွဲမှ တစ်ခု၊ စိုးဝင်းက မီတာ (၁၀၀) ရင်ပေါင်တန်းကူး SB9 ပြိုင်ပွဲမှ တစ်ခု၊ မောင်မောင်စိုးက မီတာ(၅၀) လိပ်ပြာကူး S5 ပြိုင်ပွဲမှ တစ်ခု၊ ကျော်ထူးက မီတာ(၅၀) လိပ်ပြာကူး S6 ပြိုင်ပွဲမှတစ်ခု၊ ကြေးတံဆိပ်ဆုများကို ရဲထွန်းက မီတာ(၁၀၀) ရင်ပေါင်တန်းကူး SB4 ပြိုင်ပွဲမှ တစ်ခု၊ မီတာ (၅၀) ရင်ပေါင်တန်းကူး SB4 ပြိုင်ပွဲမှ တစ်ခု၊ အောင်ငြိမ်းဦးက မီတာ (၂၀၀) အလွတ်ကူး S6 ပြိုင်ပွဲမှတစ်ခု၊ နန္ဒစိုးမင်းက မီတာ (၅၀)ရင်ပေါင်တန်းကူး SB7 ပြိုင်ပွဲမှတစ်ခုတို့ ရယူနိုင်ခဲ့သည်။ မြန်မာပြေးခုန်ပစ်အဖွဲ့အတွက် ရွှေဆုကို အမျိုးသားလုံးတံပစ် F42 ပြိုင်ပွဲမှ တင်ညို၊ ငွေတံဆိပ်ဆုများကို မီတာ (၄၀၀) T44 ပြိုင်ပွဲမှ ကျော်ကျော်ဝင်း၊ သံလုံးပစ်ပြိုင်ပွဲမှ အောင်ဖုန်းမြတ်၊ ကြေးတံဆိပ်ဆုများကို အမျိုးသမီး မီတာ(၂၀၀) T46/47 ပြိုင်ပွဲမှ နန္ဒာလင်း၊ အမျိုးသားသံလုံးပစ် F42 ပြိုင်ပွဲမှ တင်ညိုတို့က ရယူနိုင်ခဲ့သည်။ မြန်မာမသန်စွမ်းအားကစားအဖွဲ့သည် ယင်းပြိုင်ပွဲတွင် အားကစားနည်း ၁၂ မျိုး၌ ကစားသမား ၁၀၀ ကျော်ဖြင့် ဝင်ရောက်ယှဉ်ပြိုင်လျက်ရှိသည်။ ပြိုင်ပွဲကို စက်တင်ဘာ ၂၃ ရက်အထိ ကျင်းပမည်ဖြစ်ပြီး အားကစားနည်း ၁၆ မျိုးမှ ရွှေတံဆိပ် ၃၆၈ ခု ချီးမြှင့်မည်ဖြစ်သည်။ **(ရဲရင့်ရှိုင်း)**



ယူရို ၁ ဒသမ ၈ သန်းအသုံးပြု၍ ဆင်စခန်းတည်ထောင်ခြင်းနှင့် ဆင်ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်မည်

နေပြည်တော် စက်တင်ဘာ ၁၉

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းသည် ဩစတြီးယားနိုင်ငံအခြေစိုက် VIER PFOTEN/FOUR PAWS International ၏ ဥက္ကဋ္ဌ Mr. Helmut Dungler နှင့်အဖွဲ့အား စက်တင်ဘာ ၁၄ ရက် မွန်းလွဲ ၂ နာရီက ပြည်ထောင်စုဝန်ကြီးဧည့်ခန်းမ၌ တွေ့ဆုံသည်။

တွေ့ဆုံစဉ် FOUR PAWS International (FPI) မှ ဆောင်ရွက်မည့် ရဲနွယ်သစ်တောကြိုးဝိုင်းအတွင်း ဆင်စခန်းတည်ထောင်ခြင်းနှင့် ဆင်ထိန်းသိမ်းရေးလုပ်ငန်းများ၊ တောရိုင်းတိရစ္ဆာန်နှင့် သစ်တောထိန်းသိမ်းရေးလုပ်ငန်းများ၊ ဆက်လက်ဆောင်ရွက်မည့် မြေငှားရမ်းခြင်း၊ ဌာနပိုင်ဆင်များ ငှားရမ်းခြင်းလုပ်ငန်းများနှင့်ပတ်သက်၍ အသေးစိတ်ညှိနှိုင်းဆွေးနွေးကြပြီး မြန်မာ့သစ်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးစောဂျွန်ရွှေဘနှင့် FPI ၏ ဥက္ကဋ္ဌ Mr. Helmut Dungler တို့သည် နားလည်မှုစာချွန်လွှာ (MoU) တွင် လက်မှတ်ရေးထိုး၍ စာချွန်လွှာကို အပြန်အလှန် လဲလှယ်ကြသည်။ **(အပေါ်ပုံ)**

မြန်မာ့သစ်လုပ်ငန်းနှင့် FPI တို့ ရေးထိုးသည့် နားလည်မှုစာချွန်လွှာ၏ သက်တမ်းကာလသည် ၁၀ နှစ်ဖြစ်ပြီး ယူရို ၁ ဒသမ ၈ သန်း အသုံးပြု၍ ဆင်စခန်းတည်ထောင်ခြင်းနှင့် ဆင်ထိန်းသိမ်းရေးလုပ်ငန်းများကို အဓိကဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

လေဖိအားနည်းရပ်ဝန်းတစ်ခုဖြစ်ပေါ်

နေပြည်တော် စက်တင်ဘာ ၁၉

ယနေ့ ညနေ ၅ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အနောက်မြောက်ပိုင်းနှင့် ယင်းနှင့် ဆက်စပ်လျက်ရှိသော အိန္ဒိယနိုင်ငံ ဩရိဿကမ်းခြေတို့တွင် လေဖိအားနည်းရပ်ဝန်းတစ်ခု ဖြစ်ပေါ်နေသည်ဟု မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက ထုတ်ပြန်ထားသည်။ **(ကြေးမုံ)**

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း ICRC ဌာနေကိုယ်စားလှယ်အား လက်ခံတွေ့ဆုံ

နေပြည်တော် စက်တင်ဘာ ၁၉
အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းသည် International Committee of the Red Cross (ICRC) ၏ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ် Mr. Farbrizzio Carboni နှင့်အဖွဲ့အား ယနေ့ ညနေ ၃ နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော် ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။ **(အောက်ပုံ)**

တွေ့ဆုံစဉ် မြန်မာနိုင်ငံအတွင်း ICRC ၏ ဆောင်ရွက်မှုလုပ်ငန်းများ၊ လွှတ်တော်နှင့် ICRC ပူးပေါင်းဆောင်ရွက်ရန် ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်နှင့် အမျိုးသားလွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့် ICRC ဌာနေကိုယ်စားလှယ်အား လက်ခံတွေ့ဆုံ

နေပြည်တော် စက်တင်ဘာ ၁၉
ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်သည် International Committee of the Red Cross (ICRC)၏ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ် Mr. Fabrizzio Carboni အား ယနေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော် ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။ **(အပေါ်ပုံ)**

တွေ့ဆုံစဉ် ICRC အနေဖြင့် မြန်မာနိုင်ငံအတွင်း ဆောင်ရွက်လျက်ရှိသော လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပေးရေးလုပ်ငန်းစဉ်များ၊ ပညာပေးအစီအစဉ်များ၊ အလုပ်ရုံဆွေးနွေးပွဲများ၊ ပြည်ပသင်တန်းများနှင့်ပတ်သက်၍ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးအား UNRC မှ Ms. Renata Dessallien ဦးဆောင်သောအဖွဲ့နှင့် အမေရိကန်ပြည်ထောင်စု ဒုတိယလက်ထောက် နိုင်ငံခြားရေးဝန်ကြီးနှင့်အဖွဲ့တို့က သီးခြားစီ လာရောက်တွေ့ဆုံ

နေပြည်တော် စက်တင်ဘာ ၁၉
လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးအား United Nations Resident Coordinator (UNRC) မှ Ms. Renata Dessallien ဦးဆောင်သောအဖွဲ့ **(ယာပုံ)**နှင့် အမေရိကန်ပြည်ထောင်စု ဒုတိယလက်ထောက် နိုင်ငံခြားရေးဝန်ကြီး Mr. Patrick Murphy နှင့်အဖွဲ့တို့က အဆိုပါဝန်ကြီးရုံး မေခလာခန်းမတွင် ယနေ့ မွန်းလွဲပိုင်းက သီးခြားစီလာရောက်တွေ့ဆုံသည်။

ယင်းသို့ တွေ့ဆုံရာတွင် Ms. Renata Dessallien က နိုင်ငံတော်အစိုးရ၏ ရခိုင်ပြည်နယ်အတွက် ဆောင်ရွက်မှုများအား အသိအမှတ်ပြု ဝမ်းမြောက်ပါကြောင်း၊ လတ်တလော စားဝတ်နေရေးထောက်ပံ့မှုများအပြင် ရေရှည်အတွက် ကျယ်ကျယ်ပြန့်ပြန့် ပြန်လည်ထူထောင်ရေးများ ဆောင်ရွက်နိုင်ရေးအတွက် ပူးပေါင်းကူညီဆောင်ရွက်လိုပါကြောင်း၊ ကုလသမဂ္ဂအဖွဲ့အစည်းနှင့် နိုင်ငံတကာအစိုးရမဟုတ်သော အဖွဲ့အစည်းများအနေဖြင့် အဖွဲ့အစည်းအလိုက် သတ်မှတ်တာဝန်များရှိသဖြင့် ယင်းသို့ သတ်မှတ်တာဝန်အရ ဆောင်ရွက်ရသည့်လုပ်ငန်းများအား ဒေသခံပြည်သူများ နားလည်နိုင်ရေးအတွက် နိုင်ငံတော်အစိုးရမှ ကူညီဆောင်ရွက်ပေးစေလိုပါကြောင်း၊ အကူအညီများပေးရာတွင် ဘေးဒုက္ခအမျိုးအစားအလိုက် လိုအပ်ချက်ကွဲပြားနိုင်သဖြင့် ယင်းအချက်ကိုလည်း ထည့်သွင်းစဉ်းစားသင့်ပါကြောင်း ဆွေးနွေးသည်။

ဗြိတိန်နိုင်ငံ သံအမတ်ကြီးက ဆွေးနွေးရာတွင် လူသားချင်းစာနာထောက်ထားမှုအကူအညီများ လုံလုံလောက်လောက်ပေးအပ်နိုင်ရေးအတွက် နည်းလမ်းရှာဖွေရန် တွေ့ဆုံဆွေးနွေးရခြင်းဖြစ်ပါကြောင်း၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်မှုသည် လုပ်ငန်းပမာဏကြီးမားသဖြင့် မြန်မာနိုင်ငံအနေဖြင့် ရရှိနိုင်သမျှအရင်းအမြစ်အားလုံးကို အသုံးပြုနိုင်ရန် နည်းလမ်းများဝိုင်းဝန်းရှာဖွေပေးလိုကြောင်း၊ ယခုဆောင်ရွက်နေသည့် လူသားချင်းစာနာထောက်ထားမှုလုပ်ငန်းများနှင့် တစ်ဆက်တစ်စပ်တည်း ရေရှည်အတွက် ဆောင်ရွက်ရမည့် အစီအစဉ်များစွာရှိနိုင်ကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် နိုင်ငံတကာက ပေးအပ်လာမည့် အကူအညီများအား လိုအပ်သလို ပေါင်းစပ်ညှိနှိုင်းပေးစေလိုကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် ဆောင်ရွက်နေရသည့် အခက်အခဲများကို နားလည်သိမြင်ပါကြောင်းနှင့် တွေ့ဆုံဆွေးနွေးမှုများကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ကြောင်း ဆွေးနွေးသည်။

ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်အစိုးရအနေဖြင့် ရခိုင်ပြည်နယ်အရေးကိစ္စများနှင့်စပ်လျဉ်း၍ ထိရောက်အောင်မြင်စေရေး အလေးထားဆောင်ရွက်လျက်ရှိပါကြောင်း၊ ရင်ဆိုင်ဖြေရှင်းနေရသော အခြေအနေများသည် ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များ ဆောင်ရွက်ခဲ့သည့်ကာလနှင့် ခြားနားမှုရှိကြောင်း၊ လိုက်လျောညီထွေစွာ အကောင်အထည်ဖော်နိုင်ရေး ဆောင်ရွက်လျက်ရှိပါကြောင်း၊ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ကူညီမှုများ ဆောင်ရွက်ရာတွင် နိုင်ငံတကာအသိုက်အဝန်းအနေဖြင့် နိုင်ငံတော်အစိုးရနှင့် နီးကပ်စွာ ဆောင်ရွက်နိုင်မည်ဟု မျှော်လင့်ပါကြောင်း၊ ဖွံ့ဖြိုးမှုအထောက်အကူပြု မိတ်ဖက်အဖွဲ့အစည်းများနှင့် လက်တွေ့အကောင်အထည်ဖော်နိုင်မည့်နည်းလမ်းများ ဆွေးနွေးနိုင်ရန် ယုံကြည်ပါကြောင်း၊ မိမိအနေဖြင့် ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်လျက်ရှိသည့် ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ရေး ကော်မတီတာဝန်နှင့် အကြံပြုချက်များစွာအား အကောင်အထည်ဖော်ဆောင်ရွက်ရမည်ဖြစ်သောကြောင့် ဦးစားပေးဆောင်ရွက်ရမည့် ကဏ္ဍများရွေးချယ်ကာ လက်တွေ့အကောင်အထည်ဖော်နိုင်မည့် မဟာဗျူဟာများ ချမှတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ လက်ရှိရခိုင်ပြည်နယ်အတွက် ထောက်ပံ့ဆောင်ရွက်မှုများတွင် Red Cross Movement ဖြင့် နိုင်ငံတော်အစိုးရက ဦးဆောင်ညှိနှိုင်းဆောင်ရွက်လျက်ရှိပါကြောင်းနှင့် အထိရောက်ဆုံးအောင်မြင်နိုင်ရေးအတွက် ပါဝင်ပတ်သက်သူအားလုံးကြိုးစားဆောင်ရွက်လျက်ရှိပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ဒိန်းမတ်နိုင်ငံဆိုင်ရာ သံအမတ်ကြီးနှင့် Red Cross Movement နှင့်ပတ်သက်၍ အဆင်ပြေချောမွေ့စွာဆောင်ရွက်နိုင်ရေး ကိစ္စရပ်များကို ညှိနှိုင်းဆွေးနွေးခဲ့ကြသည်။

အမေရိကန်ပြည်ထောင်စု ဒုတိယလက်ထောက် နိုင်ငံခြားရေးဝန်ကြီး Mr. Patrick Murphyနှင့်အဖွဲ့အား တွေ့ဆုံရာတွင် Mr. Patrick Murphy က အမေရိကန်နိုင်ငံသည် မြန်မာနိုင်ငံ၏ ရင်းနှီးသော မိတ်ဖက်နိုင်ငံဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ကျယ်ပြန့်သည့် စိန်ခေါ်မှုများ ရင်ဆိုင်ဖြေရှင်းနေရသည်ကို နားလည်သိရှိပါကြောင်း၊ ရခိုင်ပြည်နယ်အရေးကိစ္စနှင့်စပ်လျဉ်း၍ ဆွေးနွေးရာတွင် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ကူညီမှုများပေးနိုင်ရေးအတွက် နေရပ်စွန့်ခွာရသူအားလုံး အကူအညီရရှိရေး ဆောင်ရွက်မည့်အစီအစဉ်တွင် နိုင်ငံတကာအဖွဲ့အစည်းများက ပံ့ပိုးကူညီလိုသူအားလုံး ပူးပေါင်းဆောင်ရွက်နိုင်ရေးအတွက် ဆောင်ရွက်ရမည့်အခြေအနေများအား သိရှိလိုပါကြောင်း၊ အရေးပေါ် ထောက်ပံ့ကူညီမှုများအား ကြက်ခြေနီလှုပ်ရှားမှု (Red Cross Movement)ဖြင့် ဆောင်ရွက်မှုသည် အလွန်ကောင်းမွန်ပါကြောင်း၊ သို့ရာတွင် ရေရှည်အတွက် ပိုမိုကျယ်ပြန့်ကြီးမားသည့် နိုင်ငံတကာအဖွဲ့အစည်းများ၏ အကူအညီလိုအပ်နိုင်သည်ဟု တွေ့ရှိသုံးသပ်မိပါကြောင်း၊ နိုင်ငံတကာအဖွဲ့အစည်းများ ကူညီနိုင်ရေးအတွက် ရေရှည်လိုအပ်ချက်များအား စနစ်တကျ ဆန်းစစ်သွားရန် လိုအပ်နိုင်ပါကြောင်း၊ ကူညီထောက်ပံ့မှုများ ဆောင်ရွက်ရာတွင် မလိုလားအပ်သည့် ငတ်မွတ်ခေါင်းပါးမှုများမဖြစ်ပေါ်စေရေးအတွက် လျင်မြန်မှုကို ဦးစားပေးရန် လိုအပ်ပါကြောင်း၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ တိမ်းရှောင်သူများနှင့် ပြည်တွင်းနေရပ်စွန့်ခွာနေသူများအနေဖြင့် လိုအပ်ချက်များစွာ ရှိနိုင်ပါကြောင်း၊ လက်ရှိဆောင်ရွက်နေသည့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အထောက်အပံ့များအပြင် အခြားမည်သည့်လုပ်ငန်းများအား ဦးစားပေးဆောင်ရွက်မည်ကို သိရှိလိုပါကြောင်းနှင့် ပြန်လည်ဝင်ရောက်သူများအား ၎င်းတို့မူလနေရပ်တွင် ပြန်လည်နေထိုင်ခွင့်ရရှိရေး ပံ့ပိုးပေးစေလိုပါကြောင်း ဆွေးနွေးသည်။

ပြည်ထောင်စုဝန်ကြီးက ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်ရေး အကောင်အထည်ဖော်ရေးဗဟိုကော်မတီနှင့် လုပ်ငန်းကော်မတီလေးခုကို ဖွဲ့စည်းထားမှုနှင့် လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေ၊ ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရေးကော်မတီတွင် ဥက္ကဋ္ဌအနေဖြင့် ဆောင်ရွက်နေမှုနှင့် ကော်မတီအဖွဲ့ဝင်များဖြစ်သည့် အမြဲတမ်းအတွင်းဝန်များ ရခိုင်ပြည်နယ်အတွင်း ကွင်းဆင်းဆောင်ရွက်နေမှုအခြေအနေ၊ ရခိုင်ပြည်နယ်ကိစ္စတွင် လူမျိုး၊ ဘာသာမခွဲခြားဘဲ နေရပ်စွန့်ခွာရသူအားလုံးအား ထောက်ပံ့ကူညီပေးနေမှုအခြေအနေ၊ ယင်းသို့ကူညီရာတွင် ကြက်ခြေနီလှုပ်ရှားမှု (Red Cross Movement)အနေဖြင့် နိုင်ငံတော်မှ ဦးဆောင်နေမှုအခြေအနေတို့အား ရှင်းလင်းဆွေးနွေးသည်။

ဆက်လက်၍ ထိုသို့လုပ်ငန်းများ ဆောင်ရွက်ရာတွင် ယခုနှင့်ယခင်အခြေအနေများအပေါ် မူတည်၍ လိုအပ်သလို ညှိနှိုင်းပေါင်းစပ် ဖြေရှင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ကနဦးလိုအပ်ချက် ဆန်းစစ်ခြင်းအဖြစ် သီးခြားဆောင်ရွက်သော်လည်း မူရင်းကျေးရွာများတွင် နေထိုင်သူဦးရေစာရင်းအား ပြည်နယ်အစိုးရမှ ကောက်ခံထားသည့် စာရင်းဇယားများအား အခြေခံပြီး ထောက်ပံ့လျက်ရှိကြောင်း၊ နေရပ်စွန့်ခွာတိမ်းရှောင်လာသူများအား ထောက်ပံ့ရာတွင် မြို့နယ်အဆင့်၊ ပြည်နယ်အဆင့် အစိုးရဌာနဆိုင်ရာ တာဝန်ရှိသူများက အနီးကပ်ကြီးကြပ်ပြီး လိုအပ်ချက်အရ ပံ့ပိုးဆောင်ရွက်ပေးနေပါကြောင်း၊ လူသားချင်းစာနာထောက်ထားမှု အကူအညီများပေးအပ်ရာတွင် ပြည်ထောင်စုအစိုးရ၊ ပြည်နယ်အစိုးရ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများ RCMတို့ ပူးပေါင်းဆောင်ရွက်လျက်ရှိပြီး တပ်မတော်အပါအဝင် လုံခြုံရေးတပ်ဖွဲ့ဝင်များကလည်း လုံခြုံရေးအတွက် ပံ့ပိုးကူညီ ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ တိမ်းရှောင်ရောက်ရှိနေသူများအား ပြန်လည်လက်ခံနိုင်ရေးအတွက် ဆန္ဒအလျောက် မြန်မာနိုင်ငံသို့ ပြန်လာလိုသူများအား စနစ်တကျ စိစစ်လက်ခံသွားမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် အိမ်နီးချင်းနိုင်ငံများနှင့် ကောင်းမွန်သောဆက်ဆံရေးထားရှိပြီး ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့်လည်း အလားတူ ကောင်းမွန်သောဆက်ဆံရေး ဆက်လက်ထားရှိပါကြောင်း ဆွေးနွေးပြောကြားသည်။

မွန်းလွဲပိုင်းတွင် ARSA အစွန်းရောက်အကြမ်းဖက်သမားများ၏ အကြမ်းဖက်တိုက်ခိုက်မှု ဖြစ်စဉ်များကြောင့် ရခိုင်ပြည်နယ်ဒေသအတွင်း ဘေးဒုက္ခခံစားနေရသူအားလုံးအတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံအစိုးရက လှူဒါန်းငွေကျပ် သန်း ၂၀၀ အား မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီးကလည်းကောင်း၊ မြန်မာနိုင်ငံ သူနာပြုနှင့် သားဖွားအသင်း(ဗဟို)က လှူဒါန်းငွေကျပ်သိန်း ၂၀ အား ပါမောက္ခဒေါ်ရင်မြနှင့် တာဝန်ရှိသူများကလည်းကောင်း လာရောက်လှူဒါန်းရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် စစ်တွေမြို့သို့ ရောက်ရှိ၊ နယ်မြေတည်ငြိမ်အေးချမ်းရေး ဆောင်ရွက်ထားရှိမှု စစ်ဆေး

နေပြည်တော် စက်တင်ဘာ ၁၉

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေ၊ ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင်နှင့် အဖွဲ့ဝင်များနှင့်အတူ ယနေ့ မွန်းလွဲပိုင်းတွင် စစ်တွေမြို့သို့ ရောက်ရှိကြရာ ဒေသကွပ်ကဲမှုစစ်ဌာနချုပ်(စစ်တွေ) အစည်းအဝေးခန်းမ၌ တိုင်းမှူးက ၂၀၁၆ ခုနှစ် အောက်တိုဘာလ အကြမ်းဖက်တိုက်ခိုက်မှုဖြစ်စဉ် ဖြစ်ပွားပြီးနောက် ရခိုင်ပြည်နယ် မြောက်ခြမ်းတွင် လုံခြုံရေး အင်အားများ တိုးမြှင့်ချထားလုပ်ဆောင်ခဲ့မှု၊ ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီလ မှစတင်၍ နယ်မြေတည်ငြိမ်အေးချမ်းမှုအရ လုံခြုံရေး ဆောင်ရွက်နေသည့် တပ်ဖွဲ့ဝင်များ လျှော့ချခဲ့မှုအပေါ် အခွင့်ကောင်းယူပြီး ARSA အစွန်းရောက် အကြမ်းဖက်သမားများက အကြမ်းဖက်မှုများလုပ်ဆောင်ရန် အင်အားစုဆောင်းခြင်း၊ သင်တန်းပေး လေ့ကျင့်ခြင်းများ ပြုလုပ်လာမှု၊ ၂၀၁၇ ခုနှစ် ဇွန်၊ ဇူလိုင်၊ ဩဂုတ်လများအတွင်း ဒေသခံတိုင်းရင်းသားများအား အကြမ်းဖက်တိုက်ခိုက်သတ်ဖြတ်မှုများ လုပ်ဆောင်လာခြင်းနှင့် နယ်မြေဒေသ၏ အုပ်ချုပ်မှုယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်ချက်ဖြင့် အဆင့်ဆင့် လုပ်ဆောင်လာမှု၊ ယင်းသတင်းများအရ လုံခြုံရေးတပ်အင်အားများဖြည့်တင်းခဲ့မှုနှင့် မေယုတောင်ကြောအား ဖြန့်ခွဲရှင်းလင်းခဲ့မှု၊ ဩဂုတ် ၂၅ ရက်မှ စက်တင်ဘာ ၅ ရက်အထိ အကြမ်းဖက်တိုက်ခိုက်မှုများကြောင့် ထိတွေ့မှု ဖြစ်စဉ်များ၊ မိမိလုံခြုံရေးတပ်ဖွဲ့ဝင်များ ထိခိုက်ဆုံးရှုံးမှုနှင့် အကြမ်းဖက်သမားများအား ဖမ်းဆီးရရှိမှု၊

ဒေသခံတိုင်းရင်းသားပြည်သူများ သေဆုံး၊ ဒဏ်ရာရ၊ ပျောက်ဆုံးမှု၊ ဖြစ်စဉ်အတွင်း ရပ်ကွက်၊ ကျေးရွာများရှိ နေအိမ်များ မီးလောင်ကျွမ်းမှု၊ ဒေသခံတိုင်းရင်းသားများ နေရပ်စွန့်ခွာ ထွက်ပြေးမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်ပြီး နယ်မြေဒေသ တည်ငြိမ်အေးချမ်းရေး ဆောင်ရွက်မှုနှင့် မိမိနေရပ်ဒေသသို့ ဒေသခံတိုင်းရင်းသားများ ပြန်လည်ဝင်ရောက်နေထိုင်မှု၊ ဒေသအတွင်းရှိ ကျေးရွာများသို့ လူမျိုး၊ ဘာသာမခွဲခြားဘဲ ထောက်ပံ့ပစ္စည်းများပေးပို့မှု၊ ဆေးဝါးကုသပေးမှုနှင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနိုင်မှုတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် စစ်အင်ဂျင်နီယာညွှန်ကြားရေးမှူးက နယ်စပ်ဒေသခြံစည်းရိုး ကာရံခြင်းအခြေအနေ၊ ဆေးဝန်ထမ်း ညွှန်ကြားရေးမှူးက ဒေသခံတိုင်းရင်းသားများ၊ နိုင်ငံသားများ၊ ဒေသအတွင်း နေထိုင်ကြသူများအား တပ်မတော်နယ်လှည့်အထူးကုဆေးအဖွဲ့ ခြောက်ဖွဲ့ဖြင့် ကျေးရွာများသို့သွားရောက်၍ စက်တင်ဘာ ၂ ရက်မှ ၁၈ ရက်အတွင်း လူနာစုစုပေါင်း ၄၅၀၃ ဦးအား ဆေးဝါးကုသမှုလုပ်ဆောင်ပေးနိုင်မှုတို့ကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှုအပေါ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က သတင်းလက်ဦးမှုရရှိရေးနှင့် လုံခြုံရေးကိစ္စရပ်များ ထပ်မံအမှားအယွင်းမခံနိုင်သောကြောင့် တာဝန်ရှိသူအဆင့်ဆင့်မှ အနီးကပ်ကြပ်မတ်ဆောင်ရွက်ရေး၊ နယ်မြေဒေသတည်ငြိမ်အေးချမ်းရေးကို ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေး၊ နယ်စပ်ဒေသခြံစည်းရိုးများ ခိုင်ခံ့လုံခြုံမှုရှိရေး၊ ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ပြုပြင်မွမ်းမံခြင်း၊ အသစ်တည်ဆောက်ခြင်း၊ လုံခြုံရေးများဖြင့် စောင့်ကြပ်ခြင်းများ စနစ်တကျလုပ်ဆောင်ရေး၊ ဘူးသီးတောင်၊ မောင်တောဒေသရှိ ဒေသခံတိုင်းရင်းသားများ၊ နိုင်ငံသားများနှင့် ဒေသအတွင်း နေထိုင်ကြသူများအားလုံးကို လူသားချင်းစာနာထောက်ထားမှုအရ စားသောက်ရေး၊ နေထိုင်ရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှုများ လုပ်ဆောင်ပေးရမည်ဖြစ်ကြောင်း၊ အဓိကအားဖြင့် တိုင်းရင်းသားများ၏ လုံခြုံရေးကို အပြည့်အဝဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ လုံခြုံရေးဆောင်ရွက်ရာတွင် လုံလောက်သောအင်အားဖြင့် ဆောင်ရွက်ရမည်ဖြစ်ပြီး ဥပဒေစည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ လိုက်နာလုပ်ဆောင်ရန်လိုကြောင်း၊ ဒေသအတွင်း နေထိုင်သူများကိုလည်း NVC ကတ်များ ထုတ်ပေး၍ နိုင်ငံသားစိစစ်မှု လုပ်ငန်းစဉ်များကို ဆက်လက်လုပ်ဆောင်သွားရမည် စသည်ဖြင့် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း (၁၀)ကြိမ်မြောက် ပစိဖိတ်ကြည်းတပ်ဦးစီးချုပ်များအစည်းအဝေး တက်ရောက်

နေပြည်တော် စက်တင်ဘာ ၁၉

ကိုရီးယားသမ္မတနိုင်ငံ၌ ရောက်ရှိနေသော ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းသည် ယနေ့နံနက်ပိုင်းတွင် ကိုရီးယားသမ္မတနိုင်ငံ ဆိုးလ်မြို့ Grand Hyatt Hotel ၌ ကျင်းပသည့် အစည်းအဝေးအစီအစဉ် ဒုတိယပိုင်းဆွေးနွေးမှုဖြစ်သော "Integration of Soft Power in Civil-Military Partnerships During Crisis" ခေါင်းစဉ် ဆွေးနွေးတင်ပြမှုသို့ ပါဝင်တက်ရောက်ခဲ့သည်။ **(အောက်ပုံ)**

ယင်းနောက် ကိုရီးယားနှစ်နိုင်ငံ နယ်စပ် Punmonjun ကျေးရွာရှိ Joint Security Area(JSA) သို့ လုံခြုံရေးဆိုင်ရာ လေ့လာရေးခရီးစဉ်ကို သွားရောက်လေ့လာခဲ့သည်။

ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် ဩစတြေးလျတပ်မတော် ကြည်းတပ်ဦးစီးချုပ် Lieutenant General Angus Campbell နှင့် နံနက်ပိုင်းတွင် ဆိုးလ်မြို့ Grand Hyatt Hotel ၊ Bilateral Meeting Room ၌ တွေ့ဆုံဆွေးနွေးသည်။

အလားတူ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် ကိုရီးယားတပ်မတော်ကြည်းတပ်ဦးစီးချုပ် General Kim Yong-woo နှင့်လည်း တွေ့ဆုံဆွေးနွေးခဲ့သည်။

တွေ့ဆုံပွဲများတွင် ရခိုင်ပြည်နယ်အရေးကိစ္စရပ်များကို ထည့်သွင်းဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ထိုင်းဘုရင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်

နေပြည်တော် စက်တင်ဘာ ၁၉

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ဖိတ်ကြားချက်အရ မြန်မာနိုင်ငံသို့ ချစ်ကြည်ရေးခရီး အလည်အပတ်ရောက်ရှိနေသည့် ထိုင်းဘုရင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် General Surapong Suwana-adth နှင့် ဇနီးနှင့်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် ထိုင်းဘုရင့်တပ်မတော်လေယာဉ်ဖြင့် နေပြည်တော်မှ ထိုင်းနိုင်ငံသို့ ပြန်လည်ထွက်ခွာကြရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်ဇနီး ဒေါ်ကြူကြူလှ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တပ်မတော် အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ထိုင်းနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံစစ်သံမှူး၊ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံ(ကြည်း၊ ရေ၊ လေ)စစ်သံမှူးများနှင့် တာဝန်ရှိသူတို့က နေပြည်တော်လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြစ်သာ၊ ဝေါန်နှင့် ချင်းတွင်းမြစ်ရေ အခြေအနေ

နေပြည်တော် စက်တင်ဘာ ၁၉။ ။ ယနေ့နံနက် ၉ နာရီခွဲအချိန်တိုင်းထွာချက်အရ မြစ်သာမြစ်ရေသည် ပြင်သာ(ကလေးမြို့နယ်)တွင် ယင်းမြို့၏စိုးရိမ်ရေမှတ်အောက် တစ်ပေခွဲခန့်တွင် ရောက်ရှိနေပြီး နောက်တစ်ရက်အတွင်း ယင်းမြို့၏စိုးရိမ်ရေမှတ်သို့ ကျော်လွန်ရောက်ရှိနိုင်သည်။ ဝေါန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် ပေဝက်ခန့်တွင် ရောက်ရှိနိုင်ပြီး နောက်သုံးရက်အတွင်း ယင်းမြို့၏စိုးရိမ်ရေမှတ်သို့ရောက်ရှိနိုင်သည်။ အလားတူ ယနေ့ညနေ ၃ နာရီခွဲအချိန်တိုင်းထွာချက်အရ ချင်းတွင်းမြစ်ရေသည် မုံရွာမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် နှစ်ပေခွဲခန့်တွင် ရောက်ရှိနေပြီး နောက်သုံးရက်အတွင်း ယင်းမြို့၏စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်ကြောင်း မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက ထုတ်ပြန်ထားသည်။ **(ကြေးမုံ)**

ငြိမ်းချမ်းရေးဂီတပွဲတော် သီချင်းဆိုပြိုင်ပွဲ စစ်တွေမြို့ပွဲစဉ်အတွက် Level-1 Live ယှဉ်ပြိုင်ခြင်းကို စက်တင်ဘာ ၂၃ ရက်တွင် ရန်ကုန်မြို့၌ ပြောင်းလဲကျင်းပမည်

နေပြည်တော် စက်တင်ဘာ ၁၉

ငြိမ်းချမ်းရေးဂီတပွဲတော် သီချင်းဆိုပြိုင်ပွဲ စစ်တွေမြို့ ပွဲစဉ်အတွက် Level-1 Live ယှဉ်ပြိုင်ခြင်းကို စက်တင်ဘာ ၂၃ ရက်တွင် ရန်ကုန်မြို့၌ ပြောင်းလဲကျင်းပမည်ဖြစ်ကြောင်း မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ သိရသည်။

စစ်တွေမြို့ ပွဲစဉ် Level -1 ပဏာမ အသံစစ်ဆေးခြင်းကို ဩဂုတ် ၂၄ ရက်က အဆိုပါမြို့၌ ကျင်းပခဲ့သော်လည်း မောင်တောဒေသဖြစ်စဉ်များကြောင့် Level-1 Live ယှဉ်ပြိုင်ခြင်းကို ယခုအခါရန်ကုန်တိုင်းဒေသကြီး လွှတ်တော်အဆောက်အအုံသဘင်ဆောင်၌ ပြောင်းလဲကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် စည်းလုံးညီညွတ်ရေး၊ ပြည်တွင်းငြိမ်းချမ်းရေးနှင့် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေး ရည်ရွယ်ချက်များဖြင့် ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ငြိမ်းချမ်းရေးဂီတပွဲတော် (Peace Music Festival) ငြိမ်းချမ်းရေးသီချင်းဆိုပြိုင်ပွဲကို မြန်မာနိုင်ငံတစ်ဝန်းရှိ မြို့ကြီးများ၌ ပြုလုပ်လျက်ရှိသည်။ **(သတင်းစဉ်)**

လွှတ်တော်ဝန်ထမ်းများအတွက် အကြီးတန်းနှင့် အလယ်အလတ်အဆင့် အရာရှိများ စီမံခန့်ခွဲမှုသင်တန်းဖွင့်ပွဲ အခမ်းအနားကျင်းပ

နေပြည်တော် စက်တင်ဘာ ၁၉
အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်သည် ယနေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ Park Royal Hotel ၌ ကျင်းပသည့် လွှတ်တော်များဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရေးအဖွဲ့(JCC) နှင့် UNDP တို့ပူးပေါင်းဆောင်ရွက်မှု အစီအစဉ်ဖြစ်သည့် လွှတ်တော်ဝန်ထမ်းများအတွက် အကြီးတန်းနှင့် အလယ်အလတ်အဆင့်အရာရှိများ စီမံခန့်ခွဲမှုသင်တန်းဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားသည်။

အခမ်းအနားသို့ ပြည်သူ့လွှတ်တော် နိုင်ငံတကာဆက်ဆံရေးကော်မတီဥက္ကဋ္ဌ ဦးဇော်သိန်း၊ UNDP မှ Country Director, Mr. Peter Bachelor၊ လီကွမ်ယုသင်တန်းကျောင်းမှ Dr. Ora Orn Poocharoen၊ House of Representatives of the parliament of Australia မှ Mr. Peter Banson နှင့် လွှတ်တော်ရုံးများမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

နိုင်ငံတကာအသိုင်းအဝိုင်းအနေနဲ့ ဘယ်လိုထိရောက်တဲ့ ပူးပေါင်းဆောင်ရွက်မှုတွေ လုပ်ဆောင်မလဲဆိုတာ ပြသဖို့လိုအပ်

နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန-၂ ၌ နိုင်ငံတော်အစိုးရ၏ အမျိုးသားပြန်လည်သင့်မြတ်ရေး၊ ငြိမ်းချမ်းရေးဆိုင်ရာကြိုးပမ်းမှုများနှင့်စပ်လျဉ်း၍ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် မိန့်ခွန်းပြောကြားသည့် အခမ်းအနားကို စက်တင်ဘာ ၁၉ ရက် နံနက်ပိုင်းတွင် ကျင်းပရာ အဆိုပါအခမ်းအနားသို့ တက်ရောက်လာကြသည့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် သံတမန်များ၏ အမြင်သဘောထားများကို မေးမြန်းခဲ့ပါသည်-

ဒုတိယဗိုလ်ချုပ်ကြီး စိန်ဝင်း
ပြည်ထောင်စုဝန်ကြီး၊ ကာကွယ်ရေးဝန်ကြီးဌာန

တရုတ်သံအမတ်ကြီး
မစ္စတာ ဟုန်လျန်

အိန္ဒိယသံအမတ်ကြီး
Mr. Vikram Misri

ရုရှားသံအမတ်ကြီး
Mr. Nikolay A. Listopadov

Paul Edwards
Deputy Representative (UNICEF)

ဒုတိယဗိုလ်ချုပ်ကြီး စိန်ဝင်း
ပြည်ထောင်စုဝန်ကြီး၊ ကာကွယ်ရေးဝန်ကြီးဌာန

ကျွန်တော်တို့ အင်အားသုံးပြီးမလုပ်ပါဘူး။ ကျွန်တော်တို့ဟာ အင်အားကို လိုသလောက်လေးပဲ ထိန်းထိန်းသိမ်းသိမ်း သုံးစွဲပါတယ်။ တရားဥပဒေနဲ့မညီတဲ့သူတွေကိုလည်း ဥပဒေနဲ့အညီ အရေးယူရမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့ အဲဒီမှာ မူဆလင်ရွာတွေလည်းအများကြီး ကျန်ပါတယ်။ သူတို့ကိုလည်း ကျွန်တော်တို့သွားပြီးတော့ စောင့်ရှောက်ပေးနေပါတယ်။ မီဒီယာတွေမှာ ကျွန်တော်တို့နိုင်ငံရဲ့ မီဒီယာထိုးဖောက်နိုင်မှုက အားနည်းပါတယ်။ မူဆလင်အသိုင်းအဝိုင်းဘက်ကကျတော့ ကမ္ဘာမှာ မီဒီယာ အားကောင်းပါတယ်။ အားကောင်းတဲ့အခါကျတော့ သူတို့ပြောတာက ပိုပြီးတော့ပျံ့နှံ့နေပါတယ်။ အမှန်ပြောရရင်တော့ ARSA က ဇာတ်လမ်းဆင်ပါတယ်။ ဇာတ်လမ်းဆင်ပြီးတော့ သူတို့ကနေစလုပ်တယ်။ ပြီးတော့ ထွက်ပြေးတယ်။ သူတို့ပြောတဲ့ စကားပေါက်တဲ့အခါကျတော့ ကမ္ဘာကဘယ်လိုထင်သလဲဆိုတော့ သူတို့အပေါ်မှာ သနားတယ်။ မြို၊ ဒိုင်းနက်၊ ရခိုင်လူမျိုးတွေကျတော့ တကယ်အသတ်ခံရတဲ့သူတွေကျတော့ မသိဘူးပေါ့။ တကယ်က မြို၊ ဒိုင်းနက်၊ ရခိုင်တွေကသာ လူနည်းစုတိုင်းရင်းသားတွေ ဖြစ်ပါတယ်။ အဲဒါကို သူတို့ကပြောင်းပြန်ပြောတဲ့ အခါကျတော့ ကမ္ဘာက ပြောင်းပြန်မြင်ပါတယ်။

တရုတ်သံအမတ်ကြီး မစ္စတာဟုန်လျန်

ရခိုင်ပြည်နယ်ရဲ့အရေးကိစ္စဟာ ရှုပ်ထွေးပြီး နက်နဲတဲ့အတွက် စနစ်တကျဖြေရှင်းဖို့လိုအပ်ပါတယ်။ အဲဒီလိုဖြေရှင်းရာမှာ နိုင်ငံတကာအသိုက်အဝန်းတွေအနေနဲ့ အပြုသဘောဆောင်တဲ့ ကူညီပံ့ပိုးမှုတွေပေးဖို့ လိုအပ်ပါတယ်။ တရုတ်နိုင်ငံအစိုးရရဲ့ ရပ်တည်ချက်ကတော့ ရှင်းပါတယ်။ ရခိုင်ပြည်နယ်မှာဖြစ်ပေါ်တဲ့ အကြမ်းဖက်မှုကနေ ဒေသတွင်းပြန်လည်တည်ငြိမ်အေးချမ်းဖို့အတွက် ပံ့ပိုးကူညီမှာဖြစ်သလို လူသားချင်းစာနာထောက်ထားတဲ့ အကူအညီတွေ၊ အရေးတကြီးလိုအပ်နေတာတွေကိုလည်း ပေးအပ်သွားမှာဖြစ်ပါတယ်။

အိန္ဒိယသံအမတ်ကြီး Mr. Vikram Misri

ဒီနေ့အခမ်းအနားဟာ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ရဲ့ အမျိုးသားပြန်လည်သင့်မြတ်ရေးနဲ့ ငြိမ်းချမ်းရေး လုပ်ဆောင်ရာမှာ နိုင်ငံတော်အစိုးရရဲ့ ဦးဆောင်ကြိုးပမ်းမှုကို အလေးထားပြောကြားတာ တွေ့ရပါတယ်။ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ပေးတဲ့ သတင်းစကားတွေကတော့ အလွန်ပဲကောင်းပါတယ်။

လုံခြုံရေးတပ်ဖွဲ့ဝင်တွေအနေနဲ့ တစ်ဖက်က တိုက်ခိုက်လာတာကို ပြန်လည်ခုခံတာ၊ ဥပဒေအရ လုပ်ဆောင်တာပဲလို့ မြင်ပါတယ်။ ဒီစိန်ခေါ်မှုတွေကို ဖြေရှင်းရာမှာ နိုင်ငံတကာအသိုင်းအဝိုင်းကလည်း ကူညီပံ့ပိုးပေးဖို့ အသင့်ဖြစ်နေပြီလို့မြင်ပါတယ်။ ဒီအခြေအနေတွေကို တရားဥပဒေနဲ့အညီ ဖြေရှင်းဖို့လိုအပ်သလို မြန်မာနိုင်ငံအစိုးရအနေနဲ့လည်း ဘင်္ဂလားဒေ့ရှ်နိုင်ငံကို ရောက်သွားတဲ့ ဒုက္ခသည်တွေကို စိစစ်ပြီး ပြန်လည်လက်ခံမယ်လို့လည်း ယုံကြည်ပါတယ်။

ပြန်လည်လက်ခံတဲ့နေရာမှာ National Verification အစီအစဉ်နဲ့ လုပ်ဆောင်မယ်လို့မြင်ပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ် စနစ်တကျနဲ့အချိန်ယူဖို့လိုအပ်ပါတယ်။ ရခိုင်ပြည်နယ်အတွင်းက အခြေအနေနဲ့ပတ်သက်ပြီး စိန်ခေါ်မှုတွေအပြင် လုံခြုံရေး၊ ဖွံ့ဖြိုးတိုးတက်မှုနဲ့ လူသားချင်းစာနာထောက်ထားမှုအကူအညီတွေကို အခုအကျပ်အတည်းဖြစ်နေတဲ့ လူ့အဖွဲ့အစည်းနှစ်ရပ်လုံးဆီရောက်ရှိဖို့ လုပ်ဆောင်ရမှာဖြစ်ပါတယ်။ လူသားချင်းစာနာထောက်ထားမှု အကူအညီအပြင် ဒေသခံတွေရဲ့ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်မှုကိုပါ လုပ်ဆောင်ဖို့ လိုအပ်ပါတယ်။ အမျိုးသားပြန်လည်သင့်မြတ်ရေးနဲ့ ငြိမ်းချမ်းရေးရရှိအောင် ကြိုးပမ်းရာမှာ ရေရှည်စီမံချက်နဲ့အတူ အချိန်ယူလုပ်ဆောင်ရမှာဖြစ်ပါတယ်။ လူသားချင်းစာနာထောက်ထားမှု အကူအညီတွေ ထိရောက်စွာ ရောက်ရှိရေးအတွက် ကျွန်တော်တို့အနေနဲ့ ကူညီပံ့ပိုးဖို့ အစိုးရထံကမ်းလှမ်းမှုတွေပြုလုပ်မှာဖြစ်ပါတယ်။ ဒါကြောင့် အစိုးရနဲ့ မကြာခင်မှာ တွေ့ဆုံဆွေးနွေးဖို့ရှိပါတယ်။

ရုရှားသံအမတ်ကြီး Mr. Nikolay A. Listopadov

အပြုသဘောဆောင်တဲ့ ချဉ်းကပ်မှုမျိုးသာ ရှုပ်ထွေးနက်နဲတဲ့ ရခိုင်ပြည်နယ်က ပြဿနာကို ကိုင်တွယ်ဖြေရှင်းနိုင်မယ်လို့ ထင်ပါတယ်။ နိုင်ငံတကာအသိုင်းအဝိုင်းအနေနဲ့လည်း ဘယ်လိုထိရောက်တဲ့ ပူးပေါင်းဆောင်ရွက်မှုတွေ လုပ်ဆောင်မလဲဆိုတာ ပြသဖို့လိုအပ်ပါတယ်။ မြန်မာနိုင်ငံအစိုးရအနေနဲ့လည်း နိုင်ငံသားဖြစ်မှု ပြဿနာအတွက် National Verification Process နဲ့စိစစ်ပြီး ဖြေရှင်းဖို့ လိုအပ်ပါတယ်။ နိုင်ငံသားဖြစ်မှု ပြဿနာဟာ မူဆလင်လူ့အဖွဲ့အစည်းအတွက် အရေးပါတဲ့အတွက် ဥပဒေနဲ့အညီ လုပ်ဆောင်ဖို့လိုအပ်ပါတယ်။

အဲဒီပြဿနာအားလုံးအတွက် မစ္စတာကိုဖီအာနန် ဦးဆောင်တဲ့ ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်ရဲ့ အကြံပြုချက်တွေကို ထိရောက်စွာ အကောင်အထည်ဖော်ရမှာဖြစ်ပါတယ်။ ထို့အတူပဲ လူ့အခွင့်အရေးချိုးဖောက်မှုအတွက်လည်း တရားဥပဒေနဲ့အညီ ဖြေရှင်းရမှာဖြစ်ပါတယ်။ နောက်အဓိကပြဿနာတစ်ခုကတော့ လူ့အဖွဲ့အစည်းနှစ်ရပ်အကြား ယုံကြည်မှုမရှိကြတဲ့အချက်ဖြစ်ပါတယ်။ ဒီကိစ္စကိုလည်း ဖြေရှင်းဖို့လိုအပ်ပါတယ်။

Paul Edwards
Deputy Representative (UNICEF)

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်အနေနဲ့ ရခိုင်ပြည်နယ်မှာဖြစ်ပေါ်တဲ့ ပြဿနာတွေနဲ့ ပတ်သက်ပြီး အခြားသူတွေထက် ပိုပြီးသိနေတဲ့ လူတစ်ဦးဖြစ်ပါတယ်။ အခြေအနေပြန်လည်တည်ငြိမ်ဖို့အတွက် အားလုံးက ပါဝင်ကူညီလုပ်ဆောင်ပေးဖို့ လိုအပ်သလို အချိန်အတိုင်းအတာတစ်ခုအထိ ယူဖို့လိုအပ်ပါတယ်။ အဲဒါတွေအားလုံးအတွက် မှန်ကန်တဲ့နည်းလမ်းကို ရှာဖွေဖို့လိုအပ်ပါတယ်။

မတူညီတဲ့ လူ့အသိုင်းအဝိုင်းနှစ်ခုအကြား သဟဇာတဖြစ်မှုကို ဖော်ဆောင်ဖို့အတွက်ကတော့ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ပြောကြားခဲ့သလိုပဲ မြန်မာနိုင်ငံအစိုးရအနေနဲ့ ရခိုင်ပြည်နယ် ပြန်လည်တည်ငြိမ် အေးချမ်းရေးအတွက် ကြိုးပမ်းဆောင်ရွက်နေတာ တွေ့ရပါတယ်။ အကြမ်းဖက်တိုက်ခိုက်မှုဖြစ်ပွားခဲ့တဲ့နောက်ပိုင်းမှာ ဒေသခံအများစုဟာ သူတို့နေရပ်ကနေ ထွက်ပြေးရမှာလား။ ဒါမှမဟုတ် သူတို့ ကျေးရွာမှာပဲ ကျန်ရစ်နေခဲ့ရမှာလားဆိုတာ ကွဲကွဲပြားပြား မသိတဲ့အတွက် မှားယွင်းဆုံးဖြတ်မှုတွေ ရှိကြပါတယ်။

ရေးသူ-ဦးသာစိန်၊ ဇင်ဦး၊ ဇူလိုင်မိုး၊ ဓာတ်ပုံ-ဇင်ဦး

❖ YBS မှ

တိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ အစည်းအဝေးဆုံးဖြတ်ချက်နဲ့အတူ ခန့်အပ်ထားပါတယ်။ ကတ်စနစ်လုပ်ဖို့အတွက် တင်ဒါခေါ်ပြီးတဲ့အခါ ကားတွေပေါ်မှာ စက်တပ်ဆင်မှုတွေ လုပ်ရတော့မှာဖြစ်ပါတယ်။ သတ်မှတ်ကာလအတွင်း အများပိုင်ကုမ္ပဏီမဖွဲ့စည်းနိုင်တဲ့ဟာတွေကိုတော့ ဒီစနစ်မှာ ထားရစ်ခဲ့မှာဖြစ်ပါတယ်”ဟု ၎င်းက ပြောကြားခဲ့သည်။

လက်ရှိတွင် အများပိုင်ကုမ္ပဏီအဖြစ် ဖွဲ့စည်းပြီးသည့် ကုမ္ပဏီ ၁၇ ခုခန့်ရှိနေပြီး အများပိုင်မဖွဲ့နိုင်သေးသည့် အဖွဲ့ ၁၅ ဖွဲ့၊ ယာဉ်လိုင်း ၁၀၀ ခန့်၊ ယာဉ်အစီးရေ ၄၀၀၀ ခန့်ဖြင့် YBS ယာဉ်လိုင်းခရီးစဉ်များကို ပြေးဆွဲလျက်ရှိကြောင်း သိရသည်။ **(ဆုနှင်းလှဲ့)**

ရန်ကုန်ပညာရေးတက္ကသိုလ် ပညာရေးဘွဲ့စာပေးစာယူ အနီးကပ်သင်တန်းဖွင့်မည်

ရန်ကုန် စက်တင်ဘာ ၁၉
၂၀၁၇-၂၀၁၈ ပညာသင်နှစ် ပညာရေးဘွဲ့ စာပေးစာယူ သင်တန်းသား ဆရာ ဆရာမများကိုယ်တိုင် တက်ရောက်ရမည့်အောက်တိုဘာသင်တန်းကာလနှင့် ဧပြီ၊ မေ သင်တန်းကာလတို့နှင့် ဖြေဆိုရမည့် စာမေးပွဲများကို ရန်ကုန်ပညာရေးတက္ကသိုလ်၌ ကျင်းပသွားမည်ဖြစ်သည်။

အမှတ်စဉ်(၃၆)၏ ပထမနှစ်သင်တန်းကို ၂၀၁၇ ခုနှစ် အောက်တိုဘာ ၁ ရက်မှ အောက်တိုဘာ ၁၅ ရက်အထိ လည်းကောင်း၊ အမှတ်စဉ်(၃၅)၏ ဒုတိယနှစ်သင်တန်းအတွက် ၂၀၁၈ ခုနှစ် ဧပြီ၊ မေ သင်တန်းကာလကို ဧပြီ ၁၉ ရက်မှ မေ ၄ ရက်အထိ လည်းကောင်း နှစ်ကြိမ်ဖွင့်လှစ်သင်ကြားမည်ဖြစ်သည်။ အဆိုပါ သင်တန်းများအတွက် စာမေးပွဲကို မေ ၇ ရက်မှ မေ ၁၁ ရက်အထိ ကျင်းပမည်ဖြစ်ကြောင်းနှင့် သင်တန်းကာလနှစ်ကြိမ် တက်ရောက်ရန်အတွက် ၂၀၁၇ ခုနှစ် စက်တင်ဘာ ၃၀ ရက်နှင့် ၂၀၁၈ ခုနှစ် ဧပြီ ၁၈ ရက်တို့တွင် ရန်ကုန်ပညာရေးတက္ကသိုလ် စာပေးစာယူသင်တန်းဌာန၌ သတင်းပို့ရမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

❂ ရှေ့ဖုံးမှ

ဒီမိုကရေစီတန်ဖိုးတွေကို ပြုစုပျိုးထောင်နိုင်မယ်၊ ငြိမ်းချမ်းရေးနဲ့ တည်ငြိမ်ရေးကို ထိန်းသိမ်းထားနိုင်မယ်ဆိုမှသာ ကျွန်မတို့ပြည်သူအားလုံး တန်းတူညီမျှ ရရှိခံစားနိုင်မယ့် ရေရှည်တည်တံ့တဲ့ ဖွံ့ဖြိုးတိုးတက်ရေးကို ရရှိနိုင်မှာဖြစ်ပါတယ်။

အားလုံး သိရှိထားပြီးဖြစ်တဲ့အတိုင်း မြန်မာနိုင်ငံဟာ ရှုပ်ထွေးနက်နဲလှတဲ့ နိုင်ငံတစ်နိုင်ငံဖြစ်ပါတယ်။ အဲဒီရှုပ်ထွေးနက်နဲမှုတွေနဲ့အတူ ဒီစိန်ခေါ်မှုတွေကို ကျွန်မတို့အစိုးရအနေနဲ့ အချိန်တိုတိုအတွင်းမှာ ချက်ချင်းဖြေရှင်းနိုင်မယ်လို့ ထင်မြင်ယူဆထားတဲ့ ပြည်သူတွေရဲ့ မျှော်လင့်ထားမှုတွေကလည်း ရှိနေပြန်ပါတယ်။

ကျွန်မအနေနဲ့ သတိပြုစေချင်တာက ဒီကနေ့ ကျွန်မတို့အစိုးရရဲ့ သက်တမ်းဟာ ဆယ့်ရှစ်လတောင် မပြည့်တတ်သေးဘူးဆိုတာကိုပါပဲ။ ဆယ့်ရှစ်လကာလဟာလည်း ဒီလကုန်တော့မှ ပြည့်မြောက်မှာဖြစ်ပါတယ်။ ကျွန်မတို့အနေနဲ့ အများမျှော်လင့်ထားတဲ့ အရာတွေအားလုံးကို ပြီးပြည့်စုံအောင် ဆောင်ရွက်နိုင်ဖို့၊ အခက်အခဲတွေအားလုံးကို ကျော်လွှားသွားနိုင်ဖို့ ဆယ့်ရှစ်လဆိုတဲ့ အချိန်ကာလဟာ အလွန်တိုတောင်းတဲ့ကာလဖြစ်ပါတယ်။ ဒီလိုပြောတာဟာ ကျွန်မတို့အနေနဲ့ဒီစိန်ခေါ်မှုတွေကို ကျော်လွှားနိုင်ဖို့ အပ်နှင်းထားတဲ့ တာဝန်တွေကိုထမ်းဆောင်ဖို့ အဆင်သင့်မဖြစ်သေးဘူးလို့ ဆိုလိုတာမဟုတ်ပါဘူး။

ဘာဖြစ်လို့လဲဆိုတော့ နိုင်ငံတကာအသိုက်အဝန်းကို ကျွန်မအနေနဲ့ ယုံကြည်ထားလို့ပဲ ဖြစ်ပါတယ်။ ကျွန်မတို့ရဲ့ မိတ်ဆွေနိုင်ငံတွေ၊ ကျွန်မတို့ရဲ့ ကောင်းကျိုးကိုလိုလားတဲ့နိုင်ငံတွေ၊ ကျွန်မတို့ရဲ့ အခက်အခဲတွေကို နားလည်နိုင်တဲ့နိုင်ငံတွေ၊ ကျွန်မတို့အပေါ် မှာကရုဏာတရားထားရှိကြတဲ့ နိုင်ငံတွေကို ဒီကနေ့ ကျွန်မတို့အနေနဲ့ ဒီမိုကရေစီအသွင်ကူးပြောင်းရေး၊ ငြိမ်းချမ်းတည်ငြိမ်ရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဘာတွေကြိုးပမ်းဆောင်ရွက်ထားတယ်ဆိုတာကို မျှဝေအသိပေးပြောကြားလိုပါတယ်။

ရခိုင်ပြည်နယ် အခြေအနေနဲ့ပတ်သက်ပြီး ကမ္ဘာကြီးတစ်ခုလုံးက အလေးထား အာရုံစိုက်နေကြတယ်ဆိုတာကို ကျွန်မအနေနဲ့ ကောင်းစွာသိရှိနားလည်ပါတယ်။ ပြီးခဲ့တဲ့နှစ် အထွေထွေညီလာခံမှာ ကျွန်မ ပြောကြားခဲ့သလိုပါပဲ ကမ္ဘာ့မိသားစုဝင် နိုင်ငံတွေကြားမှာ တာဝန်သိတဲ့နိုင်ငံတစ်နိုင်ငံအနေနဲ့ မြန်မာနိုင်ငံဟာ နိုင်ငံတကာရဲ့ ဝေဖန်ထောက်ပြမှုတွေကို တုန်လှုပ်နေမှာမဟုတ်ပါဘူး။ ဒါ့အပြင် ကျွန်မတို့ဟာ ကျွန်မတို့နိုင်ငံအတွင်းမှာရှိတဲ့ လူ့အသိုက်အဝန်းအားလုံးအတွက် ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ကြဉ်းပေးနိုင်မယ့် ရေရှည်တည်တံ့တဲ့ ဖြေရှင်းချက်တစ်ရပ်ရရှိအောင် ကြိုးပမ်းဆောင်ရွက်သွားဖို့ စိတ်ပိုင်းဖြတ်ထားပြီး ဖြစ်ပါတယ်။ ဒါကြောင့် ဒီရည်မှန်းချက်ပန်းတိုင်ကို ရောက်ရှိအောင် ဆောင်ရွက်သွားမယ့် ကျွန်မတို့ အစီအစဉ်တွေကို ရှင်းလင်းတင်ပြဖို့ ယမန်နှစ်က ကုလသမဂ္ဂအထွေထွေညီလာခံကို သွားရောက်ခဲ့တာဖြစ်ပါတယ်။

စိတ်မချမ်းမြေ့စရာကတော့ ကုလသမဂ္ဂအထွေထွေညီလာခံမှာ ကျွန်မ မိန့်ခွန်းပြောကြားပြီး ဆယ့်ရှစ်ရက်အကြာ ၂၀၁၆ ခုနှစ် အောက်တိုဘာလ ၉ ရက်နေ့မှာ ရဲတပ်ဖွဲ့ကင်းစခန်း သုံးခုကို မွတ်စလင်လက်နက်ကိုင်တွေက တိုက်ခိုက်ခဲ့ကြပါတယ်။ အောက်တိုဘာ ၁၁ ရက်နေ့နဲ့ နိုဝင်ဘာလ ၁၂ ရက်နေ့တွေမှာလည်း နောက်ထပ်တိုက်ခိုက်မှုတွေဖြစ်ပွားခဲ့ရပါတယ်။ ဒီတိုက်ခိုက်မှုတွေကြောင့် အသက်တွေဆုံးရှုံးခဲ့ရတယ်။ လူတွေ ထိခိုက်ဒဏ်ရာရရှိခဲ့ကြရတယ်။ ကျေးရွာတွေ မီးလောင်ခဲ့ရတယ်။ အဲဒီဒေသမှာ ရှိနေတဲ့လူတွေ ထွက်ပြေးစွန့်ခွာကြရပါတယ်။ မွတ်စလင်အတော်များများဟာ ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်ကို ထွက်ပြေးသွားခဲ့ကြရပါတယ်။

အဲဒီအချိန်ကစပြီး နိုင်ငံတော်အစိုးရအနေနဲ့ အဲဒီဒေသမှာ ငြိမ်းချမ်းတည်ငြိမ်မှုတွေ ပြန်လည်တည်ဆောက်နိုင်အောင်၊ မွတ်စလင်နဲ့ ရခိုင်အသိုက်အဝန်းနှစ်ခုအကြား သဟဇာတဖြစ်မှုမြှင့်တင်နိုင်အောင် အစွမ်းကုန် ကြိုးပမ်းဆောင်ရွက်ခဲ့ရပါတယ်။ ဒီလိုတိုက်ခိုက်မှုတွေ မဖြစ်ပွားခင်အချိန်ကတည်းက ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေး အကောင်အထည်ဖော်ရေးဗဟိုကော်မတီတစ်ရပ်ကို ကျွန်မတို့ ဖွဲ့စည်းထားပြီး ဖြစ်ပါတယ်။ ဒါ့အပြင် ရခိုင်ပြည်နယ်ရဲ့ နှစ်ပရိစ္ဆေဒများစွာ ရှည်ကြာခဲ့ပြီဖြစ်တဲ့ ပြဿနာတွေကို ဖြေရှင်းရာမှာ အထောက်အကူပြုနိုင်မယ့် ကော်မရှင်တစ်ရပ်ကို ဦးဆောင်ပေးဖို့ ဒေါက်တာကိုဖီအာနန်ကို ဖိတ်ခေါ်ခဲ့ပါတယ်။ ဒီလိုမျိုး ကြိုးပမ်းဆောင်ရွက်နေတဲ့ကြားမှာပဲ ပဋိပက္ခတွေ ထပ်ကျော့ ဖြစ်ပေါ်လာတာကို ကျွန်မတို့ မတားဆီးနိုင်ခဲ့ပါဘူး။ ပြီးခဲ့တဲ့ တစ်နှစ်လုံးပါပဲ။ ကျွန်မတို့ဟာ ရခိုင်ပြည်နယ် ဖွံ့ဖြိုးရေးစီမံကိန်းတွေ၊ ငြိမ်းချမ်းရေးနဲ့ သဟဇာတဖြစ်ရေး မြှင့်တင်မှုတွေ ဆောင်ရွက်ခဲ့ပါတယ်။

လပေါင်းများစွာ အခြေအနေတွေတည်ငြိမ်ပြီး ငြိမ်းချမ်းနေတယ်လို့ ထင်ရပြီးတဲ့နောက် ဩဂုတ်လ ၂၅ ရက်နေ့မှာ ရဲစခန်းပေါင်း ၃၀ နဲ့ တောင်ဘဇာကျေးရွာမှာရှိတဲ့ တပ်ရင်းဌာနချုပ်ကို လက်နက်ကိုင်တွေက ဝင်ရောက်တိုက်ခိုက်ခဲ့ကြပါတယ်။ ဒီတိုက်ခိုက်မှုကြောင့် နိုင်ငံတော်အစိုးရအနေနဲ့ ARSA နဲ့ အပေါင်းအပါတွေကို အကြမ်းဖက်တိုက်ဖျက်ရေးဥပဒေ ပုဒ်မ(၆)၊ ပုဒ်မခွဲ(၎)အရ အကြမ်းဖက်အဖွဲ့အစည်းအဖြစ် ကြေညာခဲ့ပါတယ်။

ရခိုင်ပြည်နယ်အခြေအနေနဲ့ပတ်သက်ပြီး ကမ္ဘာတစ်ဝန်းမှာ စိုးရိမ်ပူပန်မှုတွေ အများကြီးရှိနေပါတယ်။ မြန်မာနိုင်ငံအစိုးရအနေနဲ့ ပြစ်တင်ဝေဖန်မှုတွေကို လျော့ပါးစေဖို့၊ တာဝန်ဝတ္တရားတွေကို ရှောင်လွှဲဖို့ ကြိုးစားတာမဟုတ်ပါဘူး။ လူ့အခွင့်အရေးချိုးဖောက်မှုတွေ၊ ဥပဒေနဲ့ ဆန့်ကျင်တဲ့ အကြမ်းဖက်မှုတွေအားလုံးကို ကျွန်မတို့အနေနဲ့ ရှုတ်ချပါတယ်။ ရခိုင်ပြည်နယ်တစ်ခုလုံး ပြန်လည်ငြိမ်းချမ်းဖို့၊ ပြန်လည်တည်ငြိမ်ဖို့၊ တရားဥပဒေပြန်လည်စိုးမိုးဖို့ သန္နိဋ္ဌာန်ချမှတ်ထားတဲ့အတိုင်း ကျွန်မတို့ ဆောင်ရွက်နေပါတယ်။

လုံခြုံရေးတပ်ဖွဲ့တွေအနေနဲ့ တတ်နိုင်သမျှ ထိန်းထိန်းသိမ်းသိမ်း ဆောင်ရွက်ဖို့၊ ဘေးထွက်ဆိုးကျိုးတွေ မဖြစ်စေဖို့၊ အပြစ်မဲ့ပြည်သူတွေ ထိခိုက်မှုမရှိစေဖို့၊ စစ်ဆင်ရေးတွေ ဆောင်ရွက်ရာမှာ ကျင့်ဝတ်တွေကို တိတိကျကျလိုက်နာဖို့ ညွှန်ကြားထားပြီးဖြစ်ပါတယ်။

နိုင်ငံတော်အစိုးရ၏ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဆိုင်ရာ ကြိုးပမ်းမှုများနှင့်ပတ်သက်၍ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် မိန့်ခွန်းပြောကြားသည့်အခမ်းအနားသို့ တက်ရောက်လာသူများအား တွေ့ရစဉ်။

လူ့အခွင့်အရေးချိုးဖောက်မှုတွေ၊ တရားဥပဒေစိုးမိုးရေးနဲ့ တည်ငြိမ်အေးချမ်းရေးကို ထိခိုက်ပျက်ပြားစေမယ့် ဆောင်ရွက်ချက်တွေအားလုံးကို တရားဥပဒေအရ တိတိကျကျ အရေးယူဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

ဒီပဋိပက္ခကြားထဲမှာ ရောက်ရှိနေပြီး ထိခိုက်ခံစားနေရသူအားလုံးအတွက် ကျွန်မတို့ အထူးပဲ စိတ်မကောင်းဖြစ်ရပါတယ်။ နေအိမ်တွေကို စွန့်ခွာတိမ်းရှောင်နေရသူတွေ အများကြီးရှိပါတယ်။ မွတ်စလင်နဲ့ ရခိုင်တိုင်းရင်းသားတွေတင်မက သူတို့တွေရှိနေတယ်ဆိုတာ ကမ္ဘာကြီးက လုံးဝမသိရှိကြသေးတဲ့ မြို၊ သက်၊ ခမီ၊ ဒိုင်းနက်၊ မရမာကြီးတွေလို လူမျိုးစုငယ်လေးတွေ၊ ဟိန္ဒူဘာသာဝင်တွေဟာလည်း နေအိမ်တွေကို စွန့်ခွာတိမ်းရှောင်နေကြရတာဖြစ်ပါတယ်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ပြည်ထောင်စုဝန်ကြီး ဦးဆောင်တဲ့အဖွဲ့ဟာ ၂၀၁၇ ခုနှစ် ဩဂုတ်လ၂၇ ရက်နေ့ကစပြီး လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီတွေ ဖြန့်ဝေပေးခဲ့ပါတယ်။ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပေးအပ်မှုအသေးစိတ်ကို ကျွန်မတို့ သံတမန်တွေသိရှိအောင် ထုတ်ပြန်အသိပေးသွားမှာဖြစ်ပါတယ်။

ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်ရဲ့ အပြီးသတ် အစီရင်ခံစာကို ဩဂုတ်လ၂၄ ရက်နေ့မှာ ထုတ်ပြန်ခဲ့ပါတယ်။ ဒီအစီရင်ခံစာ ထုတ်ပြန်ခဲ့ပြီး နောက်တစ်နေ့မှာပဲ တိုက်ခိုက်မှုတွေစတင်ပြီး ပေါ်ပေါက်လာခဲ့ပါတယ်။ ကျွန်မတို့အနေနဲ့ ကော်မရှင်ရဲ့ အကြံပြုချက်တွေကို အကောင်အထည်ဖော်သွားဖို့ သန္နိဋ္ဌာန်ချထားပြီးဖြစ်ပါတယ်။ အချိန်တိုတိုအတွင်း တိုးတက်ကောင်းမွန်အောင် အမြန်ဆုံး ဆောင်ရွက်နိုင်မယ့် အကြံပြုချက်တွေကို ဦးစားပေးအကောင်အထည်ဖော်သွားမှာဖြစ်ပြီး ကျန်တဲ့အချိန်ယူဖို့လိုတဲ့ အကြံပြုချက်တွေကို နောက်ပိုင်းမှာ ဆက်လက်အကောင်အထည်ဖော်သွားမှာဖြစ်ပါတယ်။ ဒါပေမယ့် ရခိုင်ပြည်နယ်ငြိမ်းချမ်းရေး၊ သဟဇာတဖြစ်ရေးနဲ့ ဖွံ့ဖြိုးရေးအတွက် အကျိုးဖြစ်ထွန်းစေမယ့် အကြံပြုချက်မှန်သမျှကို အမြန်ဆုံး အကောင်အထည်ဖော်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

အစိုးရအနေနဲ့ အခြေအနေတွေကို ပုံမှန်အနေအထားပြန်လည်ရောက်ရှိအောင် ကြိုးပမ်းဆောင်ရွက်နေပါတယ်။ စက်တင်ဘာလ ၅ ရက်နေ့ကစပြီး ထိတွေ့တိုက်ခိုက်မှုတွေနဲ့ နယ်မြေရှင်းလင်းမှုတွေ မရှိတော့ပါဘူး။ ဒါပေမယ့်လည်း မွတ်စလင်အများအပြားဟာ နယ်စပ်ကိုဖြတ်ကျော်ပြီး ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်ကို ထွက်ပြေးတိမ်းရှောင်နေကြတယ်လို့သိရှိရပါတယ်။ ဘာကြောင့် ဒီလို အစုလိုက်အပြုံလိုက် ထွက်ပြေးနေကြတယ်ဆိုတာကို ကျွန်မတို့ရှာဖွေရမှာဖြစ်ပါတယ်။ ထွက်ပြေးသွားသူတွေကို သူတို့ ဘာကြောင့်ထွက်ပြေးကြသလဲဆိုတာ မေးကြည့်ချင်သလို နေရပ်ကို မစွန့်ခွာဘဲ ကျန်ရစ်နေတဲ့သူတွေကိုလည်း ဘာဖြစ်လို့ဆက်နေကြတာလဲဆိုတာကို မေးမြန်းချင်ပါတယ်။ ရခိုင်ပြည်နယ်မှာရှိတဲ့ မွတ်စလင်အများစုဟာ တစ်ဖက်ကို ထွက်မပြေးဘဲ ကျန်ရှိနေတယ်ဆိုတာကို လူတွေသိပ်မသိကြပါဘူး။ မွတ်စလင်ကျေးရွာတွေရဲ့ ငါးဆယ်ရာခိုင်နှုန်းကျော်ဟာ ဘယ်မှ မပြေးဘဲ ရှိနေကြပါသေးတယ်။ ဘာဖြစ်လို့ ဒီလိုမျိုးနေရစ်ခဲ့ကြတယ်ဆိုတာကို ကျွန်မတို့ သိချင်ပါတယ်။

ဒီအချက်ဟာ ကျွန်မတို့ဆက်ပြီး ထည့်သွင်းစဉ်းစားရမယ့်အချက်ပဲဖြစ်ပါတယ်။ ပြဿနာဖြစ်နေတဲ့ တစ်နေရာတည်းကိုမကြည့်ဘဲ ဘာပြဿနာမှမဖြစ်ဘဲရှိနေကြတဲ့နေရာတွေကိုလည်း ကြည့်မြင်တတ်ဖို့ လိုပါတယ်။ ကျန်တဲ့နေရာတွေမှာတော့ ဘာဖြစ်လို့ ပြဿနာတွေမဖြစ်အောင် ရှောင်ရှားနိုင်ကြရတာလဲ။ ဒါ့ကြောင့် သံတမန်အသိုင်းအဝိုင်းအနေနဲ့ ရခိုင်ပြည်နယ်မှာရှိတဲ့ အသိုက်အဝန်းတွေနဲ့ သင့်မြတ်စွာ ပေါင်းစည်းနေထိုင်နိုင်ကြတဲ့ မွတ်စလင်တွေကို ကျွန်မတို့နဲ့အတူ လေ့လာကြည့်ဖို့ ကျွန်မအနေနဲ့ တိုက်တွန်းလိုပါတယ်။

ကျွန်မတို့ရဲ့ ကြိုးပမ်းဆောင်ရွက်မှုတွေကို စိတ်ဝင်စားတယ်ဆိုရင် ကျွန်မတို့ကို အသိပေးပါ။ ကျွန်မတို့အနေနဲ့ အဲဒီဒေသတွေကို သွားရောက်နိုင်ဖို့ စီစဉ်ပေးမှာဖြစ်ပြီး အဲဒီလူတွေကို ကိုယ်တိုင်မျက်မြင်တွေ့ဆုံပြီး အနီးအနားပတ်ဝန်းကျင်မှာ ဖရိုဖရဲ ကစဉ့်ကလျား ထွက်ပြေးနေကြချိန်မှာ သူတို့တွေက ဘာကြောင့် တည်တည်ငြိမ်ငြိမ်နေထိုင်နိုင်သလဲဆိုတာကို မေးမြန်းကြည့်ကြစေလိုပါတယ်။

ကျွန်မတို့ဟာ ပြည်သူတွေရဲ့ စိုးရိမ်ကြောက်ရွံ့မှုတွေ လျော့ပါးသက်သာအောင် ကြိုးပမ်းဆောင်ရွက်နေချိန်မှာ ရခိုင်ပြည်နယ်ရဲ့ လူမှု-စီးပွားဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းတွေကိုလည်း ဆက်လက်ဆောင်ရွက်လျက်ရှိပါတယ်။ ဒီကြိုးပမ်းမှုတွေထဲကမှ အနည်းငယ်ကိုထုတ်နုတ်ပြီး ပြောရမယ်ဆိုရင် ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် ရခိုင်ပြည်နယ်လူမှုစီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေး(၂၀၁၇-၂၀၂၁) စီမံကိန်းကို ရေးဆွဲထားပြီးဖြစ်ပါတယ်။ ပုဂ္ဂလိက-အစိုးရ မိတ်ဖက်ပူးပေါင်းဆောင်ရွက်ရေး လုပ်ငန်းတွေကတစ်ဆင့် ဒေသခံပြည်သူအတွက် ရာနဲ့ချီတဲ့ အလုပ်အကိုင်တွေ၊ အခွင့်အလမ်းတွေ ဖန်တီးပေးခဲ့ပြီးဖြစ်ပါတယ်။ အလုပ်အကိုင်အသစ်တွေ၊ စီးပွားရေးလုပ်ငန်းသစ်တွေ ဖန်တီးပေးနိုင်မယ့် အထူးစီးပွားရေးဇုန်တစ်ခု ဖန်တီးဖော်ဆောင်ဖို့ ဖြစ်နိုင်ခြေဆန်းစစ်မှုတွေ ဆောင်ရွက်နေပြီဖြစ်ပါတယ်။ အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေးဘက်မှာဆိုရင်လည်း လျှပ်စစ်မီးရရှိစေဖို့ တိုးချဲ့ဆောင်ရွက်ပြီးဖြစ်ပါတယ်။ ယခင်က လှေနဲ့ပဲ သွားရောက်နိုင်တဲ့ ဝေးလံခေါင်ဖျားဒေသတွေဆီ ကူးလူးဆက်သွယ်သွားရောက်နိုင်မယ့် အမြန်လမ်းမကြီးအပါအဝင် လမ်းအသစ်တွေ၊ တံတားအသစ်တွေ တည်ဆောက်ထားပြီးဖြစ်ပါတယ်။ ရခိုင်ပြည်နယ်မှာ နေထိုင်ကြတဲ့ ပြည်သူတွေအားလုံးအတွက် ဘယ်လိုဖိနှိပ်ခွဲခြားမှုမှမရှိစေဘဲ ပညာသင်ယူခွင့်နဲ့ ကျန်းမာရေးစောင့်ရှောက်ကုသခွင့်တွေ ရရှိနေပြီဖြစ်ပါတယ်။ ကျေးလက်ဒေသ ကျန်းမာရေးစောင့်ရှောက်မှုအဖြစ် သွားလာရခက်ခဲတဲ့နေရာတွေကိုလည်း ရွေ့လျားဆေးခန်း(mobile clinic)တွေ တည်ထောင်ပေးထားပြီးဖြစ်ပါတယ်။ အစိုးရအနေနဲ့ ရခိုင်ပြည်နယ်ရှိ စာသင်ကျောင်းပေါင်း ၃၀၀ ကို အဆင့်မြှင့်တင်ပေးခဲ့ပြီး အသက်မွေးဝမ်းကျောင်းသင်တန်း၊ နည်းပညာသင်တန်းတို့ကိုလည်း စတင်ဖွင့်လှစ်ခဲ့ပြီးဖြစ်ပါတယ်။ မွတ်စလင်ကျောင်းသားတွေကို မည်သည့်ခွဲခြားဖိနှိပ်မှုမျှမရှိဘဲ အဆင့်မြင့်ပညာသင်ကြားခွင့်ရရှိနေပြီဖြစ်ပါတယ်။

မကြာသေးမီက တိုက်ခိုက်မှုဖြစ်ပွားမှုမတိုင်ခင် ဩဂုတ်လ ၂၅ ရက်က အဆိုပါဒေသရှိ အဖွဲ့အစည်းအားလုံးထံသို့ လူသားချင်းစာနာထောက်ထားမှု အကူအညီများလည်း ပဋိပက္ခဖြစ်ပွားရာနေရာ ၉၅ ရာခိုင်နှုန်းအထိ ရောက်ရှိပြီးဖြစ်ပါတယ်။ ဒေသမှာ နေထိုင်နေသူအားလုံးကို စောင့်ရှောက်နိုင်ဖို့ ရည်ရွယ်လျက် လူသားချင်းစာနာထောက်ထားမှုအကူအညီများ ပေးအပ်ရေး ကြိုးပမ်းအားထုတ်မှုတွေကို ယနေ့ဆောင်ရွက်လျက်ရှိပါတယ်။

ဒီဒေသမှာရှိတဲ့ ပြည်သူများအားလုံးကို စောင့်ရှောက်ရန်အတွက် လူသားချင်းစာနာထောက်ထားမှု အကူအညီပေးရေးလုပ်ငန်းများကို ထပ်မံဆောင်ရွက်လျက်ရှိပါတယ်။ နေရပ်ဒေသစွန့်ခွာသူများနှင့် စပ်လျဉ်းပြီး အိမ်များဆောက်လုပ်ခြင်းအပါအဝင် အခြားလိုအပ်တဲ့ အကူအညီများ ပေးအပ်ခဲ့ပြီးနောက် စခန်း သုံးခုကို ပိတ်ခဲ့ပြီးဖြစ်ပါတယ်။ အဲဒီဒေသတွေမှာ ဆောင်ရွက်စရာတွေ အများကြီးရှိနေတယ်ဆိုတာကို သိပါတယ်။ အဲဒါတွေကိုလည်း ရင်ဆိုင်ဖြေရှင်းသွားမှာဖြစ်ပါတယ်။

နိုင်ငံသားစိစစ်မှုလုပ်ငန်းအတွက် လုပ်ငန်းစီမံချက်ချမှတ်ပြီး ဆက်လက်ဆောင်ရွက်လျက်ရှိပါတယ်။ အဲဒီလုပ်ငန်းစဉ်ဟာ အသိုက်အဝန်းအားလုံးက ပူးပေါင်းဆောင်ရွက်မှုလိုအပ်တဲ့ကိစ္စဖြစ်ပါတယ်။ အချို့မွတ်စလင်အသိုက်အဝန်းရဲ့ အကြီးအကဲတွေက ဒီလုပ်ငန်းစဉ်မှာ မပါဝင်ဖို့ တိုက်တွန်းပြောကြားတာတွေရှိပါတယ်။ ဒါကြောင့် မိတ်ဆွေများအနေနဲ့ သူတို့ကို ဒီလုပ်ငန်းစဉ်မှာ ပါဝင်လာအောင် တိုက်တွန်းပြောကြားစေလိုပါတယ်။ ဘာကြောင့်လဲဆိုတော့ ဒီလုပ်ငန်းစဉ်မှာ ပါဝင်လာခြင်းဖြင့် သူတို့မှာ ဆုံးရှုံးစရာဘာမှမရှိလို့ပါပဲ။ ဘာသာပေါင်းစုံအဖွဲ့တွေမှတစ်ဆင့် လူ့အသိုက်အဝန်းတွေအကြား သဟဇာတရှိရှိ နေထိုင်နိုင်ဖို့အတွက် ဆောင်ရွက်မှုများလည်း ပြုလုပ်နေပါတယ်။ ကျောင်းတွေမှာ စိတ်ပိုင်းဆိုင်ရာ၊ ပြည်သူ့ရေးရာနဲ့ တည်ငြိမ်အေးချမ်းမှုနဲ့ သဟဇာတဖြစ်မှုတို့ကို ပိုမိုနားလည်စေမယ့်သင်ရိုးညွှန်းတမ်းတွေကိုလည်း စတင်သင်ကြားပေးနေပြီဖြစ်ပါတယ်။

စာမျက်နှာ ၉ သို့ ✻

✻ စာမျက်နှာ ၈ မှ

ကျွန်မတို့အစိုးရဟာ လူ့အခွင့်အရေးကို ကာကွယ်ရေးအတွက် ပေါ်ပေါက်လာတဲ့ အစိုးရအဖွဲ့ဖြစ်ပါတယ်။ အသိုက်အဝန်းတစ်ခုတည်းအတွက်မဟုတ်ဘဲ နိုင်ငံနယ်နိမိတ်အတွင်းမှာနေထိုင်တဲ့ လူများအားလုံးရဲ့ လူ့အခွင့်အရေးကို ကာကွယ်ပေးဖို့ ဖြစ်ပါတယ်။

အလားတူပဲ FM Radio လိုင်း တစ်ခုထားပြီး ကျန်းမာရေး၊ ပညာရေး၊ နိုင်ငံသားစိစစ်ရေးဆိုင်ရာ အချက်အလက်တွေ ထုတ်လွှင့်ပေးနေပါတယ်။ မြန်မာ၊ ရခိုင်နဲ့ ဘင်္ဂါလီဘာသာစကားတွေနဲ့ ထုတ်လွှင့်နေတာ ဖြစ်ပါတယ်။

ရဲတပ်ဖွဲ့ဝင်များရဲ့ အရည်အချင်းနဲ့ အရည်အသွေးမြှင့်တင်ရေးအတွက် သင်တန်းတွေကို EU, UN တို့နဲ့ ပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်။

၂၀၁၆ ခုနှစ် ဒီဇင်ဘာလကတည်းက ပြည်တွင်း၊ ပြည်ပ မီဒီယာများဟာ အဲဒီဒေသတွေမှာ သွားရောက်သတင်းယူမှုများ ပြုလုပ်နေကြပါတယ်။ အရင်က သွားခွင့်မရှိတဲ့နေရာတွေကိုပါ သွားခိုင်းနေပါတယ်။ ဩဂုတ်လ ၂၅ ရက်နေ့ နောက်ပိုင်းမှာလည်း မီဒီယာအဖွဲ့တွေကို အဲဒီဒေသတွေကို သွားလာခွင့်ပြုထားပါတယ်။

တစ်ဖက်မှာလည်း အစိုးရအနေနဲ့ ဘင်္ဂလားဒေ့ရှ်နိုင်ငံနဲ့ ထိတွေ့မှုများ ဆက်လက်ပြုလုပ်နေပါတယ်။ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ အမျိုးသားလုံခြုံရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ်တို့ကို ဘင်္ဂလားဒေ့ရှ်နိုင်ငံကို ဒီနှစ် ဇန်နဝါရီလနဲ့ ဇူလိုင်လတို့မှာ စေလွှတ်ခဲ့ပါတယ်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်မှ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီးအနေနဲ့ မိမိတို့ဆီကို လာရောက်လည်ပတ်ဖို့ရှိသော်လည်း သူ့ဘက်မှာ အခြားကိစ္စတွေ ပေါ်ပေါက်လာတဲ့အတွက် ခရီးစဉ်ကို ခေတ္တရွှေ့ဆိုင်းထားပါတယ်။ သူ့အနေနဲ့ အချိန်မရွေး လာရောက်နိုင်အောင် မိမိတို့က စီစဉ်ထားပါတယ်။ နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မှု အစီအစဉ်အနေနဲ့ နယ်စပ်ဒေသလုံခြုံရေးဆိုင်ရာ ကိစ္စရပ်တွေကို ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားဖို့ ရှိပါတယ်။

မြန်မာဘက်ကနေ ဘင်္ဂလားဒေ့ရှ်ဘက် ထွက်ပြေးသွားတဲ့ ဒုက္ခသည်တွေကို ပြန်လည်လက်ခံဖို့ တိုက်တွန်းပြောကြားထားတာ ရှိပါတယ်။ ပြန်လည်လက်ခံနိုင်ရေးအတွက် မြန်မာနိုင်ငံမှာ အမှန်တကယ် နေထိုင်ခဲ့ကြောင်း စိစစ်မှုလုပ်ငန်းစဉ် (Verification Process)ကို အချိန်မရွေး စတင်နိုင်ဖို့အတွက် ကျွန်မတို့ ပြင်ဆင်ထားပါတယ်။ နှစ်နိုင်ငံအကြားမှာ ရရှိခဲ့တဲ့ သဘောတူညီချက်တွေကို မူတည်ပြီး ၁၉၉၃ ခုနှစ်ကတည်းက နိုင်ငံသားစိစစ်ရေးလုပ်ငန်းစဉ်တစ်ခု ထူထောင်ထားပြီး ဖြစ်ပါတယ်။ အဲဒီအပေါ် မူတည်ပြီး မြန်မာနိုင်ငံကို ပြန်လာချင်တဲ့ ဒုက္ခသည်တွေကို လက်ခံဖို့ ကျွန်မတို့ အဆင်သင့်ရှိပါတယ်။ အဲဒီအချိန်က သဘောတူညီထားတဲ့ သတ်မှတ်ချက်များကို တိကျစွာ လိုက်နာမှာ ဖြစ်ပါတယ်။

အမျိုးသားလုံခြုံရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ် ပြောကြားထားတဲ့အတိုင်း ကျွန်မတို့အနေနဲ့ အဆိုပါအချက်အလက်တွေနဲ့ ကိုက်ညီတဲ့ မြန်မာနိုင်ငံမှ ဒုက္ခသည်လို့ ဆန်းစစ်အတည်ပြုနိုင်တဲ့ သူတွေအားလုံးကို ပြန်လည်လက်ခံဖို့ အသင့်ရှိပါတယ်။ လုံခြုံရေးနဲ့ လူသားချင်းစာနာမှုဆိုင်ရာ အထောက်အပံ့တွေ လက်ခံရရှိနိုင်ရေးအတွက်လည်း အာမခံပါတယ်။

မိတ်ဆွေတွေအနေနဲ့ ကျေးရွာတွေမှာရှိတဲ့ အိမ်တွေ မီးရှို့ဖျက်ဆီးခံရမှုနဲ့ ဒုက္ခသည်များ အလုံးအရင်းနဲ့ ထွက်ပြေးတိမ်းရှောင်နေရတဲ့ သတင်းတွေကြောင့် စိုးရိမ်မှုတွေ ဖြစ်နေတယ်ဆိုတာကို ကျွန်မ နားလည်ပါတယ်။ ဒါပေမယ့် ကျွန်မပြောခဲ့သလို စက်တင်ဘာ ၅ ရက်နေ့ကတည်းက တိုက်ခိုက်မှုတွေနဲ့ နယ်မြေရှင်းလင်းမှုတွေ မရှိတော့ပါဘူး။ ကျွန်မတို့အနေနဲ့လည်း တကယ်တမ်း ပြဿနာအရင်းအမြစ်ကို သိချင်ပါတယ်။ အဲဒါတွေနဲ့ပတ်သက်လို့ စွပ်စွဲမှုတွေနဲ့ တန်ပြန်စွပ်စွဲမှုတွေ ရှိနေပါတယ်။ ဒါတွေအားလုံးကို နားထောင်ဖို့လိုပါတယ်။ အရေးယူမှုတွေ မပြုလုပ်ခင် အဲဒီစွပ်စွဲမှုတွေမှာ ခိုင်မာတဲ့အကြောင်းအရာတွေရှိဖို့ လိုပါတယ်။ အရေးယူမှုတွေ ပြုလုပ်တဲ့အခါ ဘာသာ၊ လူမျိုး၊ ရာထူးစတာတွေကို ငဲ့ညှာမှာမဟုတ်ဘဲ ဒီမြေရဲ့ ဥပဒေကိုဆန့်ကျင်သူများ၊ လူ့အခွင့်အရေး ချိုးဖောက်သူများကို အရေးယူသွားမှာ ဖြစ်ပါတယ်။

လူ့အခွင့်အရေးနဲ့ ပတ်သက်လာရင် ဘယ်တုန်းကမှ သက်ညှာမှု မရှိခဲ့ပါဘူး။ ကျွန်မတို့အစိုးရဟာ လူ့အခွင့်အရေးကို ကာကွယ်ရေးအတွက် ပေါ်ပေါက်လာတဲ့ အစိုးရအဖွဲ့ဖြစ်ပါတယ်။ အသိုက်အဝန်းတစ်ခုတည်းအတွက်မဟုတ်ဘဲ နိုင်ငံနယ်နိမိတ်အတွင်းမှာနေထိုင်တဲ့ လူများအားလုံးရဲ့ လူ့အခွင့်အရေးကို ကာကွယ်ပေးဖို့ဖြစ်ပါတယ်။

ရခိုင်ပြည်နယ်မှာရှိတဲ့ ပြဿနာတွေကို အာရုံစိုက်ဖြေရှင်းနေသလို ကျွန်မတို့အတွက် နိုင်ငံရဲ့ အနောက်ပိုင်းမှာရှိတဲ့ ပြဿနာလိုပဲ အရေးကြီးတဲ့ ပြဿနာတွေ ရှိနေပါသေးတယ်။

ကျွန်မတို့အနေနဲ့ ပြည်တွင်းပဋိပက္ခတွေ ချုပ်ငြိမ်းပြီး ငြိမ်းချမ်းရေး ရရှိအောင် ကြိုးပမ်းဆောင်ရွက်နေပါတယ်။ အဲဒီငြိမ်းချမ်းရေးဟာ ရေရှည်တည်တံ့ပြီး သာတူညီမျှ တစ်ပြေးညီ အကျိုးဖြစ်ထွန်းစေမယ့် ဖွံ့ဖြိုးရေးကို အကျိုးပြုရမှာဖြစ်ပါတယ်။ အဲဒီ ငြိမ်းချမ်းရေးဆောင်ရွက်မှုမှာ ပါဝင်ဆောင်ရွက်ပေးဖို့ ဖိတ်ခေါ်လိုပါတယ်။ ကျွန်မတို့နိုင်ငံအနေနဲ့ နှစ်ပေါင်းများစွာ ရင်ဆိုင်နေရတဲ့ ပြဿနာတွေကို ဖြေရှင်းနိုင်မယ့် နည်းလမ်းတွေ ရှာဖွေဖို့အတွက် ကျွန်မတို့နဲ့အတူ ပူးပေါင်းဆောင်ရွက်ပေးဖို့ ဖိတ်ခေါ်ပါတယ်။

ပြီးခဲ့တဲ့နှစ်က စတင်ဆောင်ရွက်ခဲ့တဲ့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ဟာ ဆက်လက်ဆောင်ရွက်နေပါတယ်။ ဒါပေမယ့် အခက်အခဲတချို့လည်း ရှိနေပါတယ်။ ကျွန်မအနေနဲ့ မအံ့သြပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ ကမ္ဘာပေါ်မှာရှိတဲ့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွေမှာ တွေ့နေကျအချက်တွေပဲ ဖြစ်ပါတယ်။ တစ်ခါတစ်ရံမှာ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွေဟာ ရပ်တန့်နေတာ၊ ရှေ့တိုးမရ နောက်ဆုတ်မရ ဖြစ်နေတာ၊ တစ်ခါတစ်ရံမှာ အားလုံးတစ်စစီ ပြိုကွဲပျက်စီးသွားတာမျိုးတွေ တွေ့ရမှာဖြစ်ပါတယ်။

ကျွန်မတို့အနေနဲ့တော့ အားလုံးကို ကျော်လွှားနိုင်ပြီး ရှေ့ကို ဆက်လက်ဆောင်ရွက်သွားနိုင်မှာ ဖြစ်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်မတို့အားလုံးဟာ စစ်ကိုမုန်းတီးနေပြီး ငြိမ်းချမ်းမှုကို လိုချင်ကြပါတယ်။ ကျွန်မတို့ ပဋိပက္ခတွေ မလိုလားဘူး။ သဟဇာတရှိရှိနေထိုင်သွားဖို့ကို လိုလားလို့ပဲ ဖြစ်ပါတယ်။ ဒါဟာ တစ်နိုင်ငံလုံးမှာရှိတဲ့ ပြည်သူတွေအားလုံး လိုလားတဲ့ မျှော်မှန်းတဲ့အချက်ပဲ ဖြစ်ပါတယ်။

ငြိမ်းချမ်းရေး၊ တည်ငြိမ်မှုရှိရေး၊ သဟဇာတရှိရှိနေထိုင်ရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေးဆိုတာဟာ ကြီးကျယ်ခမ်းနားတဲ့ အာဂျင်ဒါ မဟုတ်ပေမယ့် လွယ်ကူတဲ့အရာတော့ မဟုတ်ပါဘူး။

ကျွန်မတို့နိုင်ငံရဲ့ အခက်အခဲတွေကို ကျော်လွှားနိုင်ဖို့ ရှေ့ဆက်ဆောင်ရွက်ရာမှာ ကျွန်မတို့ရဲ့ မိတ်ဆွေများအနေနဲ့ ကျွန်မတို့ကို နားလည်သဘောပေါက်ပြီး ကျွန်မတို့နဲ့ လက်တွဲဆောင်ရွက်ပါလို့ ပြောကြားလိုပါတယ်။ ကျွန်မတို့အတွက် အပြုသဘောဆောင်တဲ့ ပူးပေါင်းဆောင်ရွက်မှုများနဲ့ ငြိမ်းချမ်းမှု၊ တည်ငြိမ်အေးချမ်းမှုနဲ့ သဟဇာတရှိမှုကို ရရှိနိုင်မယ့် နည်းလမ်းသစ်တွေကို ရှာဖွေရာမှာ ပါဝင်ဖို့ တိုက်တွန်းလိုပါတယ်။

တစ်နိုင်ငံလုံးအတွက် စဉ်းစားစေချင်ပါတယ်။ နေရာဒေသတစ်ခုတည်းကို ကွက်ပြီး စဉ်းစားတာမျိုး မဖြစ်စေချင်ပါဘူး။ တစ်နိုင်ငံလုံးအတွက် ဆောင်ရွက်မှသာ တိုးတက်မှုကို ရရှိမှာဖြစ်ပါတယ်။

ကျန်းမာတဲ့ လူတစ်ယောက်အနေနဲ့ တင်စားလိုပါတယ်။ နာမကျန်းဖြစ်တဲ့ နေရာတစ်ခုတည်းကို ကုစားဖို့အတွက် အထွေထွေကျန်းမာရေးအခြေအနေတွေကို လျစ်လျူရှုထားလို့မရပါဘူး။

ကျန်းမာရေးကို တင်စားရတာကတော့ ကျန်းမာရေးကဏ္ဍဟာ ကျွန်မတို့ အစိုးရတာဝန်ယူပြီးတဲ့ အချိန်ကစပြီး ယနေ့အထိ အထူးအောင်မြင်မှုရရှိနေတဲ့ ကဏ္ဍဖြစ်လို့ပါပဲ။ လူထုကျန်းမာရေးကို အာရုံစိုက်ဆောင်ရွက်နေရင်းနဲ့ အခြားသော ကျန်းမာရေးဆိုင်ရာပြဿနာများကို ဖြေရှင်းနိုင်တယ်ဆိုတာကို သိလာရပါတယ်။

ဥပမာအားဖြင့် တစ်နှစ်အတွင်းမှာ အိတ်ချ်အိုင်ဗွီကြောင့် သေဆုံးနှုန်းကို တစ်ဝက်လျှော့ချနိုင်ခဲ့ပါတယ်။ အဲဒီလိုလျှော့ချနိုင်တာဟာ အိတ်ချ်အိုင်ဗွီ ရောဂါတစ်ခုတည်းကို အာရုံစိုက် ကုစားလို့မဟုတ်ဘဲ လူထုကျန်းမာရေး တစ်ခုလုံးကို ရှေးရှုဆောင်ရွက်ခဲ့လို့ဖြစ်ပါတယ်။

အဲဒီ ဥပမာလိုပါပဲ၊ ကျွန်မတို့နိုင်ငံကို တစ်နိုင်ငံလုံးအနေအထားကို ခြုံငုံစဉ်းစားစေလိုပါတယ်။ ကျွန်မတို့နိုင်ငံရဲ့ ဒီမိုကရေစီဖြစ်စဉ်ဟာ နုနယ်ပြီး ထိလွယ်ခိုက်လွယ်တဲ့အနေအထားဖြစ်ပါတယ်။ အဲဒီအပြင် အခက်အခဲများစွာကိုလည်း ရင်ဆိုင်ဖြေရှင်းနေရပါတယ်။ ဒါပေမယ့် ကျွန်မတို့အနေနဲ့ ခန္ဓာကိုယ်တစ်ခုလုံး ကျန်းမာဖို့အတွက် ဂရုစိုက်ဆောင်ရွက်သလိုပဲ ပြဿနာတချို့သာမက အဲဒီအခြေအနေတွေအားလုံးကို ကိုင်တွယ်ဖြေရှင်းရမှာဖြစ်ပါတယ်။

ဒါ့ကြောင့် ပိုပြီးတော့ ဆန်းသစ်တဲ့၊ ပိုမိုရဲရင့်တဲ့ နည်းလမ်းသစ်တွေ၊ အဖြေတွေကို ရှာဖွေရာမှာ လက်တွဲဆောင်ရွက်ဖို့ ဖိတ်ကြားလိုပါတယ်။ ပြဿနာတွေကို မြန်မြန်ဆန်ဆန် မဖြေရှင်းနိုင်သေးရင် အဲဒီပြဿနာတွေကို ဘယ်တော့မှ ဖြေရှင်းနိုင်မှာ မဟုတ်ဘူးလို့ ပြောတာမဟုတ်ပါဘူး။ ကျွန်မတို့ ပြည်သူတွေရဲ့ခံစားနေရတာတွေ ပိုပြီးကြာရှည်နေတယ်လို့ ဆိုရမှာဖြစ်ပါတယ်။ ဒါ့ကြောင့် ကျွန်မတို့ပြည်သူတွေ ခံစားရတာတွေကို အမြန်ဆုံးကျော်လွှန်သွားဖို့ ကြိုးစားသွားမှာဖြစ်ပါတယ်။

ကျွန်မတို့အနေနဲ့ နိုင်ငံအတွင်း၊ နိုင်ငံရဲ့ နယ်နိမိတ်အတွင်း နေထိုင်သူတွေအားလုံး လုံခြုံအေးချမ်း သာယာဝပြောစွာ နေနိုင်ဖို့အတွက် ကြိုးစားဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ အဲဒီရည်မှန်းချက်ဟာ ကြီးမားတဲ့ မျှော်မှန်းချက်ဖြစ်ပါတယ်။ ဒါပေမယ့် အောင်မြင်အောင် ဆောင်ရွက်ရာမှာ မဖြစ်နိုင်တဲ့ မျှော်မှန်းချက်တော့ မဟုတ်ပါဘူး။

ကျွန်မတို့အားလုံး လက်တွဲဆောင်ရွက်ရမှာဖြစ်ပြီးတော့ အစိုးရအပါအဝင် ဒီနိုင်ငံအတွင်းမှာရှိတဲ့ လူတစ်ဦးချင်းစီမှာ ဒီတာဝန်ရှိပါတယ်။ ဒါပေမယ့် ကျွန်မတို့ရဲ့ မိတ်ဆွေတွေကို ကျွန်မတို့ရဲ့ ကြိုးပမ်းဆောင်ရွက်မှုမှာ ပါဝင်ကူညီဖို့ ဖိတ်ကြားလိုပါတယ်။ ပြဿနာတွေရှိတဲ့ကြားထဲက အဲဒီပြဿနာတွေကို ဖြေရှင်းပြီး ကျန်းမာတဲ့၊ သန်မာတဲ့၊ ရှေ့အနာဂတ်ကို မျှော်မှန်းချက်များနဲ့အညီ လုံခြုံတဲ့အနာဂတ်ဆီကို လျှောက်လှမ်းနိုင်မယ့် နိုင်ငံတစ်နိုင်ငံ တည်ဆောက်သွားတဲ့နေရာမှာ ပါဝင်ဖို့ ဖိတ်ကြားလိုပါတယ်။

ကျွန်မအနေနဲ့ သံတမန်အသိုင်းအဝိုင်းနဲ့ အခုလို တွေ့ဆုံတဲ့အခါမှာ ကိစ္စတစ်ခုလောက်သာ မီးမောင်းထိုးပြရတာကို အားမရပါဘူး။ ဒါ့ကြောင့် ကျွန်မတိုက်တွန်းလိုတာက ကျွန်မတို့ကို မိတ်ဆွေတို့ရဲ့ အမြင်ကိုပြောပါ၊ ဆွေးနွေးပါ၊ ကျွန်မတို့နဲ့အတူ ပြဿနာဖြစ်နေတဲ့ထဲက နေရာကို လုံခြုံစိတ်ချရတဲ့နေရာကို လိုက်ကြည့်ပါ။ ကိုယ်တိုင် ဘာတွေဖြစ်နေတယ်ဆိုတာကို ကိုယ်တိုင်လေ့လာပါ။ ပြီးတော့ ဒီပြဿနာများကို ဘယ်လိုဖြေရှင်းနိုင်မလဲဆိုတာကို စဉ်းစားကြည့်ပါ။

အဲဒီနေရာမှာ တိုက်တွန်းလိုတာက ဒီလိုပြဿနာရှိနေတဲ့ ဒေသမှာတောင် အချို့လူတွေဟာ တစ်ဦးနဲ့တစ်ဦး ရန်လိုမှုမရှိဘဲ သဟဇာတနေနိုင်ကြတယ်။ ဘာကြောင့် အဲ့ဒီလို နေနိုင်သလဲဆိုတာကို သုံးသပ်ပါ။ အဲဒီလိုလေ့လာသုံးသပ်မှုကနေ ကျွန်မတို့လိုချင်တဲ့ အဖြေကို ရရှိလာပါလိမ့်မယ်။

အဲဒီလိုလုပ်တာဟာ မကောင်းတဲ့အခြေအနေကို ဖယ်ရှားလိုက်တာတစ်ခုတည်းမဟုတ်ဘဲ အပြုသဘောဆောင်တဲ့ အနေအထားတွေကို မြှင့်တင်ပေးရမှာ ဖြစ်ပါတယ်။ အပျက်သဘောကို ဖယ်ရှားပြီး အပြုသဘောကို မြှင့်တင်ပေးရမှာဖြစ်ပါတယ်။ အဲဒီလိုလုပ်ဖို့အတွက် ကျွန်မတို့အနေနဲ့ မိတ်ဆွေတို့နဲ့အတူ ပူးပေါင်းဆောင်ရွက်သွားလိုပါတယ်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးအနေနဲ့ လူသားချင်းစာနာမှု အထောက်အပံ့ပေးမှုအစီအစဉ်ကို ခေါင်းဆောင်ပြီး ဆောင်ရွက်နေပါတယ်။ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီအဖွဲ့အနေနဲ့ ပူးပေါင်းပါဝင်နေတဲ့အတွက် ဝမ်းသာပါတယ်။ အခြားပါဝင်လိုသူတွေကိုလည်း ကြိုဆိုပါတယ်။

ငွေအား၊ လူအား၊ ပစ္စည်းအားနဲ့ ပါဝင်လှူဒါန်းမှုတွေ အများကြီးရရှိနေပါတယ်။ ကျွန်မတို့အနေနဲ့ အဲဒီ လှူဒါန်းမှု၊ ကူညီမှုများအားလုံးကို ရခိုင်ပြည်နယ်မှာရှိတဲ့ အသိုက်အဝန်းအားလုံးအတွက် အကောင်းဆုံးနဲ့ အကျိုးအရှိဆုံး အသုံးချသွားနိုင်အောင် ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

ကျွန်မတို့အနေနဲ့ မြန်မာနိုင်ငံကို ဘာသာရေး၊ လူမျိုးရေးနဲ့ နိုင်ငံရေးယုံကြည်မှုတွေကြောင့် အကွဲကွဲအပြားပြားဖြစ်နေတဲ့ နိုင်ငံတစ်နိုင်ငံ မဖြစ်စေလိုပါဘူး။ ကျွန်မတို့အနေနဲ့ မတူကွဲပြားမှုများကို အခြေပြုတဲ့ အခွင့်အရေးများကို ခံစားခွင့်၊ ဘဝကို မိမိယုံကြည်မှုနဲ့ လျှောက်လှမ်းခွင့် ရှိပါတယ်။ ဒါပေမယ့် ကျွန်မတို့ဟာ အတူတကွ ပူးပေါင်းဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်မတို့ဟာ နိုင်ငံတစ်နိုင်ငံထဲမှာ နေထိုင်ကြလို့ဖြစ်ပါတယ်။

ကျွန်မတို့ဟာ နိုင်ငံတစ်နိုင်ငံနဲ့ သက်ဆိုင်ရင် ဒီကမ္ဘာနဲ့လည်း သက်ဆိုင်ပါတယ်။ အဲဒီအချက်ကြောင့်ပဲ ကျွန်မတို့ဟာ ကုလသမဂ္ဂရဲ့ အခန်းကဏ္ဍကို နိုင်ငံများစုဝေးရာအဖြစ် ယုံကြည်လက်ခံပြီး ငြိမ်းချမ်းမှုနဲ့ သဟဇာတရှိမှုကို မြှင့်တင်နိုင်အောင် တည်ထောင်ခဲ့ကြတာဖြစ်ပါတယ်။ ဒုတိယကမ္ဘာစစ်အတွင်းက ခံစားခဲ့ရမှုမျိုးတွေ ထပ်မံမဖြစ်ပေါ်လာအောင်အတွက် ဖွဲ့စည်းခဲ့ကြတာဖြစ်ပါတယ်။ ဒါ့ကြောင့် ကုလသမဂ္ဂကို တည်ထောင်မှုဟာ စစ်ပွဲတွေနဲ့ ပဋိပက္ခတွေကို ချုပ်ငြိမ်းဖို့အတွက် တည်ထောင်ခဲ့တာဖြစ်ပါတယ်။

ဒါ့ကြောင့် ကျွန်မတို့ ဒီနေ့တွေ့ဆုံမှုဟာ ထိရောက်တဲ့၊ ခိုင်မာတဲ့ လှုပ်ရှားမှုတစ်ရပ်ရဲ့အစလို့ ကျွန်မ ယူဆပါတယ်။ မြန်မာနိုင်ငံအတွင်းမှာရှိတဲ့ ပဋိပက္ခတွေအားလုံး အဆုံးသတ်နိုင်ဖို့အတွက်လို့ မြင်ပါတယ်။

ကျွန်မတို့နိုင်ငံရဲ့ အသိုက်အဝန်းများအကြား၊ ပြည်သူများအကြား ရှေ့ကိုဘယ်လို ဆက်လျှောက်မလဲဆိုတဲ့အပေါ် အမြင်အယူအဆ မတူညီမှုများအကြား ဖြစ်ပေါ်နေတဲ့ ပဋိပက္ခတွေကို အဆုံးသတ်ဖို့လို့ မျှော်လင့်ပါတယ်။

အမြင်အယူအဆ မတူညီမှုများအကြား ဖြစ်ပေါ်နေတဲ့ ပဋိပက္ခကတော့ အမြင်ကျယ်ကျယ်နဲ့ အချင်းချင်း ဆွေးနွေးညှိနှိုင်းဆောင်ရွက်သွားနိုင်ပါတယ်။ မေတ္တာထားရှိခြင်းနဲ့ ရဲရင့်မှုဟာ အခြားသူတို့ရဲ့ စိတ်ထားကို မြင်တွေ့နိုင်သလို ယင်းကို အခြေခံ၍ အခြားသူများကလည်း မိမိတို့ရဲ့ စိတ်ထားကို သိရှိနိုင်ပါတယ်။

စကားလုံးတွေ၊ ခံစားချက်တွေ၊ လက်နက်တွေနဲ့ အချင်းချင်း တိုက်ခိုက်နေခြင်းအားဖြင့် ပြဿနာများကို ဖြေရှင်းနိုင်မှာ မဟုတ်ပါဘူး။ အကူအညီလည်း ပြုမှာမဟုတ်ပါဘူး။ မုန်းတီးမှုနဲ့ ကြောက်ရွံ့မှုဟာ ကမ္ဘာပေါ်မှာ ပြဿနာများရဲ့ အကြောင်းအရင်းဖြစ်ပါတယ်။ စစ်ပွဲတွေ၊ ပဋိပက္ခတွေဟာ မုန်းတီးမှုနဲ့ ကြောက်ရွံ့မှုများကနေ ပေါက်ဖွားလာတာ ဖြစ်ပါတယ်။ မုန်းတီးမှုနဲ့ ကြောက်ရွံ့မှုတွေကို ဖယ်ရှားနိုင်မှသာ စစ်ပွဲတွေ၊ ပဋိပက္ခတွေကို အဆုံးသတ်နိုင်မှာ ဖြစ်ပါတယ်။ ကျွန်မတို့ နိုင်ငံကရော ကမ္ဘာပေါ်ကရော ဖြစ်ပါတယ်။

အားလုံးသိကြတဲ့အတိုင်း လတ်တလောအခြေအနေမှာ စွပ်စွဲမှုတွေနဲ့ တန်ပြန်စွပ်စွဲမှုတွေ ဖြစ်နေပါတယ်။ ကျွန်မအနေနဲ့ ဘယ်ဘက်ကိုမှ လိုက်မှာမဟုတ်ပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်မယုံကြည်တာက တစ်ဦးနဲ့တစ်ဦး နားလည်မှုနဲ့ သဟဇာတရှိမှုကို မြှင့်တင်ပေးဖို့အတွက် ဖြစ်လို့ပါပဲ။

မိတ်ဆွေတို့အနေနဲ့ နားလည်နိုင်မယ်၊ ကျွန်မတို့နဲ့ လက်တွဲဆောင်ရွက်နိုင်မယ်လို့ မျှော်လင့်ပါတယ်။ ကျွန်မပြောခဲ့သလို ယခုအခမ်းအနားဟာ သံတမန်အသိုင်းအဝိုင်းကို ကျွန်မတို့ ဘာတွေကြိုးပမ်းဆောင်ရွက်နေတယ်ဆိုတာကို သိရှိအောင်ပြောကြားဖို့အတွက် ဖြစ်ပါတယ်။ ဒါပေမယ့် တကယ်တမ်းကျတော့ သံတမန်တွေကို ရှင်းလင်းပြောကြားမှုထက် ပိုပါတယ်။

မြန်မာနိုင်ငံအပေါ် စေတနာထားတဲ့သူတွေကို ရင်းရင်းနှီးနှီး ဖိတ်ခေါ်တာဖြစ်ပါတယ်။ ကျွန်မတို့ ရည်ရွယ်ချက်တွေ အောင်မြင်အောင် ပူးပေါင်းဆောင်ရွက်ကြဖို့ ဖိတ်ခေါ်ခြင်းဖြစ်ပါတယ်။ ဒီလို ပူးပေါင်းဆောင်ရွက်ခြင်းဟာ ကျွန်မတို့နိုင်ငံ တစ်နိုင်ငံတည်းအတွက်သာ မဟုတ်ဘဲ ကမ္ဘာပေါ်မှာ အလားတူ ရင်ဆိုင်နေရတဲ့ နိုင်ငံတွေအတွက်လည်း ပူးပေါင်းဆောင်ရွက်မှုများ လိုအပ်မယ်ဆိုတာကို အားလုံးက သဘောတူလက်ခံလိမ့်မယ်လို့ မျှော်လင့်ပါတယ်။

အားလုံးကို ကျေးဇူးတင်ပါတယ်။

နေရပ်စွန့်ခွာထွက်ပြေးလာသည့် တိုင်းရင်းသားများအား သီပေါမှ စေတနာရှင်များက အလှူငွေများ လှူဒါန်း

သီပေါ စက်တင်ဘာ ၁၉

အစွန်းရောက်အကြမ်းဖက်သမားများ၏အန္တရာယ်ကို ကြောက်ရွံ့၍ ပုန်းအောင်းတိမ်းရှောင်ရင်း နေရပ်စွန့်ခွာပြီး ရခိုင်ပြည်နယ် ဘူးသီးတောင်မြို့ရှိ ကယ်ဆယ်ရေးစခန်းများတွင် ရောက်ရှိနေသည့် ဒေသခံတိုင်းရင်းသားများအတွက် ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ် နမ့်လန်ဒေသမှ စေတနာရှင်များက သီတဂူသာသနာပြုအဖွဲ့မှတစ်ဆင့် လှူဒါန်းပေးနိုင်ရန် စက်တင်ဘာ ၁၉ ရက်တွင် သီတဂူသာသနာပြု(သီပေါ)ဆရာတော် ဘဒ္ဒန္တပညာသီရိအရှင်သူမြတ်ထံ အလှူငွေကျပ် ၁၅ သိန်းကို လာရောက်လှူဒါန်းခဲ့သည်။ **စိုင်း(သီပေါ)**

ရခိုင်တိုင်းရင်းသားများအတွက် တရားလွှတ်တော်မိသားစု အလှူငွေများ လှူဒါန်း

မောင်တော စက်တင်ဘာ ၁၉

ရခိုင်ပြည်နယ် မောင်တောခရိုင်အတွင်း ARSA အစွန်းရောက်အကြမ်းဖက်သမားများ၏ တိုက်ခိုက်မှုဖြစ်စဉ်ကြောင့် နေရပ်စွန့်ခွာကာ ထွက်ပြေးတိမ်းရှောင်နေရသည့် ရခိုင်တိုင်းရင်းသားများအတွက် ရှမ်းပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်နှင့် တရားရေးမိသားစုများက အလှူငွေကျပ် ၁၈ သိန်းနှင့် တရားရေးအရာရှိများ အပတ်စဉ်(၁)၊ (၈)နှင့် (၁၈)တို့မှ ငွေကျပ်ခြောက်သိန်းတို့အား စက်တင်ဘာ ၁၈ ရက် နံနက်ပိုင်းက ပြည်နယ်အစိုးရရုံးအလှူငွေ၊ ပစ္စည်းလက်ခံဖြန့်ဖြူးရေးကော်မတီထံသို့ ပေးအပ်လှူဒါန်းသည်။

အဆိုပါလှူဒါန်းငွေများကို ရခိုင်ပြည်နယ်တရားသူကြီးချုပ် ဦးကျော်၊ ပြည်နယ်တရားရေးအရာရှိ ဦးစိုးစိုးနှင့် တာဝန်ရှိသူများက ပေးအပ်လှူဒါန်းရာ ပြည်နယ်ဥပဒေချုပ် ဦးကျော်လှထွန်းနှင့် တာဝန်ရှိသူများက လက်ခံရယူပြီး မှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ဂုဏ်ပြုခဲ့သည်။ **တင်ထွန်း(ပြန်/ဆက်)**

မင်းပြားမြို့ မူကြိုကလေးငယ်များအတွက် အလှူငွေနှင့် အသုံးအဆောင်ပစ္စည်းများ ပေးအပ်လှူဒါန်း

စစ်တွေ စက်တင်ဘာ ၁၉

မြန်မာနိုင်ငံ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း (ဗဟို)ဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာစန်းစန်းမြင့်အောင်နှင့်အဖွဲ့၊ ရခိုင်ပြည်နယ် မိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့တို့ ပူးပေါင်း၍ ရခိုင်ပြည်နယ် မြောက်ဦးခရိုင် မင်းပြားမြို့ ဈေးဟောင်းပိုင်းရပ်ကွက် မိခင်နှင့်ကလေးအသင်းပိုင် မူကြိုကျောင်းရှိ ကလေးငယ် ၃၀ အတွက် ထီးနှင့် ငွေကျပ် တစ်သိန်းတို့ကို မင်းပြားမြို့နယ် ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်သိန်းထွန်းထံ ယနေ့မွန်းလွဲ ၂ နာရီက ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

ဝင်းမင်းစိုး(ပြန်/ဆက်)

မောင်တောဒေသ အကြမ်းဖက်တိုက်ခိုက်မှုဖြစ်စဉ်အတွင်း ဖျက်ဆီးခံခဲ့ရသည့် လမ်းတံတားများ ပြန်လည်ပြုပြင်

မောင်တော စက်တင်ဘာ ၁၉

ရခိုင်ပြည်နယ် မောင်တောဒေသအတွင်း ARSA အစွန်းရောက်အကြမ်းဖက်သမားများ ဖျက်ဆီးခဲ့သည့် တံတားခုနစ်စင်းနှင့် လမ်းပိုင်းများကို ယခုအခါ ပြန်လည်ပြုပြင်ပြီးစီးသွားပြီဖြစ်ကြောင်း မောင်တောခရိုင် လမ်းဦးစီးဌာနမှ သိရသည်။

အကြမ်းဖက်တိုက်ခိုက်မှုများကြောင့် ပျက်စီးခဲ့သည့် တံတားများမှာ မောင်တော-ကျီးကန်းပြင်-ကြိမ်ချောင်း-အောင်သပြေ-ဗန္ဓုလလမ်းပေါ်ရှိ တံတားအမှတ်(၃/၂၅) ဝက်ကျိန်းတံတား (၂)၊ တံတားအမှတ်(၁/၂၇) ပဒကာဒေဝါနလီတံတား(၁)၊ တံတားအမှတ်(၄/၂၇) ပဒကာဒေဝါနလီတံတား(၂)၊ တံတားအမှတ် (၁/၂၉) လောင်းဘုတ်တံတား၊ တံတားအမှတ်(၅/၃၂) လက်ျာချောင်းတံတား၊ တံတားအမှတ်(၄/၃၄) အာဇဘော်တံတားနှင့် တံတားအမှတ် (၂/၂၉)တို့ဖြစ်သည်။

ယင်းတံတားများကို နယ်မြေဒေသ လမ်းပန်းဆက်သွယ်မှုချောမွေ့စေရေးနှင့် ဒေသလုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် လွယ်ကူအဆင်ပြေစေရေးအတွက် အမြန်ဆုံးပြန်လည်ပြုပြင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

"မောင်တောနယ်မြေကို တည်ငြိမ်အေးချမ်းရေးဆောင်ရွက်တဲ့အချိန်မှာ သွားလာရေးအဆင်ပြေအောင် ကျွန်တော်တို့အနေနဲ့ လမ်းတံတားတွေကို အရင်ဆုံးအမြန်ပြီးအောင် ပြုပြင်ဆောင်ရွက်ခဲ့ပါတယ်။ ဒီလိုဆောင်ရွက်တဲ့အခါမှာလည်း နယ်မြေလုံခြုံရေးအခြေအနေအရ အချိန်အတိုင်းအတာအပေါ်မူတည်ပြီး ဆောင်ရွက်ရခြင်းဖြစ်သလို လုပ်သားအခက်အခဲရှိပေမယ့်လည်း ဌာနက အင်ဂျင်နီယာဝန်ထမ်းနဲ့ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဝန်ထမ်းတွေအပါအဝင် ဒေသခံအလုပ်သမားတွေနဲ့ ဆောင်ရွက်ခဲ့တာဖြစ်ပါတယ်။ လမ်းပိုင်းပျက်စီးမှုတွေကိုလည်း ကျွန်တော်တို့ ဆက်လက်ပြုပြင်ဆောင်ရွက်လျက်ရှိပါတယ်"ဟု မောင်တောခရိုင် လမ်းဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ) ဦးဇော်မင်းက ပြောသည်။

ဩဂုတ် ၂၅ ရက်က ဖြစ်ပွားခဲ့သည့် အကြမ်းဖက်မှုဖြစ်စဉ်အတွင်း အစွန်းရောက်အကြမ်းဖက်သမားများသည် လမ်းပန်းဆက်သွယ်ရေးပြတ်တောက်စေရန် တံတားနှင့် လမ်းပိုင်းများကို မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခြင်းနှင့် လမ်းနေရာအချို့တို့တွင် သစ်ပင်များအား ခုတ်လှဲကာ လမ်းပိတ်ဆို့ခြင်းများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

သတင်း-တင်မောင်လွင်၊ မင်းထက်အောင်
ဓာတ်ပုံ-မောင်မွှေး

နေရပ်စွန့်ခွာ သက်၊ ဒိုင်းနက်၊ မရမာကြီး၊ ရခိုင်တိုင်းရင်းသားများအတွက် အလှူငွေနှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်လှူဒါန်း

စစ်တွေ စက်တင်ဘာ ၁၉

ARSA အစွန်းရောက်အကြမ်းဖက်သမားများ၏ အန္တရာယ်ကို ကြောက်ရွံ့၍ ရခိုင်ပြည်နယ် စစ်တွေမြို့ ကျောင်းတက်လမ်းရပ်ကွက် ကုန်သည်လမ်းရှိ မရမာကြီးဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဦးပညာလောကသာသနာပြုကျောင်းတိုက် (မရမာကြီးကျောင်းသစ်) ယာယီကယ်ဆယ်ရေးစခန်းသို့ ရောက်ရှိနေသည့် မောင်တောမြို့နယ် ကြိမ်ချောင်း၊ လောင်းဒုံ၊ တောင်ပြိုလက်ဝဲ၊ မီးတိုက်၊ တမန်းသား၊ ဖော်ကီတောင်ကျေးရွာများမှ သက်၊ ဒိုင်းနက်၊ မရမာကြီးနှင့် ရခိုင်တိုင်းရင်းသား ၁၄၆ ဦးတို့ကို မူဆယ်လူမှုကူညီရေးအသင်းမှ ငွေကျပ်လေးသိန်း၊ ရှမ်းပြည်သီလရှင်အသင်းမှ ငွေကျပ်တစ်သိန်းနှင့် အထည်များ၊ ရက္ခမေတ္တာမွန်စေတနာရှင်အသင်းမှ ဆန်၊ ခေါက်ဆွဲခြောက်စသည့် စားသောက်ကုန်များကို တာဝန်ရှိသူများထံ ယနေ့ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

မရမာကြီးတိုင်းရင်းသားများသည် လွန်ခဲ့သည့်နှစ် နိုဝင်ဘာ ၁၃ ရက်ကလည်း အကြမ်းဖက်တိုက်ခိုက်မှုကြောင့် ကြိမ်ချောင်းကျေးရွာဘုန်းကြီးကျောင်းသို့ နေရပ်စွန့်ခွာတိမ်းရှောင်ခဲ့ရပြီး တပ်မတော်မှ လုံခြုံရေးဆိုင်ရာများ ညှိနှိုင်းဆောင်ရွက်ပေးမှုကြောင့် ဖော်ကီတောင်ကျေးရွာသို့ ပြောင်းရွှေ့မှုကို တပ်မတော်ယာဉ်ဖြင့် လိုက်ပါကူညီပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။ **မောင်မောင်ကျော့(ပလက်ဝ)**

အမျိုးသမီးလိဂ်ပြိုင်ပွဲ ဒုတိယအကျော့ စတင်ကျင်းပ

ရန်ကုန် စက်တင်ဘာ ၁၉

၂၀၁၆-၂၀၁၇ ရာသီ အမျိုးသမီးလိဂ်ပြိုင်ပွဲ ဒုတိယအကျော့ ပွဲစဉ်(၈) ပထမနေ့ကို ယနေ့ညနေပိုင်းက အောင်ဆန်းကွင်း၌ ပြန်လည်ကျင်းပရာ သစ္စာအားမာန်အသင်း နိုင်ပွဲရရှိခဲ့သည်။ သစ္စာအားမာန်အသင်းသည် ဂန္ဓမာအသင်းနှင့် ယှဉ်ပြိုင်ကစားခဲ့ရပြီး ခုနစ်ဂိုးပြတ် အနိုင်ရခဲ့ခြင်းဖြစ်သည်။

လက်ရွေးစင်ကစားသမားများဖြစ်သည့် စန်းစန်းမော်၊ ခင်မိုးဝေ၊ နော်အားလိုဝါးဖော၊ ဖူးပွင့်ခိုင် စသည့် ကစားသမားများပါဝင်လာသည့် သစ္စာအားမာန်အသင်းသည် ခြေအသာဖြင့်ကစားကာ ပထမအကျော့ကဲ့သို့ပင် ဂိုးပြတ်အနိုင်ရခဲ့သည်။ သစ္စာအားမာန်အသင်းသည် ပွဲစကတည်းက ဖိကစားနိုင်ခဲ့ပြီး ခြောက်မိနစ်တွင် စန်းစန်းမော်က အဖွင့်ဂိုးသွင်းယူခဲ့သည်။ အဖွင့်ဂိုးရပြီးနောက်ပိုင်းတွင် သစ္စာအားမာန်အသင်း ဂိုးထပ်ရရန် ရှန်းကန်ခဲ့ရပြီး မိနစ် ၃၀ ကျော်မှ ဂိုးထပ်ရခဲ့သည်။ သစ္စာအားမာန်အသင်းအတွက် အနိုင်ဂိုးများကို ၃၆၊ ၃၇၊ ၉၀+၃ မိနစ်တွင် ခင်မိုးဝေ၊ ၄၉ မိနစ်တွင် နော်အားလိုဝါးဖော၊ ၆၂ မိနစ်တွင် ဖူးပွင့်ခိုင်၊ ၆၄ မိနစ်တွင် ဂျူလိုင်ကျော်တို့က သွင်းယူခဲ့သည်။ ပွဲစဉ် (၈) ဒုတိယနေ့ကို စက်တင်ဘာ ၂၀ ရက် ညနေ ၃ နာရီခွဲတွင် ပဒုမ္မာကွင်း၌ ဆက်လက်ကျင်းပမည်ဖြစ်ပြီး မြဝတီအသင်းနှင့် ဇွဲကပင်အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

(ဖိုးသော်ဇင်)

✻ ကျောဖုံးမှ

ထို့အတူ လာရောက်နားထောင်ကြသည့် ပြည်သူများအနေဖြင့် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် မိန့်ခွန်းပြောကြားမှုကို ကြိုဆိုထောက်ခံသော စာသားများရေးသားထားသည့် ဗီနိုင်းများကိုကိုင်ဆောင်၍ ကြည့်ရှုနားထောင်ကြသည်။

"အမေစုရဲ့ မိန့်ခွန်းကိုလာရောက်နားထောင်တဲ့သူတွေအတွက် အလှူရှင်တွေစုပေါင်းပြီး ရေသန့်ဘူးနဲ့ မုန့်တွေလှူတယ်။ နိုင်ငံ့ခေါင်းဆောင်မိန့်ခွန်းပြောနေချိန်မှာ ပြည်သူတွေ စိတ်အေးချမ်းသာစွာနဲ့ နားထောင်လို့ရအောင် ရည်ရွယ်ပြီး လှူတာပါ။ အခုလိုလုပ်ခြင်းအားဖြင့် အမေစုနဲ့အတူ ပြည်သူတွေရှိနေတယ်ဆိုတာကို ပြသရာလည်းရောက်ပါတယ်"ဟု မရမ်းကုန်းမြို့နယ် အမှတ်(၁)ရပ်ကွက်မှ ဦးမြင့်ခိုင်က ပြောသည်။

မိန့်ခွန်းပြောကြားမှုနှင့်ပတ်သက်၍ လသာမြို့နယ်မှ ကိုအောင်ဝင်းက "ပြည်သူတစ်ယောက်အနေနဲ့ လူထုခေါင်းဆောင်ပြောကြားတဲ့ မိန့်ခွန်းတွေကို တန်ဖိုးထား၊ လေးစားတယ်။ အဲဒီလိုပဲ ကမ္ဘာ့နိုင်ငံအသီးသီးက ပုဂ္ဂိုလ်တွေကလည်း တန်ဖိုးထား၊ လေးစားလိမ့်မယ်လို့ ယုံကြည်တယ်။ ဒီကနေ့ပြောကြားတဲ့ မိန့်ခွန်းက ကျွန်တော်တို့နိုင်ငံအတွက် အများကြီးအရေးပါမယ်။ နိုင်ငံတကာနဲ့ ဆက်ဆံရေးအတွက်လည်း အထောက်အကူပြုလိမ့်မယ်"ဟု သူ၏အမြင်ကို ပြောသည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ဒေါ်အောင်ဆန်းစုကြည် ယနေ့ပြောကြားသည့် မိန့်ခွန်းသည် ရခိုင်ပြည်နယ်မြောက်ပိုင်းတွင်ဖြစ်ပေါ်နေသည့် အရေးကိစ္စနှင့်ပတ်သက်၍ ပြည်ပနိုင်ငံတချို့မှ ဖိအားပေးနေမှုများကို လျော့ကျစေနိုင်မည့်အပြင် ပြည်တွင်း၌လည်း ကောင်းမွန်သည့်ရလဒ်များ ထွက်ပေါ်လာနိုင်ကြောင်း လာရောက်ကြည့်ရှုနားထောင်ကြသည့် ပြည်သူများကဆိုသည်။

သတင်း-ဇော်ကြီး(ပဏီတ)၊ ဓာတ်ပုံ-ဇော်မင်းလတ်

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် မိန့်ခွန်းပြောကြားမှုကို ပြည်သူများတစ်ခဲနက် လာရောက်ကြည့်ရှုနားထောင်

မန္တလေးမြို့ မနော်ရမ္မံကွင်း။ (မန်းကိုယ်ပွား)

မြစ်ကြီးနားမြို့ ပြည်သူ့အားကစားကွင်း။ ပြည်နယ်(ပြန်/ဆက်)

ညောင်ဦးမြို့ ဆုတောင်းပြည့် ဘုရားဝင်းဇာတ်ရုံ။ ရဲဝင်းနိုင်(ညောင်ဦး)

မြင်းခြံမြို့ မဏိကဥ္စနာခန်းမ။ ဇော်မင်းနိုင်(မြင်းခြံ)

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် စဉ့်ကိုင်မြို့နယ် ရဲတပ်ဖွဲ့မှ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမြင့်ရှိန် ဦးစီးတပ်ဖွဲ့ဝင်များ (၅၃)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၁၇ ရက် နံနက်ပိုင်းက စဉ့်ကိုင်မြို့နယ် ပလိပ်ဆုတောင်းပြည့် မြွေဘုရားဝင်းအတွင်း စုပေါင်းသန့်ရှင်းရေးပြုလုပ်စဉ်။

သက်မောင်(ကျောက်ဆည်)

ကမ္ဘာ့အမျိုးသမီးကင်းထောက်ညီလာခံတက်ရောက်ရန် မြန်မာအမျိုးသမီးကင်းထောက်ချုပ်နှင့်အဖွဲ့ အိန္ဒိယနိုင်ငံသို့ ထွက်ခွာ

ရန်ကုန် စက်တင်ဘာ ၁၉

(၃၆)ကြိမ်မြောက် ကမ္ဘာ့အမျိုးသမီးကင်းထောက် ညီလာခံတက်ရောက်ရန် မြန်မာအမျိုးသမီး ကင်းထောက်ချုပ် ဒေါက်တာ ဒေါ်တင်လှကြည်နှင့်အဖွဲ့သည် ယမန်နေ့နံနက်ပိုင်းက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်မှ အိန္ဒိယနိုင်ငံသို့ ထွက်ခွာသည်။

အိန္ဒိယနိုင်ငံ နယူးဒေလီမြို့တွင် စက်တင်ဘာ ၁၈ ရက်မှ ၂၂ ရက်အထိ ကျင်းပမည့် (၃၆) ကြိမ်မြောက် ကမ္ဘာ့အမျိုးသမီးကင်းထောက် ညီလာခံသို့ နိုင်ငံပေါင်း ၁၄၆ နိုင်ငံမှအမျိုးသမီး ကင်းထောက်ချုပ်များနှင့် ကိုယ်စားလှယ်များ တက်ရောက်ကြမည်ဖြစ်သည်။ မြန်မာနိုင်ငံမှ အမျိုးသမီးကင်းထောက်ချုပ် ဒေါက်တာဒေါ်တင်လှကြည်၊ နိုင်ငံတကာ ကင်းထောက်မှူးကြီး ဒေါ်ဟယ်လင်လွန်ပွန်၊ သင်တန်းမှူး ဒေါ်အေးမာသက်တို့ တက်ရောက်ကြမည်ဖြစ်သည်။

ယင်းညီလာခံတွင် မြန်မာ အမျိုးသမီးကင်းထောက် ကိုယ်စားလှယ်အဖွဲ့က မြန်မာအမျိုးသမီး ကင်းထောက်အဖွဲ့ လှုပ်ရှားမှုများ၊ မြန်မာအမျိုးသမီး ကင်းထောက်အဖွဲ့နှင့် ဂျပန်အမျိုးသမီးကင်းထောက်အဖွဲ့တို့ ပူးပေါင်းဆောင်ရွက်ခဲ့သည့် မြန်မာ ကင်းထောက်လုပ်ငန်းများ တိုးတက်ရေးသင်တန်းများ၊ အလုပ်ရုံဆွေးနွေးပွဲများ၊ ၂၀၁၃ ခုနှစ်မှ စတင်ပြီး ကင်းထောက်လုပ်ငန်းများ ပြန်လည်ရှင်သန်ရန် ဆောင်ရွက်ခဲ့သည့် အစီအစဉ်များကို စာတမ်းပြုစု၍တင်ပြခြင်း၊ အနာဂတ်အစီအစဉ်များ၊ ကမ္ဘာ့အမျိုးသမီး ကင်းထောက်အဖွဲ့နှင့် ပူးပေါင်းဆောင်ရွက်မည့် သင်တန်းများ၊ ဆွေးနွေးပွဲများကျင်းပနိုင်ရေး စသည်တို့ကို ဆွေးနွေးကြမည်ဖြစ်သည်။ **(ကြေးမုံ)**

ဖလမ်း၌ မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် မြေပြိုမှုဖြစ်ပွား

ဖလမ်း စက်တင်ဘာ ၁၉

ချင်းပြည်နယ် ဖလမ်းမြို့တွင် စက်တင်ဘာ ၁၇ ရက်မှစ၍ မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် စက်တင်ဘာ ၁၉ ရက် နံနက် ၆ နာရီက ဖလမ်းမြို့ ကျင်မွာလ်ရပ်ကွက် ဦးဆန်မန်းနေအိမ်အထက်ပိုင်း မြေပြိုမှုဖြစ်ပွားခဲ့ရာ နေအိမ်မီးဖိုချောင်နှင့် ဧည့်ခန်းနံရံများ ပျက်စီးခဲ့မှုကြောင့် အိမ်တွင်းပစ္စည်းများကို ဘေးလွတ်ရာနေရာသို့ ဖလမ်းမြို့နယ်ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ပြည်သူများက ဝိုင်းဝန်းရွှေ့ပြောင်းပေးခဲ့ကြောင်း သိရသည်။

အလားတူ အဆိုပါရပ်ကွက်နေ ဦးချန်ထန်းနေအိမ်သည် ယနေ့နံနက် ၁၀ နာရီက နေအိမ်အောက် မြေသားကျွံကျခဲ့ရာ စိုးရိမ်ရသည့်အခြေအနေကြောင့် အိမ်တွင်းပစ္စည်းများကို ဘေးလွတ်ရာနေရာသို့ ရွှေ့ပြောင်းပေးခဲ့ရကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

ခိုင်ကမ်းမြို့ ရေကြီးမှုကြောင့် နေအိမ် ခုနစ်လုံး ရွှေ့ပြောင်း

ဖလမ်း စက်တင်ဘာ ၁၉

ချင်းပြည်နယ် ဖလမ်းခရိုင် ခိုင်ကမ်းမြို့တွင် ယခုရက်ပိုင်းအတွင်း မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် စက်တင်ဘာ ၁၉ ရက် မွန်းတည့် ၁၂ နာရီခန့်က ဆည်ကြီးချောင်း ရေကြီးရေလျှံပြီး ခိုင်ကမ်းမြို့ အမှတ်(၃)ရပ်ကွက် ချောင်းဘေးရှိ လူနေအိမ်အလုံး ၂၀ ရေလွှမ်းမိုးနိုင်သည့်အခြေအနေရှိပြီး အန္တရာယ်ရှိ လူနေအိမ်ခုနစ်လုံးကို ဖျက်သိမ်းကာ အဆိုပါ နေအိမ်များတွင် နေထိုင်ကြသော မိသားစုဝင်များအား နီးစပ်ရာ ဆွေမျိုးများနေအိမ်သို့ တာဝန်ရှိသူများက ပြောင်းရွှေ့ပေးခဲ့ရကြောင်း သိရသည်။

နေအိမ်ဖျက်သိမ်းပြောင်းရွှေ့ခဲ့ရသည့် မိသားစုဝင်များအား ချင်းပြည်နယ်အစိုးရအဖွဲ့ဝင် ပြည်နယ်စည်ပင်သာယာရေး၊ လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီး ဆလိုင်းအိုက်ဇက်ခင်က ပြည်နယ်အစိုးရကိုယ်စား ထောက်ပံ့ငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

ယင်းမာပင်မြို့နယ်တွင် တရားမဝင်သစ်များ တင်ဆောင်ထားသော ပိုင်ရှင်မဲ့ယာဉ်တစ်စီး ဖမ်းဆီးရမိ

ယင်းမာပင် စက်တင်ဘာ ၁၉

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်မြို့နယ် သကြားစက်ကျေးရွာအနီးတွင် တရားမဝင်ပိတောက်ခွဲသား ၁၀ ချောင်း (၁ ဒသမ ၁၆၀၀ တန်) တင်ဆောင်ထားသော ပိုင်ရှင်မဲ့ယာဉ်တစ်စီးနှင့် အနီးပတ်ဝန်းကျင်ကျေးရွာမှ တရားမဝင်ပိတောက်ခွဲသား ၁၀ ချောင်း (သုည ဒသမ ၉၃၇၄ တန်) တို့ကို စက်တင်ဘာ ၁၈ ရက် ညနေ ၅ နာရီ ၃၅ မိနစ်က ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

အဆိုပါ သိမ်းဆည်းရမိသောသစ်များကို ကျောက်မှော်(၁) ဘိနယ်သစ်တောစခန်း၌ လုံခြုံစွာထိန်းသိမ်းထားရှိပြီး မြို့နယ်သစ်တောဦးစီးဌာနမှ သစ်တောဥပဒေအရ အမှုဖွင့်ဆောင်ရွက်နိုင်ရေး တရားမဝင်ပိတောက်ခွဲသား တင်ဆောင်ထားသော ယာဉ်ပိုင်ရှင်ကို ဆက်လက်ရှာဖွေစုံစမ်းလျက်ရှိကြောင်း တာဝန်ရှိသူထံမှ သိရသည်။

ထွန်းကိုကို(ယင်းမာပင်)

မူးယစ်ကိုပစ်
ပန်းတိုင်သစ်
စိတ်သစ်
လူသစ်
ဘဝသစ်

မသင်္ကာဖွယ်ရပ်တန့်ထားသော ယာဉ်ပေါ်မှ တရားမဝင်သယ်ဆောင်လာသောသစ်များ သိမ်းဆည်းရမိ

နေပြည်တော် စက်တင်ဘာ ၁၉

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ဆောင်ရွက်မှုများကို ရေပူနှင့်မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့တွင် ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များက ဆောင်ရွက်လျက်ရှိရာ စက်တင်ဘာ ၁၈ ရက်က မသင်္ကာဖွယ်ရပ်တန့်ထားသော ယာဉ်နှစ်စီးပေါ်မှ တရားမဝင်သစ်များ သယ်ဆောင်လာမှုကို ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့များက သိမ်းဆည်းရမိခဲ့ကြောင်း အကောက်ခွန်ဦးစီးဌာနမှ သိရသည်။

ရေပူအမြဲတမ်း စစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်စဉ် မိုင်တိုင်(၁၉၄/၃) မိုင်းလီရွာဟောင်းအနီးတွင် Canter ခြောက်ဘီး ယာဉ်နှစ်စီး မသင်္ကာဖွယ်ရပ်တန့်ထားသည်ကို တွေ့ရှိစစ်ဆေးရာ ယာဉ်ပေါ်တွင် တရားဝင်စာရွက်စာတမ်းအထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် ပိတောက်ခားရွေ ၅၈ ချောင်း(၄ ဒသမ ၅၇၃ တန်)နှင့် ပစ္စည်းသယ်ဆောင်သည့် ယာဉ်တစ်စီးအပါအဝင် စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၃၇ ဒသမ ၇၁၉ သန်းခန့်ကို တွေ့ရှိ၍ သိမ်းဆည်းခဲ့ကြောင်း သိရသည်။

အဆိုပါစစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုများ ပြုလုပ်လျက်ရှိရာ စက်တင်ဘာ ၁၈ ရက်က ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု လေးမှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၇ ဒသမ ၇၁၉ သန်းခန့်)၊ မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု ခုနစ်မှု(ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀ ဒသမ ၅၈၀ သန်းခန့်) စုစုပေါင်းတားဆီးမှု ၁၁ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၈ ဒသမ ၂၉၉ သန်းခန့်) ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။ **(ဝဝ၁)**

ပန်းတောင်း-တောင်ကုတ်ကားလမ်းတွင် ယာဉ်ချောက်ထဲထိုးကျ၍ ငါးဦးသေဆုံး

ပန်းတောင်း စက်တင်ဘာ ၁၉

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပန်းတောင်းမြို့နယ် ပန်းတောင်း-တောင်ကုတ်ကားလမ်းပေါ်တွင် ရခိုင်ပြည်နယ် တောင်ကုတ်မြို့နယ်မှ ဘုန်းကြီးပျံသို့သွားသော ယာဉ်တစ်စီး စက်တင်ဘာ ၁၈ ရက် ည ၉ နာရီ ၄၅ မိနစ်ခန့်က ပေ ၂၀၀ ခန့်ရှိ ချောက်ထဲထိုးကျခဲ့ပြီး ယာဉ်ပေါ်ပါ ခရီးသည်ငါးဦး သေဆုံးကာ ၄၀ ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ တောင်ကုတ်မြို့နယ် နတ်မှော်ကျေးရွာနေ ယာဉ်မောင်း ခိုင်လင်းမောင်းနှင်သော ခရီးသည် ၄၈ ဦး လိုက်ပါလာသည့် ယာဉ်သည် တောင်ကုတ်မှ ပန်းတောင်းသို့ မောင်းလာစဉ် ပန်းတောင်း-တောင်ကုတ်ကားလမ်း မိုင်တိုင်အမှတ်(၄၂/၆) ပန်းတောင်းမြို့နယ် ပန်းကန်ကွဲရွာအနီးအရောက် ပေ ၂၀၀ ခန့်ရှိသည့် ချောက်ထဲသို့ ထိုးကျတိမ်းမှောက်ခဲ့ခြင်းဖြစ်သည်။

ယာဉ်တိမ်းမှောက်မှုကြောင့် အမျိုးသားနှစ်ဦး၊ အမျိုးသမီး သုံးဦး သေဆုံးခဲ့ပြီး အမျိုးသား ၂၅ ဦး၊ အမျိုးသမီး ၁၅ ဦး စုစုပေါင်း ၄၀ တို့မှာ ဒဏ်ရာများရရှိခဲ့၍ ယာဉ်မောင်းအား ဥသျှစ်ပင်နယ်မြေရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

ကိုလွင်(ဆွာ)

စိတ်ကြွရူးသွပ်ဆေးပြားနှင့် ဘိန်းစိမ်းများ သိမ်းဆည်းရမိ

နေပြည်တော် စက်တင်ဘာ ၁၉

စစ်တွေမြို့ ကုန်တန်းရပ်ကွက် လှည်းတန်းလမ်းရှိ မီးကင်းရုံတွင် စက်တင်ဘာ ၁၈ ရက် မွန်းလွဲ ၁ နာရီက မသင်္ကာသူနှစ်ဦးကို ထိန်းသိမ်းထားကြောင်း ဆက်သွယ်အကြောင်းကြားချက်အရ စစ်တွေမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့ဖြင့် သွားရောက်စစ်ဆေးရာ မတ်အာရှား(ခ)မောင်အောင်နှင့် ရာမန်ဟူဆောင်း(ခ) ခင်မောင်အေးတို့ကို တွေ့ရှိပြီး မတ်အာရှား(ခ)မောင်အောင်ထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၂၉၈၄ ပြား၊ ငွေကျပ် ၁၀၇၀၀၀ နှင့် လက်ကိုင်ဖုန်းနှစ်လုံးတို့ကို သိမ်းဆည်းရမိခဲ့ကြောင်း**(အောက်ပုံ)**၊ ကွင်းဆက်ဖော်ထုတ်ချက်အရ စစ်တွေမြို့ ကုန်တန်းရပ်ကွက် လှည်းတန်းလမ်း အမှတ်(၂/၃၉၃)တွင်နေထိုင်သူ ကိုထွေး(ခ)ရဲသူအောင်က ရောင်းချပေးရန်အပ်ထားသည့် စိတ်ကြွရူးသွပ်ဆေးပြားများဖြစ်ကြောင်း သိရှိရသဖြင့် ၎င်းနေအိမ်အား သွားရောက်ရှာဖွေရာ အိပ်ခန်းအတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား တစ်ပြား ထပ်မံသိမ်းဆည်းရမိခဲ့သည်။

အလားတူ စက်တင်ဘာ ၁၈ ရက် မွန်းလွဲပိုင်းတွင် မူးယစ်တပ်ဖွဲ့စု(၂၄) လားရှိုးမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မောကိန္နရီဘိလပ်မြေစက်ရုံအနီး တန့်ယန်း-လားရှိုးကားလမ်းတွင် စိုင်းဆန်စိုင်း(ခ)အိုက်စိုင်း မောင်းနှင်လာသည့် ဆိုင်ကယ်အားရှာဖွေရာ ဘိန်းစိမ်း ၁၃ ကီလိုနှင့် လက်ကိုင်ဖုန်းတစ်လုံးကိုလည်းကောင်း၊ အလားတူ သိန္နီမြို့အဝင် အိုရီယမ်တယ်တိုးဂိတ်အနီး မူဆယ်-မန္တလေးပြည်ထောင်စုကားလမ်းတွင် သန်းထွန်းမောင်းနှင်ပြီး မအေးမြလိုက်ပါလာသည့် မော်တော်ဆိုင်ကယ်အားရှာဖွေရာ သန်းထွန်းထံမှ ဘိန်းဖြူ သုည ဒသမ နှစ်ဂရမ်ကို လည်းကောင်း၊ မအေးမြထံမှ ဘိန်းဖြူ ၂၆ ဂရမ်နှင့် စိတ်ကြွရူးသွပ်ဆေးပြား ၅၉၄ ပြားတို့ကို လည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။ **(သတင်းစဉ်)**

ဘာလီကျွန်းရှိမီးတောင် လှုပ်ရှားနေသဖြင့် သတိပေးမှုအဆင့် တိုးမြှင့်

ဂျကာတာ စက်တင်ဘာ ၁၉
အင်ဒိုနီးရှားနိုင်ငံ ဘာလီကျွန်းရှိ မီးတောင်တစ်လုံးမှာ လှုပ်ရှားမှု တိုးလာသဖြင့် မီးတောင်ဘေးအန္တရာယ်ဆိုင်ရာ သတိပေးချက်ကို အာဏာပိုင်များက ထုတ်ပြန်ထားကြောင်း ဒေသဆိုင်ရာသတင်းဌာနများက စက်တင်ဘာ ၁၉ ရက်တွင် သတင်းထုတ်ပြန်သည်။

ဘာလီကျွန်း ကာရန်အက်ဆမ်ခရိုင်တွင် တည်ရှိသော ဂန်အန်ပက်ဂန်အမည်ရှိ မီးတောင်သည် လှုပ်ရှားမှုများ တိုးလာသဖြင့် စက်တင်ဘာ ၁၈ ရက် ညပိုင်းတွင် မီးတောင်ဘေးအန္တရာယ်အဆင့် သတ်မှတ်ချက်ကို အဆင့်-၂ သို့ တိုးမြှင့်သတ်မှတ်ခဲ့ကြောင်း၊ ဘေးအန္တရာယ်သင့်ရောက်နိုင်မည့် ဧရိယာများကို မီးတောင်၏ မြောက်ဘက်၊ တောင်ဘက်၊ အရှေ့တောင်ဘက်နှင့် အနောက်တောင်ဘက်တို့သို့ တိုးချဲ့သတ်မှတ်ခဲ့ကြောင်း အမျိုးသားမီးတောင်ဆိုင်ရာအေဂျင်စီ သဘာဝဘေးအန္တရာယ်လျော့ပါးရေးဌာနအကြီးအကဲ ဒေဗီကာမဲလ် ဆာရာသန်နာက ပြောကြားသည်။

မီးတောင်လှုပ်ရှားမှုနှင့်အတူ မြေငလျင်လှုပ်ရှားမှုများ တိုးလာခြင်းကြောင့် မိမိတို့အနေဖြင့် သတိပေးမှုအဆင့်ကို တိုးမြှင့်ခဲ့ခြင်းဖြစ်ကြောင်း၊ ဘေးကင်းလွတ်ရာဇုန်ကို မီးတောင်ထိပ်ဝမှ အချင်းခြောက်ကီလိုမီတာ သတ်မှတ်ထားသော်လည်း မီးတောင်ထိပ်ဝမှ မြောက်ဘက်၊ တောင်ဘက်၊ အရှေ့တောင်ဘက်နှင့် အနောက်တောင်ဘက်တို့တွင် ၇ ဒသမ ၅ ကီလိုမီတာအထိ တိုးမြှင့်သတ်မှတ်ထားကြောင်း ၎င်းက ဆင်ဟွာသတင်းဌာနသို့ ပြောကြားသည်။

ဆင်ဟွာ။

ကုလသမဂ္ဂအဖွဲ့ ပြုပြင်ပြောင်းလဲရေး သမ္မတဒေါ်နယ်ထရန့် တိုက်တွန်း

ကုလသမဂ္ဂ စက်တင်ဘာ ၁၉
ကုလသမဂ္ဂ၏ ဗျူရိုကရေစီယန္တရား ဖောင်းပွနေပြီး စီမံခန့်ခွဲရေးစနစ် လွဲချော်နေသည်ဟု အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်က စက်တင်ဘာ ၁၈ ရက်တွင် ကုလသမဂ္ဂဌာနချုပ်သို့ ပထမဆုံးအကြိမ်သွားရောက်စဉ် ဝေဖန်ပြောကြားလိုက်ကြောင်း ဒေသဆိုင်ရာသတင်းဌာနများက စက်တင်ဘာ ၁၉ ရက်တွင် သတင်းထုတ်ပြန်သည်။

ကုလသမဂ္ဂသည် ကမ္ဘာ့ငြိမ်းချမ်းရေးကို ထိန်းသိမ်းစောင့်ရှောက်သည့် ပိုမို၍စွမ်းပကားကြီးမားသောအဖွဲ့အစည်းကြီးအဖြစ် ရပ်တည်နိုင်စေရေးအတွက် ပြုပြင်ပြောင်းလဲရေးလုပ်ဆောင်ရန် မိမိတိုက်တွန်းကြောင်း သမ္မတထရန့်က ပြောကြားသည်။

သမ္မတ ထရန့်သည် ကုလသမဂ္ဂနှစ်ပတ်လည်အထွေထွေညီလာခံ၌ စက်တင်ဘာ၁၉ ရက်တွင် မိန့်ခွန်းပြောကြားရန်ရှိနေစဉ် စက်တင်ဘာ ၁၈ ရက်က နယူးယောက်မြို့ရှိ ကုလသမဂ္ဂဌာနချုပ်၌ ၎င်းက အိမ်ရှင်အဖြစ် လက်ခံကျင်းပသော အခမ်းအနားတစ်ရပ်သို့ တက်ရောက်ကာ ကုလသမဂ္ဂပြုပြင်ပြောင်းလဲရေးကိစ္စနှင့်ပတ်သက်၍ ဆွေးနွေးခဲ့သည်။

မကြာသေးမီနှစ်များအတွင်း ကုလသမဂ္ဂသည် ယင်း၏ စွမ်းပကားကို အပြည့်အဝအသုံးပြုနိုင်ခြင်းမရှိကြောင်း၊ အကြောင်းမှာ ကုလသမဂ္ဂ၏ ဗျူရိုကရေစီယန္တရားမှာ ဖောင်းပွနေပြီး စီမံခန့်ခွဲမှု လွဲချော်နေခြင်းကြောင့်ဖြစ်ကြောင်း၊ ၂၀၀၀ ပြည့်နှစ် နောက်ပိုင်း ကုလသမဂ္ဂ၏ ပုံမှန်ဘတ်ဂျက်မှာ ၁၄၀ ရာခိုင်နှုန်းအထိ တိုးမြင့်လာခဲ့ပြီး ကုလသမဂ္ဂဝန်ထမ်းဦးရေမှာ နှစ်ဆကျော် မြင့်တက်လာခဲ့ကြောင်း သမ္မတထရန့်ကပြောကြားသည်။

ကုလသမဂ္ဂ၏ စီမံခန့်ခွဲမှုအဆင့်တိုင်းတွင် တာဝန်ယူမှု၊ တာဝန်ခံမှုရှိရမည်ဖြစ်ပြီး လုပ်ငန်းစဉ်အရ ဆောင်ရွက်ခြင်းထက် ရလဒ်များအပေါ် အာရုံစိုက်ရန် လိုအပ်ကြောင်း သမ္မတထရန့်က ပြောကြားသည်။

ရိုက်တာ။

အာဆီယံ-ဟောင်ကောင် ကုန်သွယ်ရေးသဘောတူညီချက် လက်မှတ်ရေးထိုးမည်

ဟောင်ကောင် စက်တင်ဘာ ၁၉
အရှေ့တောင်အာရှနိုင်ငံများအသင်း (အာဆီယံ)နှင့် ဟောင်ကောင် အထူးအုပ်ချုပ်ခွင့်ရဒေသတို့ နိုဝင်ဘာလတွင် လက်မှတ်ရေးထိုးရန်ရှိသည့် လွတ်လပ်သောကုန်သွယ်ရေး သဘောတူညီချက်(အက်ဖ်တီအေ)သည် ရပ်ဝန်းတစ်ခု၊ လမ်းတစ်လမ်း အစီအစဉ် အကောင်အထည်ဖော်ခြင်းနှင့်အတူ စီးပွားရေးဆိုင်ရာ အခွင့်အလမ်းသစ်များကို ပိုမိုဖန်တီးပေးလာနိုင်မည်ဖြစ်ကြောင်း ဒေသဆိုင်ရာသတင်းဌာနများက စက်တင်ဘာ ၁၈ ရက်တွင် သတင်းထုတ်ပြန်သည်။

ကျယ်ပြန့်လာနိုင်

လွတ်လပ်သော ကုန်သွယ်ရေး သဘောတူညီချက် ပေါ်ထွန်းလာခြင်းဖြင့် အာဆီယံနိုင်ငံများမှတစ်ဆင့် ဟောင်ကောင်၏ ကုန်သွယ်ရေးဈေးကွက် ပိုမိုကျယ်ပြန့်လာနိုင်ပြီး အာဆီယံနိုင်ငံများအနေဖြင့်လည်း ဟောင်ကောင်မှတစ်ဆင့် တရုတ်ပြည်မကြီး ဈေးကွက်အတွင်းသို့ ထိုးဖောက်ဝင်ရောက်လာနိုင်မည်ဖြစ်ကြောင်း ဟောင်ကောင်ရှိ တရုတ်ကုန်သည်ကြီးများအသင်းဥက္ကဋ္ဌ ခွိုင်ကွန်းရှမ်းက ပြောကြားသည်။

ဆင်ဟွာ။

ဂါဇာစီးတီး၏မြင်ကွင်း တစ်စိတ်တစ်ဒေသ။

ဂါဇာကမ်းမြောင်ဒေသ အုပ်ချုပ်ခွင့်ကို ပါလက်စတိုင်း ညီညွတ်ရေးအစိုးရအဖွဲ့ထံသို့ လွှဲပေးမည်

ကိုင်ရို စက်တင်ဘာ ၁၉
ဂါဇာကမ်းမြောင်ဒေသကိုအုပ်ချုပ်သော ဒေသန္တရအုပ်ချုပ်ရေးအဖွဲ့ကို ဖျက်သိမ်းရန် ဟားမားစ်အဖွဲ့က သဘောတူညီလိုက်ပြီဖြစ်ရာ ယင်းနယ်မြေအားထိန်းချုပ်ခွင့်ကို ပါလက်စတိုင်း ညီညွတ်ရေးအစိုးရအဖွဲ့တစ်ရပ်ထံသို့ လွှဲပြောင်းပေးအပ်နိုင်မည်ဖြစ်ကြောင်း ဒေသဆိုင်ရာသတင်းဌာနများက စက်တင်ဘာ ၁၉ ရက်တွင် သတင်းထုတ်ပြန်သည်။

ဟားမားစ်အဖွဲ့သည် ပါလက်စတိုင်းသမ္မတ မာမွတ်အာဘတ်စ်နှင့် ဆယ်စုနှစ်တစ်ခုကြာမျှ ခါးခါးသီးသီး ယှဉ်ပြိုင်ဘက်ဖြစ်ခဲ့ပြီးနောက် ဂါဇာဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့ကို ဖျက်သိမ်းရန် သဘောတူညီခဲ့ခြင်းဖြစ်သည်။

အစ္စလာမ္မစ် အုပ်စုဖြစ်သော ဟားမားစ်အဖွဲ့သည် ၂၀၀၇ ခုနှစ်တွင် ပါလက်စတိုင်းပြည်တွင်းစစ်ကာလတို ဖြစ်ပွားခဲ့ပြီးချိန်မှစ၍ ဂါဇာကမ်းမြောင်ဒေသကို အုပ်စိုးခဲ့သည်။

ပြည်သူနှစ်သန်းနေထိုင်ရာ ဂါဇာကမ်းမြောင်ဒေသအား အုပ်စိုးလျက်ရှိသော အုပ်ချုပ်ရေးကော်မတီကို ဖျက်သိမ်းရန် ဟားမားစ်အဖွဲ့က သတ္တိရှိရှိ၊ မျိုးချစ်စိတ်ဓာတ်ပြည့်ပြည့်ဝဝဖြင့် ဆုံးဖြတ်ခဲ့သည်ဆို၏။

ဂါဇာဒေသအားထိန်းချုပ်နိုင်ရေးအတွက် အာဘတ်စ်၏ လောကီဦးထိပ်ပန်သော ဖတာလှုပ်ရှားမှုအဖွဲ့နှင့် အစ္စလာမ္မစ်ဟားမားစ်အဖွဲ့တို့အကြား ယှဉ်ပြိုင်ခဲ့ကြပြီးနောက် ဆယ်စုနှစ်တစ်ခုအကြာတွင် ပြန်လည်သင့်မြတ်ရန် ဦးတည်လာခြင်းဖြစ်သည်။ သို့ရာတွင် နှစ်ဖက်အာဏာခွဲဝေကျင့်သုံးရေးကဲ့သို့သော ရှုပ်ထွေးလှသည့် ကိစ္စရပ်များနှင့်ပတ်သက်၍ ဖြေရှင်းနိုင်မှုအပေါ် မူတည်ကာ အမျိုးသားပြန်လည်သင့်မြတ်ရေး ပေါ်ထွန်းလာမည်ဖြစ်ကြောင်း သတင်းတွင်ဖော်ပြသည်။

ဟားမားစ်၏ အထက်ဖော်ပြပါ ဆောင်ရွက်ချက်ကို သမ္မတအာဘတ်စ်က ကြိုဆိုသည်။ အာဘတ်စ်သည် ကုလသမဂ္ဂ အထွေထွေညီလာခံ တက်ရောက်လျက်ရှိပြီး နယူးယောက်မြို့မှ ပြန်လည်ရောက်ရှိသည့်အခါ ပါလက်စတိုင်း ခေါင်းဆောင်ပိုင်းနှင့် တွေ့ဆုံဆွေးနွေးရန် စီစဉ်ထားသည်။

အီဂျစ်နိုင်ငံ၏ ကြားဝင်စေ့စပ်ပေးမှုအရ ဂါဇာအုပ်ချုပ်ရေးအဖွဲ့ကို ဖျက်သိမ်းရန် ဟားမားစ်အဖွဲ့က ဆုံးဖြတ်ခဲ့သည်။

ရိုက်တာ။

တရုတ်နှင့် ရုရှားရေတပ် တပ်ဖွဲ့များ ပူးတွဲ စစ်ရေးလေ့ကျင့်မှု စတင်

ဗလာဒီဗော့စတော့ စက်တင်ဘာ ၁၉
တရုတ်နှင့် ရုရှားရေတပ်တပ်ဖွဲ့များသည် "ပင်လယ်ပြင်အတွင်းပေါင်းစည်းခြင်း ၂၀၁၇" ဟု အမည်ပေးထားသည့် ပူးတွဲစစ်ရေးလေ့ကျင့်မှုအစီအစဉ်၏ ဒုတိယအဆင့်ကို စက်တင်ဘာ ၁၈ ရက်တွင် စတင်လိုက်ကြောင်း၊ ဗလာဒီဗော့စတော့ပင်လယ်ဆိပ်ကမ်းသို့ ဆိုက်ရောက်လာသည့် တရုတ်ရေတပ်စစ်ရေယာဉ်စုနှင့် ရုရှားရေတပ်စစ်ရေယာဉ်စုတို့ ပူးတွဲစစ်ရေးလေ့ကျင့်မည်ဖြစ်ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက စက်တင်ဘာ ၁၉ ရက်တွင် သတင်းထုတ်ပြန်သည်။

ယခုနှစ် ဇူလိုင် ၂၂ ရက်မှ ၂၇ ရက်အထိ ဘောလ်တစ်ပင်လယ်အတွင်း ရုရှားနှင့် တရုတ်ရေတပ်စစ်ရေယာဉ်များ ပူးပေါင်းကာ စစ်ရေးလေ့ကျင့်မှုအဆင့်-၁ ကိုပြုလုပ်ခဲ့သည်။ ယခုပြုလုပ်မည့် စစ်ဆင်ရေးလေ့ကျင့်မှုအဆင့်-၂ ကို ဂျပန်ပင်လယ်နှင့် အော်ခေါ့စ် ပင်လယ်တို့တွင် ပြုလုပ်သွားရန်စီစဉ်ထားသည်။

တရုတ်နှင့် ရုရှားရေတပ်စစ်ရေယာဉ်များ၏ ပူးတွဲစစ်ရေးလေ့ကျင့်မှုကို အော်ခေါ့စ်ပင်လယ်အထိ တိုးချဲ့ပြုလုပ်ခြင်းမှာ ပထမဦးဆုံး အကြိမ်ဖြစ်ပြီး နှစ်နိုင်ငံရေတပ်စစ်ရေယာဉ်များသည် ရေငုပ်သင်္ဘောကယ်ဆယ်ရေးနှင့် ရေငုပ်သင်္ဘောတိုက်ဖျက်ရေးလေ့ကျင့်မှုများကို ပထမဆုံးအကြိမ် ပူးတွဲပြုလုပ်မည်ဖြစ်သည်။

တရုတ်စစ်ရေယာဉ်စုတွင် ဒုံးပျံတင် ဖျက်သင်္ဘောတစ်စင်း၊ ဒုံးပျံတင် ဖရီးဂိတ်သင်္ဘောတစ်စင်း၊ ထောက်ပံ့ရေးသင်္ဘော၊ ရေငုပ်သင်္ဘော၊ ကယ်ဆယ်ရေးသင်္ဘောနှင့် ရေနက်ပိုင်း၌ ငုပ်လျှိုးနိုင်သော ကယ်ဆယ်ရေးရေငုပ်သင်္ဘောတစ်စင်းတို့အပြင် သင်္ဘောတင် ရဟတ်ယာဉ်နှစ်စင်းနှင့် ကမ်းတက်တပ်သားများ ပါဝင်လေ့ကျင့်ကြမည်ဖြစ်သည်။

ဆင်ဟွာ။

တစ်နှစ်ပြည့်အကြောင်းကြားဖိတ်ကြားလွှာ

ဓမ္မသိပ္ပံစာသင်တိုက်ကြီး၏ ဒုတိယမြောက် ပဓာနနာယက ဖြစ်တော်မူသော ကျေးဇူးတော်ရှင် ဆရာတော်ကြီး ဘဒ္ဒန္တဝဏ္ဏ မဟာထေရ်သည် ဘဝနတ်နန်းစံမြန်းတော်မူခဲ့သည်မှာ (သီတင်းကျွတ်လဆန်း ၂ ရက်)တွင် တစ်နှစ်ပြည့်မြောက်ခဲ့ပြီဖြစ်ပါ၍ ဆရာတော်ကြီး၏ တစ်နှစ်ပြည့် အထိမ်းအမှတ်ပူဇော်ပွဲကို ပြုလုပ်မည်ဖြစ်ပါသောကြောင့် ရပ်နီး၊ ရပ်ဝေးနေ တပည့်သံဃာတော်အပေါင်း၊ ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

နေ့ရက် - (၁၃၇၉ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၂ ရက်)
၂၂-၉-၂၀၁၇ရက်(သောကြာနေ့)
အချိန် - နံနက် ၆ နာရီမှ ၉ နာရီအထိ
နေရာ - ဓမ္မသိပ္ပံစာသင်တိုက်၊ အမှတ်၂-ဝိုင်း၊ ပါရမီလမ်း၊ (၅)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။
မှတ်ချက် - ပင့်သံဃာဆရာတော်အရှင်သူမြတ်တို့အား နံနက် ၅း၃၀ နာရီတွင် အရုဏ်ဆွမ်းဆက်ကပ်ပါမည်။

ပင့်လျှောက်အပ်ပါသည်

မိုးကုတ်ဝိပဿနာတရားစဉ်နှင့် လုပ်ငန်းစဉ်ပြန့်ပွားရေးအဖွဲ့ချုပ်ကြီးတွင် နှစ်စဉ်ကျင်းပမြဲဖြစ်သော ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ (၅၅)ကြိမ်မြောက် ခန္ဓာဝန်ချတော်မူသည့် အထိမ်းအမှတ် ဉာဏ်တော်ပူဇော်ပွဲနှင့် စုပေါင်းမဟာ ဘုံကထိန်သင်္ကန်းကပ်လှူပူဇော်ပွဲကို ၂၀၁၇ ခုနှစ်၊ အောက်တိုဘာလ ၉ ရက် (၁၃၇၉ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၄ ရက်) (တနင်္လာနေ့) နံနက် ၉း၀၀ နာရီတွင် ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ နှစ်စဉ်ပင့်ဖိတ်မြဲဖြစ်သော မိုးကုတ်ဓမ္မကထိက သံဃာတော်အရှင်သူမြတ်များသည် ပင့်လျှောက်လွှာများ ရရှိသည်ဖြစ်စေ၊ မရရှိသည်ဖြစ်စေ ကြွရောက်ချီးမြှင့်တော်မူပါရန် ရိုသေစွာ ပင့်လျှောက်အပ်ပါသည် အရှင်သူမြတ်တို့ဘုရား--

မိုးကုတ်အဖွဲ့ချုပ်

UFL ဝင်ခွင့်
အင်းစိန် **GTI** ဖွင့်ပြီ ဝင်ခွင့်
ကထိက နည်းပြ ၉၊မြေညီ၊ လှည်းတန်း(၁)လမ်း၊ ကမာရွတ်။
Tel: 09-500 3799, 09-428032103

ဖခင်အမည်မှန်

ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ် အထက(၁) နဝမတန်း(E) မှ မောင်အောင်မြင့်မြတ်၏ ဖခင်အမည်မှန်မှာ ဦးသန်းထိုက် (၇/ပထန(နိုင်)၁၉၉၉၉၁) ဖြစ်ပါကြောင်း။

ဦးသန်းထိုက်

UMTA
မြန်မာနိုင်ငံခရီးသွားလုပ်ငန်းရှင်များအသင်း

ပြည်ထောင်စုလွှတ်တော်မှ နိုင်ငံတော်သတင်းစာများတွင် မြန်မာနိုင်ငံခရီးသွားလုပ်ငန်း ဥပဒေမူကြမ်း ကို (၁၅.၈.၂၀၁၇)ရက်နေ့က အများပြည်သူထံ ထုတ်ပြန်ကြေညာပြီး အကြံဉာဏ်များပေးရန် ဖိတ်ခေါ်ခဲ့ပါသည်။

ယင်းဥပဒေမူကြမ်းအပေါ် မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းရှင်များနှင့်တကွ မြန်မာ့ခရီးသွားလုပ်ငန်းအပေါ် စိတ်ပါဝင်စားသူမည်သူမဆို နိုင်ငံတော်အတွက် အရေးပါသော ယင်းဥပဒေမူကြမ်းကို အလေးအနက်ထား ဆွေးနွေးဝေဖန်သုံးသပ်ရန် အရေးကြီးပါသည်။

သို့ပါ၍အောက်ပါအစီအစဉ်အတိုင်း ယင်း ဥပဒေမူကြမ်းကို ဆွေးနွေး ညှိနှိုင်းရန်အတွက် စိတ်ပါဝင်စားသူ မည်သူမဆို တက်ရောက်နိုင်ပါရန် အထူးအလေးအနက်ထား ဖိတ်ကြားအပ်ပါသည်။

နေ့ရက် - ၂၁.၉.၂၀၁၇ရက်(ကြာသပတေးနေ့)
အချိန် - မွန်းလွဲ (၁း၀၀)နာရီမှညနေ (၃း၀၀)နာရီ
နေရာ - အမှတ်(၂၉)၊မင်းရဲကျော်စွာလမ်း၊ UMFCCI Building၊ အခန်းအမှတ်(၄၁၂)၊၄-လွှာ၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့၊

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မင်္ဂလာဒုံမြို့နယ်၊ ပေါင်းကူညာဏ ဂရန်ပေးစီမံချက်၊ မြေတိုင်းရပ်ကွက်အမှတ်-၅၃၂-ဘီ/၅(ပေါင်းကူညာဏစီမံချက်)၊ မြေကွက်အမှတ်-(၅၈၇)၊ မြေကွက်တည်နေရာအမှတ်-(၅၈၇)၊ ငုဝါလမ်းသွယ်၊ ပေါင်းကူညာဏရပ်ကွက်၊ မင်္ဂလာဒုံမြို့နယ်ကို အမည်ပေါက် မိုးထိအောင်စည်ကျောင်း(ကိုယ်စား) ဘဒ္ဒန္တယောသိတ စာရ[၁၂/မဂဒ(သ)၀၀၂၀၆၅]မှ ပေါင်းကူညာဏ ဂရန်ရရှိရေးအထောက်အကူပြုအဖွဲ့၊ ရွှေနံ့သာကျေးရွာအုပ်ချုပ်ရေးမှူး၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူးတို့၏ ကန့်ကွက်ရန်မရှိကြောင်း ထောက်ခံစာတို့ကို တင်ပြ၍ နှစ်(၆၀)မြေငှားစာချုပ် (ဂရန်)လျှောက်ထားလာရာ တရားဝင် ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဌာနမှူး
မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ သန်လျင်မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ၂၀၁၇-၂၀၁၈ခု ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်မည့် မြို့ပတ်လမ်းကွန်ကရစ်ခင်းခြင်းလုပ်ငန်းအတွက် ဘိလပ်မြေ၊ ၁/၂"×၃/၄" Chipping/ကျောက်စရစ်(မီချောင်းရဲ)၊ မြစ်သဲ အပါအဝင် လုပ်ငန်းသုံးပစ္စည်း(၉)မျိုးအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

၂။ ရောင်းချလိုသူများအနေဖြင့် တင်ဒါအာမခံကြေးပေးသွင်းပြီး ၁၉-၁၀-၂၀၁၇ရက် (ကြာသပတေးနေ့) နံနက် ၁၀နာရီတွင် သန်လျင်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံးသို့ လာရောက်ရန် တင်ဒါတင်သွင်းနိုင်ပါသည်။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက သန်လျင်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံးတွင် ၂၀-၉-၂၀၁၇ရက်မှစ၍ ရုံးချိန်တွင် ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။ ဆက်သွယ်ရန်ဖုန်း-၀၅၆-၂၁၇၉၃၊ ၀၉-၇၉၆၂၃၃၅၇၇

တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ
သန်လျင်မြို့နယ်စည်ပင်သာယာရေးအဖွဲ့

ရန်ကုန်ပညာရေးတက္ကသိုလ်
ပညာရေးဘွဲ့စာပေးစာယူသင်တန်း

၂၀၁၇-၂၀၁၈ ပညာသင်နှစ် ပညာရေးဘွဲ့စာပေးစာယူသင်တန်းသား ဆရာ/ဆရာမများ ကိုယ်တိုင်တက်ရောက်သင်ယူရမည့် အောက်တိုဘာလ သင်တန်းကာလနှင့် ဧပြီ၊ မေ သင်တန်းကာလတို့အတွက် ဖြေဆိုရမည့် စာမေးပွဲများကို ရန်ကုန်ပညာရေးတက္ကသိုလ်တွင် အောက်ပါအတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါသည်-

စဉ်	သင်တန်း	သင်တန်းကာလ	စာမေးပွဲကျင်းပမည့်ကာလ
၁။	အမှတ်စဉ်(၃၆) ပထမနှစ်	အောက်တိုဘာ သင်တန်းကာလ ၁-၁၀-၂၀၁၇ မှ ၁၅-၁၀-၂၀၁၇ ထိ	၇-၅-၂၀၁၈ မှ ၁၁-၅-၂၀၁၈ ထိ
၂။	အမှတ်စဉ်(၃၅) ဒုတိယနှစ်	ဧပြီ၊ မေ သင်တန်းကာလ ၁၉-၄-၂၀၁၈ မှ ၄-၅-၂၀၁၈ ထိ	

အောက်တိုဘာသင်တန်းကာလသတင်းပို့ရမည့်ရက် - ၃၀-၉-၂၀၁၇ရက်(စနေနေ့)
ဧပြီ၊ မေသင်တန်းကာလ သတင်းပို့ရမည့်ရက် - ၁၈-၄-၂၀၁၈ရက်(ဗုဒ္ဓဟူးနေ့)

(သင်းသင်းဦး)
ဌာနခွဲမှူး၊ ပညာရေးဘွဲ့စာပေးစာယူသင်တန်း၊ ရန်ကုန်ပညာရေးတက္ကသိုလ်

မိဘအမည်မှန်

ဟုမ္မလင်းမြို့နယ်၊ မောင်းခမ်း၊ အထက၊ တက္ကသိုလ်ဝင်တန်းမှ မယုနန္ဒာခိုင်နှင့် မနှင်းအိခိုင်၊ ဆဋ္ဌမတန်းမှ မောင်မင်းခန့်ဇော်နှင့် တတိယတန်းမှ မပန်းအိခိုင်တို့၏ မိဘအမည်မှန်မှာ ဦးနိုင်ဝင်း[၅/ဟမလ(နိုင်)၀၆၇၀၁၃]နှင့် ဒေါ်ခင်ယုမေ [၅/ဟမလ(နိုင်)၁၄၀၁၅၇]ဖြစ်ပါကြောင်း။

ဦးနိုင်ဝင်း-ဒေါ်ခင်ယုမေ

တစ်ဦးတည်းဖြစ်ကြောင်း

ထီးချိုင့်မြို့နယ်၊ ကြက်သွန်ခင်းရွာနေ မောင်ဝေဇင်ဖြိုး၏မိခင် ဒေါ်မာမာသင်း(ခ)ဒေါ်စန်းစန်းထွေး [၅/ထခန(နိုင်)၀၇၅၃၀၃] သည် တစ်ဦးတည်း ဖြစ်ပါကြောင်း။

ဒေါ်မာမာသင်း (ခ)ဒေါ်စန်းစန်းထွေး

ဖခင်အမည်မှန်

ဟုမ္မလင်းမြို့နယ်၊ ကက်သာကျေးရွာ၊ အထက၊ တက္ကသိုလ်ဝင်တန်းမှ မောင်ကျော်ထက်အောင် (က-၆၃၅၂)၏ ဖခင်အမည်မှန်မှာ ဦးအောင်ဆန်းဦး ဖြစ်ပါကြောင်း။

ဦးအောင်ဆန်းဦး

ဖခင်အမည်မှန်

ဝမ်းတွင်းမြို့နယ်၊ အထက(ခွဲ)၊ သဖန်းကျောင်း ဒသမတန်းမှ မောင်နေသန့်ရှင်း၏ ဖခင်အမည်မှန်မှာ ဦးမြတ်မင်း[၉/ဝတန(နိုင်)၁၀၆၆၀၁] ဖြစ်ပါသည်။

ဦးမြတ်မင်း

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မင်္ဂလာဒုံမြို့နယ်၊ ပေါင်းကူညာဏ ဂရန်ပေးစီမံချက်၊ မြေတိုင်းရပ်ကွက်အမှတ်-၅၃၂-ဘီ/၅(ပေါင်းကူညာဏစီမံချက်)၊ မြေကွက်အမှတ်-(၄၆၃)၊ မြေကွက်တည်နေရာအမှတ်-(၄၆၃)၊ မြတ်လေးလမ်း၊ ပေါင်းကူညာဏရပ်ကွက်၊ မင်္ဂလာဒုံမြို့နယ်ကို အမည်ပေါက် ဒေါ်ဝင်းမာဦး [၁၂/အစန(နိုင်) ၁၈၇၆၆၈] ကိုယ်တိုင်မှ ပေါင်းကူညာဏ ဂရန်ရရှိရေးအထောက်အကူပြုအဖွဲ့၊ ရွှေနံ့သာကျေးရွာအုပ်ချုပ်ရေးမှူး၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူးတို့၏ ကန့်ကွက်ရန် မရှိကြောင်း ထောက်ခံစာတို့ကို တင်ပြ၍ နှစ်(၆၀)မြေငှားစာချုပ် (ဂရန်)လျှောက်ထားလာရာ တရားဝင် ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဌာနမှူး
မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မင်္ဂလာဒုံမြို့နယ်၊ ပေါင်းကူညာဏ ဂရန်ပေးစီမံချက်၊ မြေတိုင်းရပ်ကွက် အမှတ်- ၅၃၂-ဘီ/၅(ပေါင်းကူညာဏစီမံချက်)၊ မြေကွက်အမှတ်-(၆၄၆)၊ မြေကွက်တည်နေရာအမှတ်-(၆၄၆)၊ နာဂမုနိလမ်း၊ ပေါင်းကူညာဏရပ်ကွက်၊ မင်္ဂလာဒုံမြို့နယ်ကို အမည်ပေါက် ဦးတင်မော်နိုင် [၁၂/စခန(နိုင်)၀၂၆၃၃၇]ကိုယ်တိုင်မှ ပေါင်းကူညာဏ ဂရန်ရရှိရေးအထောက်အကူပြုအဖွဲ့၊ ရွှေနံ့သာကျေးရွာအုပ်ချုပ်ရေးမှူး၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူးတို့၏ ကန့်ကွက်ရန်မရှိကြောင်း ထောက်ခံစာတို့ကို တင်ပြ၍ နှစ်(၆၀)မြေငှားစာချုပ် (ဂရန်)လျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဌာနမှူး
မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မင်္ဂလာဒုံမြို့နယ်၊ ပေါင်းကူညာဏ ဂရန်ပေးစီမံချက်၊ မြေတိုင်းရပ်ကွက်အမှတ်-၅၃၂-ဘီ/၅(ပေါင်းကူညာဏစီမံချက်)၊ မြေကွက်အမှတ်-(၄၄၃)၊ မြေကွက်တည်နေရာအမှတ်-(၄၄၃)၊ စံပါယ်လမ်း၊ ပေါင်းကူညာဏရပ်ကွက်၊ မင်္ဂလာဒုံမြို့နယ်ကို အမည်ပေါက် ဒေါ်မြမြသန်း[၅/ခတန(နိုင်)၀၀၁၉၆၆] ကိုယ်တိုင်မှ ပေါင်းကူညာဏ ဂရန်ရရှိရေးအထောက်အကူပြုအဖွဲ့၊ ရွှေနံ့သာကျေးရွာအုပ်ချုပ်ရေးမှူး၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူးတို့၏ ကန့်ကွက်ရန် မရှိကြောင်း ထောက်ခံစာတို့ကို တင်ပြ၍ နှစ်(၆၀)မြေငှားစာချုပ် (ဂရန်) လျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဌာနမှူး
မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မင်္ဂလာဒုံမြို့နယ်၊ ပေါင်းကူညာဏ ဂရန်ပေးစီမံချက်၊ မြေတိုင်းရပ်ကွက် အမှတ်-၅၃၂-ဘီ/၅(ပေါင်းကူညာဏစီမံချက်)၊ မြေကွက်အမှတ်-(၁၀၄)၊ မြေကွက်တည်နေရာအမှတ်-(၁၀၄)၊ ပိတောက်လမ်း၊ ပေါင်းကူညာဏရပ်ကွက်၊ မင်္ဂလာဒုံမြို့နယ်ကို အမည်ပေါက် ဒေါ်မြစိန် [၁၄/ဟသတ(နိုင်)၁၀၆၁၆၂] ကိုယ်တိုင်မှ ပေါင်းကူညာဏ ဂရန်ရရှိရေးအထောက်အကူပြုအဖွဲ့၊ ရွှေနံ့သာကျေးရွာအုပ်ချုပ်ရေးမှူး၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူးတို့၏ ကန့်ကွက်ရန်မရှိကြောင်း ထောက်ခံစာတို့ကို တင်ပြ၍ နှစ်(၆၀)မြေငှားစာချုပ်(ဂရန်) လျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဌာနမှူး
မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မင်္ဂလာဒုံမြို့နယ်၊ ပေါင်းကူညာဏ ဂရန်ပေးစီမံချက်၊ မြေတိုင်းရပ်ကွက်အမှတ်-၅၃၂-ဘီ/၅(ပေါင်းကူညာဏ စီမံချက်)၊ မြေကွက်အမှတ်-(၅၀)၊ မြေကွက်တည်နေရာအမှတ်-(၅၀)၊ ပိတောက်လမ်း၊ ပေါင်းကူညာဏရပ်ကွက်၊ မင်္ဂလာဒုံမြို့နယ်ကို အမည်ပေါက် ဦးသောင်းရွှေ[၁၂/မဂဒ(နိုင်)၀၆၃၂၅၇]ကိုယ်တိုင်မှ ပေါင်းကူညာဏ ဂရန်ရရှိရေးအထောက်အကူပြုအဖွဲ့၊ ရွှေနံ့သာကျေးရွာအုပ်ချုပ်ရေးမှူး၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူးတို့၏ ကန့်ကွက်ရန်မရှိကြောင်း ထောက်ခံစာတို့ကို တင်ပြ၍ နှစ်(၆၀)မြေငှားစာချုပ်(ဂရန်)လျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဌာနမှူး
မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

အမှားပြင်ဆင်ချက်နှင့် ဒေါ်မြင့်မြင့်အေး [၁၂/ဆကခ(နိုင်)၀၀၆၇၂၂] အပါအဝင် အများသိစေရန် ကြေညာခြင်း

၁၄-၉-၂၀၁၇ ရက်စွဲပါ ကြေးမုံသတင်းစာ၌ တရားလွှတ်တော်ရှေ့နေ ဒေါ်ခိုင်ငြိမ်းအောင်မှ ကြော်ငြာခဲ့သော "ရန်ကုန်မြို့၊ အလုံမြို့နယ်၊ လွတ်လပ်ရေးရပ်ကွက်၊ သိပ္ပံလမ်း၊ အိမ်အမှတ်(၈၁) မြေပေါ်တွင် ဆောက်လုပ်ထားသော (၂)ခန်းတွဲ (၇)လွှာတိုက်၏ (၅)လွှာဘီ၊ တိုက်ခန်းအကျယ်အဝန်း (၁၂ပေခွဲ×၅၅ပေ) ရှိ တိုက်ခန်းအား အရောင်းအဝယ်ပြုလုပ်ခြင်းကို ကန့်ကွက်နိုင်ပါကြောင်း ကြေညာခြင်း" ကြော်ငြာခေါင်းစဉ်၌ လွတ်လပ်ရေးရပ်ကွက်ဟု ဖော်ပြချက်အစား "ဂျူန်ရပ်ကွက်"ဟု ပြင်ဆင်ဖတ်ရှုပါရန်နှင့် အဆိုပါတိုက်ခန်းနှင့်ပတ်သက်၍ တရားလွှတ်တော်ရှေ့နေ ဦးလှချိုမှ ၎င်း၏မိတ်ဆွေတစ်ဦး၏ ညွှန်ကြားချက်အရ ဝယ်ယူထားသောတိုက်ခန်းဖြစ်ကြောင်း ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်နုနုတင် [၁၀/ရမန(နိုင်)၀၀၃၀၈၉]၏ အကျိုးကို ဆန့်ကျင်ထိခိုက်လာပါသဖြင့် ကျွန်ုပ်၏မိတ်ဆွေအား တိုက်ခန်းရောင်းချရန် သဘောတူညီပြီး စရန်ငွေများရယူထားသည့် ဒေါ်မြင့်မြင့်အေးအနေဖြင့် ဤကြော်ငြာပါပြီး (၂)ရက်အတွင်း အမြန်ဆုံးလာရောက်ဖြေရှင်းပါရန်နှင့် ပျက်ကွက်ပါက ဥပဒေနှင့်အညီ တရားစွဲဆို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ဒေါ်နုနုတင်၏ လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ခိုင်ငြိမ်းအောင်
LL.B.,LL.M (International Law)
တရားလွှတ်တော်ရှေ့နေ (စဉ်-၈၅၂၉)
အမှတ်(၆၈၁)၊ ဝေဇယန္တာအနောက် (၁၅)လမ်း၊ ၆/အနောက်ရပ်ကွက်၊ သာကေတမြို့နယ်။ ဖုန်း-၀၉- ၄၂၀၀၇၇၃၁၅၊ ၀၉- ၇၇၇၆၅၀၅၂၁

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၂)၊ မြေကွက်အမှတ်(၉၁၄/က)၊ အကျယ်အဝန်း ပေ(၂၀×၆၀)၊ (၁၂၀၀)စတုရန်းပေရှိ ဒေါ်မြင့်မြင့်ဝေ[၁၂/ဥကတ(နိုင်)၁၁၇၆၆၂]အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ်-၉၁၄/က၊ မာဃ(၁၂)လမ်း၊ (၁၂)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်ဟုခေါ်တွင်သည့် နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမည်ပေါက်ထံမှ ရန်ကုန်မြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ (၂၀၀၇၅/၂၀၁၃)ဖြင့် အထူးကိုယ်စားလှယ်လွှဲစာရရှိသူ ဒေါ်ခင်မာဝေ(ခ) မာဂရက်ချစ်ခင်[၁၂/ရကန(နိုင်)၀၅၄၈၈၂]မှ လယ်ဝယ်ပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုဆိုသည့်အတွက် ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူမည်ဖြစ်သဖြင့် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေပြီးဖြစ်ပါသည်။ အဆိုပါမြေနှင့်အိမ်အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဒေါ်စန္ဒာမွေး(စဉ်-၇၁၄၈)၊ တရားလွှတ်တော်ရှေ့နေ
LL.B,M.P.A,D.B.L,D.M.L,D.I.L,D.APsy,D.I.R,D.G.I
အမှတ်-၃၃/၄၉၊ Strand Condominium၊ အခန်းအမှတ်(၃၇)၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၁-၅၇၈၀၄၈၊ ၀၉-၄၂၀၀၂၂၂၅၀၊ ၀၉-၉၇၀၃၄၈၈၄၄

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မင်္ဂလာဒုံမြို့နယ်၊ ပေါင်းကူညာဏ ဂရန်ပေးစီမံချက်၊ မြေတိုင်းရပ်ကွက် အမှတ်-၅၃၂-ဘီ/၅(ပေါင်းကူညာဏစီမံချက်)၊ မြေကွက်အမှတ်-(၇၃၇)၊ မြေကွက်တည်နေရာအမှတ်-(၇၃၇)၊ ခိုင်သဇင်လမ်း၊ ပေါင်းကူညာဏရပ်ကွက်၊ မင်္ဂလာဒုံမြို့နယ်ကို အမည်ပေါက် ဦးဇော်ဝင်းနိုင်[၁၂/စခန(နိုင်)၀၃၈၅၉၆]ကိုယ်တိုင်မှ ပေါင်းကူညာဏ ဂရန်ရရှိရေးအထောက်အကူပြုအဖွဲ့၊ ရွှေနံ့သာကျေးရွာအုပ်ချုပ်ရေးမှူး၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူးတို့၏ ကန့်ကွက်ရန်မရှိကြောင်း ထောက်ခံစာတို့ကို တင်ပြ၍ နှစ်(၆၀)မြေငှားစာချုပ်(ဂရန်)လျှောက်ထားလာရာ တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဌာနမှူး
မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မင်္ဂလာဒုံမြို့နယ်၊ ပေါင်းကူညာဏ ဂရန်ပေးစီမံချက်၊ မြေတိုင်းရပ်ကွက် အမှတ်-၅၃၂-ဘီ/၅(ပေါင်းကူညာဏစီမံချက်)၊ မြေကွက်အမှတ်-(၇၀၄/ခ)၊ မြေကွက်တည်နေရာအမှတ်-(၇၀၄/ခ)၊ ရွှာပတ်လမ်း၊ ပေါင်းကူညာဏရပ်ကွက်၊ မင်္ဂလာဒုံမြို့နယ်ကို အမည်ပေါက် ဒေါ်မိမိခိုင်[၁၂/ပဇတ(နိုင်)၀၂၅၇၇၄]ကိုယ်တိုင်မှ ပေါင်းကူညာဏ ဂရန်ရရှိရေး အထောက်အကူပြုအဖွဲ့၊ ရွှေနံ့သာကျေးရွာအုပ်ချုပ်ရေးမှူး၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူးတို့၏ ကန့်ကွက်ရန်မရှိကြောင်း ထောက်ခံစာတို့ကို တင်ပြ၍ နှစ်(၆၀)မြေငှားစာချုပ် (ဂရန်)လျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဌာနမှူး
မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မင်္ဂလာဒုံမြို့နယ်၊ ပေါင်းကူညာဏ ဂရန်ပေးစီမံချက်၊ မြေတိုင်းရပ်ကွက် အမှတ်-၅၃၂-ဘီ/၅(ပေါင်းကူညာဏစီမံချက်)၊ မြေကွက်အမှတ်-(၆၂၆)၊ မြေကွက်တည်နေရာအမှတ်-(၆၂၆)၊ ဂန္ဓမာလမ်းသွယ်၊ ပေါင်းကူညာဏရပ်ကွက်၊ မင်္ဂလာဒုံမြို့နယ်ကို အမည်ပေါက် ဦးအောင်ဌေး[၇/ပခန(နိုင်)၁၉၆၅၀၄] ကိုယ်တိုင်မှ ပေါင်းကူညာဏ ဂရန်ရရှိရေးအထောက်အကူပြုအဖွဲ့၊ ရွှေနံ့သာကျေးရွာအုပ်ချုပ်ရေးမှူး၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူးတို့၏ ကန့်ကွက်ရန်မရှိကြောင်း ထောက်ခံစာတို့ကို တင်ပြ၍ နှစ်(၆၀)မြေငှားစာချုပ် (ဂရန်)လျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဌာနမှူး
မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ပြည်သူ့သဘောထားစင်မြင့်

တိုင်းပြည်၏နိုင်ငံရေး၊စီးပွားရေး၊လူမှုရေးစသည်တို့နှင့်စပ်လျဉ်း၍ရှုထောင့်စုံမှသဘောထားအမြင်စုံတို့ကိုအများပြည်သူသို့တင်ပြပေးနိုင်ရန် ဤကဏ္ဍကိုဖွင့်လှစ်ခြင်းဖြစ်၍စိတ်ဝင်စားသူမည်သူမဆို ပါဝင်ရေးသားရန် ဖိတ်ခေါ်ပါသည်။ သို့သော် ကြမ်းတမ်းပြင်းထန်သော အယူအဆ၊ အရေးအသားများကိုမူ သတင်းစာ၏ မူဝါဒအရ ဖော်ပြပေးနိုင်မည်မဟုတ်ကြောင်းနှင့် ဤကဏ္ဍတွင် ပါရှိသမျှ တို့သည် သက်ဆိုင်ရာ ဆောင်းပါးရှင်၏အာဘော်သာဖြစ်ပါသည်။ (စာတည်းအဖွဲ့)

ဆေးဘက်ဆိုင်ရာကျင့်ဝတ်သိက္ခာ Medical Ethics

bkif

ကမ္ဘာပေါ်တွင် အသက်မွေးမြူမှုပေါင်း မြောက်မြားစွာ ရှိပါသည်။ ဆရာဝန်များလောက် ကျင့်ဝတ်သိက္ခာ စောင့်စည်းရသော အသက်မွေးမြူမှုကား နည်းလှပေသည်။ မရှိဟုဆိုခြင်းမဟုတ်ပါ။ သို့သော်လည်း ဆေးလောက ဂုဏ်သိက္ခာ မြင့်မားသည်ထက်မြင့်မားရန်ကိုမူ ဆေးလောကသားများ တစ်ဦးချင်းစီက ကောင်းသည်ထက် ကောင်းအောင် ကြိုးစားနေကြရဦးမည်ဖြစ်ပါသည်။

ဆရာဝန်များ ကျင့်ဝတ်သိက္ခာကို လွန်ခဲ့သော နှစ်ပေါင်း ၂၉၀၀ ခန့်(ဘီစီ ၄၀၀ ခန့်)ကပင် Hippocratic Oath ဟစ်ပိုခရက်တစ် အို့သ်ဖြင့် ပြဋ္ဌာန်းခဲ့လေသည်။ ၎င်းကျင့်ဝတ်ကျမ်းတွင် မှန်ကန်သော အမူအကျင့်များ၊ လူနာ၏အတွင်းရေးလုံခြုံစိတ်ချရမှုများ၊ လူနာ၊ လူနာဆွေမျိုးများနှင့် လူမှုရေး (လိင်) ရှုပ်ထွေးမှု ကင်းရှင်းရမည်များ၊ မိမိ၏ဆရာများကို မည်ကဲ့သို့ လေးစားကိုးကွယ်ရမည်များကို ရှင်းလင်းတိကျစွာ ဖော်ပြထားပါသည်။ ရာစုနှစ်များစွာ ကျော်ဖြတ်လာသောအခါ ကျင့်ဝတ်ကျမ်းစာပါ အချက်အလက်များသည် ခေတ်များနှင့်အညီ ပြောင်းလဲခဲ့သော်လည်း ဆရာဝန်များသည် ပြဋ္ဌာန်းကျင့်ဝတ်များနှင့်အညီ နေထိုင်ရမည်ဆိုသော အတွေးအခေါ်ခံယူချက်ကမူ မပြောင်းလဲခဲ့ပါပေ။

၁၈၄၇ ခုနှစ်မှစ၍ အမေရိကန်ဆရာဝန်အသင်း American Medical Association ၏ ဆရာဝန် အကျင့်သိက္ခာထိန်းသိမ်းရေးအဖွဲ့ငယ် (Ethics Group) က ဆရာဝန်များ၏ ကိုယ်ကျင့်တာဝန်မှုနှင့် လမ်းစဉ်များ၊ လူမှုရေးဆိုင်ရာပေါ်လစီများကို ချမှတ်ပေးခဲ့ပါသည်။ ထိုမူများ၊ လမ်းစဉ်များ၊ ပြဋ္ဌာန်းချက်များနှင့်အညီ နေထိုင်ကျင့်သုံးရန် ပျက်ကွက်သော ဆရာဝန်များအားလည်း ကန့်သတ်ခြင်း (sanctions) နှင့် ဥပဒေအရ အရေးယူခြင်းများပြုလုပ်လျက်ရှိပါသည်။

ဤနေရာ၌ ဆေးလောက ကိုယ်ကျင့်သိက္ခာပြဋ္ဌာန်းမှုကို သူတစ်ပါး၏ထင်မြင်ချက်အရ သတ်မှတ်ရန် မဟုတ်သည့် အခြေခံမှုကိုကား လက်ကိုင်ပြုထားရပါမည်။ Fundametnal philosophical concepts of ethics should not be determined by public opionion သူတစ်ပါး၏ ခံစားမှုကို ပစ်ပယ်ခြင်းမရှိသော အခြေခံ၊ လူများအားမထီမဲ့မြင်ပြုလုပ်ခြင်းမဟုတ်သော အခြေခံများအရ ဆရာဝန်များအနေဖြင့် မိမိတို့ လုပ်သင့်လုပ်ထိုက်သည်များကို မိမိတို့ယုံကြည်ချက်အရ မိမိကိုယ်ကို လေးစားသောအားဖြင့် ပြဋ္ဌာန်းပြုမူဆောင်ရွက်ခြင်းသာ ဖြစ်ရပါမည်။

မြန်မာနိုင်ငံ၏ အနောက်တိုင်းဆေးပညာကဏ္ဍကို စတင်ဖွင့်လှစ်ပေးခဲ့သည်လည်းဟုတ်သော၊ မြန်မာနိုင်ငံ ဆရာဝန်များ ဘွဲ့လွန်ပညာရပ်များ ဆည်းပူးလိုသောအခါ အများဆုံး သွားရောက်လေ့ရှိသည်လည်း ဟုတ်သော ယူကေနိုင်ငံ အထွေထွေဆေးကောင်စီ General Medical Council က The Duties of a Doctor ဟူ၍ အောက်ပါအတိုင်း ဆရာဝန်များ၏ တာဝန်ဝတ္တရားများကို သတ်မှတ်ထားပါသည်။

၁။ Knowledge, Skills and Performance
(အသိပညာမြင့်မားခြင်း၊ အတတ်ပညာကျွမ်းကျင်မှုနှင့် ဆောင်ရွက်ချက်အရည်အသွေးမြင့်မားခြင်း)
- မိမိလူနာကိုစောင့်ရှောက်မှုသည် မိမိပထမတာဝန်ဟု ခံယူရမည်။
- လူနာအား အဆင့်အတန်းမီသော ကုသမှုနှင့် စောင့်ရှောက်မှုပေးရမည်။
- အသိပညာနှင့် ကျွမ်းကျင်မှုသည် ခေတ်နှင့် တစ်ပြေးညီရှိရမည်။
- မိမိစွမ်းဆောင်နိုင်မှု အဝန်းအဝိုင်း ပမာဏကို ကွဲကွဲပြားပြားသိရှိပြီး ထိုစွမ်းဆောင်နိုင်မှု အဝန်းအဝိုင်းအတွင်း၌သာ ကုသမှုများ လုပ်ဆောင်ရမည်။ မိမိမတတ်နိုင်သည့် ကိစ္စများကို မိမိထက်ကျွမ်းကျင်သောသူများနှင့် ကုသစေခြင်းရှိရမည်။

၂။ Safety and Quality
(လူနာဘေးအန္တရာယ်ကင်းရှင်းစေခြင်းနှင့် ကုသမှုအရည်အချင်းပြည့်ဝခြင်း)
- မိမိကုသလျက်ရှိသော လူနာ၌ အန္တရာယ်ကင်းရှင်းစေရမည်။
- လူနာ၏ လူ့သိက္ခာရှိမှုကို ထိန်းသိမ်းစောင့်ရှောက်ရမည်။
- လူနာ၏ကာယချမ်းသာခြင်း ယိမ်းယိုင်မှုရှိလာခဲ့လျှင် ချက်ချင်းကိုင်တွယ်ဖြေရှင်းရမည်။
- မိမိလူနာ၏ ကျန်းမာမှု ကာကွယ်ခြင်းနှင့် မြှင့်တင်ခြင်း ဆောင်ရွက်ရမည်။
- လူထု၏ ကျန်းမာမှုကာကွယ်ခြင်းနှင့် မြှင့်တင်ခြင်း ဆောင်ရွက်ရမည်။

၃။ Communication, Partnership and Teamwork
(ဆက်ဆံရေး၊ ပူးပေါင်းဆောင်ရွက်ခြင်းနှင့် အသင်းအဖွဲ့လိုက်ဆောင်ရွက်တတ်ခြင်း)
- လူနာများကို လူပုဂ္ဂိုလ်တစ်ဦးအနေနှင့် မြင်ရမည်။
- လူနာများကို လူ့သိက္ခာရှိစေရမည်။
- လူနာများကို ယဉ်ကျေးသိမ်မွေ့စွာ ဆက်ဆံရမည်။
- လူနာများ၏ အတွင်းရေးများကို ပေါက်ကြားမှုမရှိအောင် လျှို့ဝှက်ထားရမည်။
- လူနာ၊ လူနာမိသားစုများနှင့် ပူးပေါင်းဆောင်ရွက်ရမည်။
- လူနာများ၏ သောကများနှင့် ဆန္ဒထုတ်ဖော်လိုမှုများကို ကောင်းစွာနားထောင်ရမည်။ လိုအပ်ချက်များနှင့်အညီ တုံ့ပြန်ပေးရမည်။
- လူနာများ သိသင့်သည့်၊ သိလိုသည့် သတင်းအချက်အလက်များကို လူနာနားလည်အောင် ၎င်းတို့သိနိုင်သည့် စကားလုံးများနှင့် ပြောပြရမည်။
- လူနာများ၌ ဆရာဝန်၏ အကူအညီယူ၍ ၎င်းတို့၏ကုသမှု၊ စောင့်ရှောက်မှုတို့ကို ရွေးချယ်ဆုံးဖြတ်နိုင်သည့် လူနာအခွင့်အရေးရှိသည်ကို လေးစားရမည်။
- လူနာများအနေနှင့် ၎င်းတို့ဘာသာ၎င်းတို့ စောင့်ရှောက်တတ်စေရန် ကူညီရပါမည်။
- လူနာများအနေနှင့် ကျန်းမာရေးကို ထိန်းသိမ်းထားရှိမှုနှင့် ပိုမိုကောင်းမွန်စေရန်လုပ်ဆောင်မှုကို အကူအညီ အထောက်အပံ့ပေးရပါမည်။

၄။ Maintaining Trust
(ယုံကြည်ကိုးစားမှု မပျက်ပြယ်အောင်ထိန်းသိမ်းခြင်း)
- ရိုးသားမှုရှိပါစေ၊ အစွမ်းကုန်ရိုးသားရပါမည်။
- ပွင့်လင်းမြင်သာ ရှိရပါမည်။
- သီလလုံခြုံပြီး ကိုယ်ကျင့်တရား ဖြောင့်မတ်ရမည်။
- လူနာများနှင့် ကျန်ဆေးလောက လုပ်သားများအား တန်းတူရည်တူ ဆက်ဆံရပါမည်။ အဆင့်အတန်းခွဲခြားမှုမရှိရန် ထိန်းသိမ်းရပါမည်။
- လူနာများ၏ ယုံကြည်မှုကို အလွဲသုံးစားပြုလုပ်ခြင်းမှ ရှောင်ကြဉ်ရပါမည်။
- လူထုက ဆေးပညာရှင်များနှင့် ဆေးလောကအပေါ်ယုံကြည်မှု၊ ကြည်ညိုမှုများပျက်ကွယ်စေသည့် အပြုအမူများကို ရှောင်ကြဉ်ရပါမည်။

အထက်ပါ GMC ပြဋ္ဌာန်းချက်များနည်းတူ မြန်မာနိုင်ငံ ဆေးကောင်စီ Myanmar Medical Council ကလည်း ပြဋ္ဌာန်းထားသည်သာဖြစ်ပါသည်။ အထွေထွေဆေးဝါးကောင်စီ၏ တောင်းဆိုမှုများကိုလည်းကောင်း မြန်မာနိုင်ငံ ဆေးကောင်စီ ပြဋ္ဌာန်းမှုများကိုလည်းကောင်း မြန်မာနိုင်ငံ ဆရာဝန်များ ကျင့်သုံးရန် မလိုပါဟု ပြောနိုင်ပါမည်လား၊ ဆရာဝန်များလိုက်နာရန်ခက်ခဲလောက်အောင် လွန်လွန်းနေပါသလားဟုမေးလျှင် အများစုက လိုက်နာရန်လိုပါသည်၊ မလွန်လွန်းပါ၊ မများပါဟုသာ ဖြေကြပါသည်။ မြန်မာနိုင်ငံ၌ရှိသော ဆရာဝန် အများအပြားသည်လည်း လိုက်နာလျက်ရှိကြပါသည်။ လိုက်နာမှုရှိသော ဆရာဝန်များ၊ ပြဋ္ဌာန်းချက်နှင့်အညီနေသော ရာဝန်များသည်လည်း လူအများ ကြည်ညိုဖွယ်ဖြစ်သော လူအများကိုးစားသော ဆရာကြီးများသာ ဖြစ်ခဲ့ကြလေတော့သည်။

RESPECT **လေးစားခြင်း**

အထက်ဖော်ပြပါ တာဝန်ဝတ္တရားများအား ကျေပွန်စွာ ဆောင်ရွက်နိုင်ရန် မည်သည့် တစ်ခုတည်းသော ဆရာဝန်အရည်အသွေးက ချုပ်ကိုင်ထားပါသလဲဟု မေးမြန်းထိုက်ပါသည်။ ထိုမေးခွန်း၏ အဖြေမှာ Respect လေးစားမှုဟုပင် ဆိုရမည်ဖြစ်ပါသည်။ နိုင်ငံတော်အား လေးစားမှု၊ ဥပဒေအားလေးစားမှု၊ ပြည်သူပြည်သားများအား လေးစားမှု၊ အုပ်ချုပ်သည့် ပုဂ္ဂိုလ်၊ မင်းအား လေးစားမှု၊ ချမှတ်ထားသော ကျင့်ဝတ်ဆိုင်ရာ နည်းဥပဒေများအား လေးစားမှု၊ လုပ်ဖော်ကိုင်ဖက်များအား လေးစားမှု၊ လူနာများအား တစ်ဦးချင်းစီအလိုက် လေးစားမှုနှင့် အရေးအကြီးဆုံးက မိမိကိုယ်မိမိ လေးစားမှုပင် ဖြစ်ပါတော့၏။

သူနာပြုဆရာမလေးများနှင့် ဆေးကျောင်းသားများကို "ဆေးရုံတစ်ရုံ၏ မည်သည့်နေရာသည် ကြောက်စရာကောင်းပါသလဲ" ဟု မေးလိုက်လျှင် ၎င်းတို့အနေဖြင့် "ဒေါသပုန်ထ ပေါက်ကွဲတတ်သော ဆရာဝန်ကြီးများရှိသောနေရာ၊ ရာထူးကြီးသည်ကို အစွမ်းကုန်အသုံးချ၍ မောက်မာစွာဆက်ဆံတတ်သော ဆရာဝန်ကြီးများရှိသောနေရာ၊ တစ်ဖက်သားအား မတူမတန် အဖက်မလုပ်လျစ်လျူပြုမှုရှိသော ဆရာဝန်ကြီးများရှိသော နေရာတို့သည် ကြောက်စရာကောင်းသော နေရာများဖြစ်ပါသည်" ဟု ဖြေဆိုကြပါလိမ့်မည်။ ဆိုအပ်သော ဖော်ပြအပ်သော နေရာတို့၌ လူနာတစ်ယောက်ရောက်ရှိသွားမည်ဆိုပါက စိတ်မကောင်းစရာတွေ အမှန်တကယ်ဖြစ်လာပါလိမ့်မည်။

Lack of respect poison the well of collegiality and cooperation လေးစားမှုဆိတ်သုဉ်းခြင်းသည် ဆေးလောကသား အချင်းချင်းဆက်ဆံမှုနှင့် လူနာဆရာဝန်ဆက်ဆံမှု ရေကြည်အေးမြကို အဆိပ်အတောက်ဖြစ်စေပြီး နှစ်ဦးနှစ်ဖက် အပြန်အလှန် ပူးပေါင်းဆောင်ရွက်ရေးကို ပျက်စီးစေပါသည်။

Respect as an issue of patient safety လေးစားမှုဆိပ်သုဉ်းခြင်းသည် လူနာဘေးအန္တရာယ်ကင်းရှင်းမှု၏ အချက် အလက်တစ်ခုဖြစ်ကြောင်း Harvard တက္ကသိုလ်မှလည်း သုတေသနစာတမ်းများ အချက်အလက်များဖြင့် ပြည့်ပြည့်စုံစုံ ပြသခဲ့ပြီးဖြစ်ပါသည်။ References: (1) Respect and How it Impacts Patient Safety. Danielle Ofri; New York Times .(2) Building Respect, Improving Patient Safety. Royal Australian College of Surgeons. https://www.surgeons. org/media/ 22260415/RACS-Action-Plan

တစ်ဆက်တည်းမှာပင် လူနာများအား လေးစားသမှုဖြင့် ဆက်ဆံ၍ ဆေးကုသမှုပြုပေးခြင်း၏ သွယ်ဝိုက်သော အကျိုးသက်ရောက်မှုများ ရှိသည်ကိုလည်း တွေ့ရှိလာရပြန်ပါသည်။ လတ်တလော ပြုလုပ်ထားသော လေ့လာမှုများအရ 'ဆရာဝန်၏ တန်ဖိုးထားခြင်းခံရပြီး လေးစားမှုပါရှိသော ဆေးကုသခြင်းကို ခံယူရရှိသော လူနာများသည် ပို၍ကောင်းမွန်သော ရလဒ်များ ရရှိပြီး ကုသမှုအပေါ် လူနာများက များစွာကျေနပ်မှုရှိသည်' ကို တွေ့ရှိရပါသည်။

Ref: Beach MC, Sugarman J, Johnson RL et al." Do Patient treated with dignity report higher satisfaction, adherence and receipt of preventive care" Am.Fam Med. 2005; 3:331 – 388

လူနာများအား လေးလေးစားစား ဆက်ဆံမှုနှင့် ပတ်သက်၍လည်း အောက်ပါအတိုင်း ဖြစ်သင့်ပါသည် -

(က)လေးစားမှု ပါဝင်သော ဆက်ဆံခြင်းသည် ဆရာဝန်များ၏ ကိုယ်ကျင့်တရားဖြစ်ခြင်း။
(ခ) ဆူကြုံနိမ့်မြင့် မခွဲမူဘဲ လူနာအားလုံးကို တစ်ပြေးညီထား၍ ဆက်ဆံသော လေးစားမှုပေးခြင်း၊
(ဂ) ခြွင်းချက်မပါသော (ဝါ) အကျိုးအပြစ်တို့အပေါ်၌ မူတည်ခြင်းမရှိသော လူဟူ၍ တန်ဖိုးထားမှုနှင့်သာ လူနာများကို တလေးတစားဆက်ဆံခြင်း၊
(ဃ)လူနာများ၏ ကိုယ်ပိုင်ဆုံးဖြတ်ပိုင်ခွင့်၊ ရွေးချယ်ပိုင်ခွင့်တို့ကို လေးစားမှု ပြုပေးခြင်း၊
(င) ဆရာဝန်၏ အသိပိုင်းဆိုင်ရာ အတိုင်းအတာ (Cognitive Dimension) အရလည်းကောင်း၊ အမူအကျင့်ပိုင်းဆိုင်ရာ အတိုင်းအတာ (behavioural dimension) အရလည်းကောင်း၊ လူအားလုံးကို လေးလေးစားစား ဆက်ဆံတတ်သော စိတ်ရင်းကို မြှင့်တင်၍ လူနာများအား ဆက်ဆံလာခြင်း။ တစ်ဖုံအားဖြင့်လည်း "တစ်ဖက်သားအား လေးလေးစားစားဆက်ဆံမှုသည် အတွင်းသဘော မြင့်မြတ်သူတို့၏ လုပ်ရပ်ဖြစ်သည်ဟုယုံကြည်မှု၌ အရင်းခံသော ဖော်ဆောင်ခြင်းပေတည်း။

ဤကဲ့သို့ လေးလေးစားစား ဆက်ဆံခြင်းသည် နောက်ဆက်တွဲ ကောင်းကျိုးဆိုးကျိုးများအပေါ် တွက်ချက်နေမှုနှင့်လည်း လွတ်ကင်းနေပါသည်။ သာမန်ဆရာဝန်တာဝန်များဖြစ်သည့် လူနာများ အကျိုးဖြစ်ထွန်းစေခြင်း (Benefience)၊ လူနာများ အန္တရာယ်မဖြစ်စေခြင်း (Non–malfeasance) ကျင့်ဝတ်များထက်သာလွန်မြင့်မြတ်သည်ဟု ခံယူနိုင်ပါသည်။ လေးစားတတ်သော စိတ်ထားသည် ဆရာဝန်အားလုံး၌ ရှိသင့်သည်ဟု ဆေးလောကကျင့်ဝတ် ဦးဆောင်သူများက ယုံကြည်ကြပါသည်။ ရှိရှိသမျှသော ဘာသာတိုင်း၏ ယုံကြည်မှုဖြစ်သော ဖြဟ္မစိုရ်မေတ္တာ၌ အခြေခံသည့် သမားကျင့်စဉ်လည်း ဖြစ်ပေသည်။

လူနာများအား လေးစားမှုတွင် လူနာအား လူတစ်ဦးအနေဖြင့် တန်ဖိုးထားမှု (Recognising the Value as a Person) လည်း မလွဲမသွေ ပါရှိပေသည်။ လူနာအား တန်ဖိုးထားသည်ဟူသော စိတ်နေသဘောတွင် လူနာ၏ ခံစားချက် (Feelings) များနှင့် ၎င်းတွေ့ကြုံနေရသည့် ကာယိကဒုက္ခ (Sufferings) များအား အလေးအနက်ထားပေးခြင်းတို့ပါရှိပေသည်။ လူနာသည် လူတစ်ဦးအနေဖြင့် တန်ဖိုးတစ်ခုရှိသည်ကို ယုံကြည်ခြင်း (Believing) နှင့် ယုံကြည်သည့်အတိုင်း ထိုက်သင့်စွာ ဆောင်ရွက်ခြင်း (acting) များ ပြုလုပ်ရပါမည်။

ယူကေနိုင်ငံ ဘွဲ့လွန်ဆေးပညာ အသိအမှတ်ပြုကောင်စီ Accreditation Council for Graduate Medical Education က ဆေးရုံတာဝန်ကျ ဆရာဝန်များသည် 'လေးစားမှုကို ပြသရမည်' demonstrate respect" ဟု ပြဋ္ဌာန်းထားပါသည်။

စာမျက်နှာ ၁၈ သို့

ချင်းတွင်းမြစ်ဝှမ်း စောင့်ကြည့်အဖွဲ့ ဖွဲ့စည်းရန်စီစဉ်

မုံရွာ စက်တင်ဘာ ၁၉
စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ဖြတ်သန်းစီးဆင်းလျက်ရှိသော ချင်းတွင်းမြစ်တစ်လျှောက်ရှိ ချင်းတွင်းမြစ်ဝှမ်းဒေသကြီးတစ်ခုလုံး ရေရှည်တည်တံ့သည့် ဖွံ့ဖြိုးတိုးတက်မှု ဖြစ်ပေါ်စေရန်အတွက် စောင့်ကြည့်ချင်းတွင်းမြစ်ဝှမ်းအဖွဲ့အစည်း (Chindwin River Basins Organization) တစ်ခုကို ဖွဲ့စည်းရန် စီစဉ်လျက်ရှိကြောင်း မြန်မာ့ပတ်ဝန်းကျင်သိပ္ပံ၏ နာယက ပါမောက္ခဦးမောင်မောင်အေး၏ ပြောကြားချက်အရ သိရသည်။

ချင်းတွင်းမြစ်ဝှမ်း စောင့်ကြည့်အဖွဲ့အစည်းသည် ချင်းတွင်းမြစ်ဝှမ်းဒေသကြီး ဖွံ့ဖြိုးတိုးတက်မှုဖြစ်ပေါ်စေရန်ဆောင်ရွက်ရာတွင် ပတ်ဝန်းကျင်ထိခိုက်မှု အနည်းဆုံးဖြစ်စေရန်အတွက် တတ်ကျွမ်းနားလည်သည့် ပညာရှင်များ၊ သုတေသီများဖြင့် ထိန်းကျောင်းသွားနိုင်ရန်အတွက် ဖွဲ့စည်းရန် စီစဉ်ခြင်းဖြစ်ကြောင်း သိရသည်။

"ချင်းတွင်းမြစ်ဝှမ်း စောင့်ကြည့်အဖွဲ့အစည်းတစ်ခုကို ဖွဲ့စည်းချင်တယ်။ အိမ်နီးချင်းနိုင်ငံတွေမှာ (River Basins Organization) ဆိုတဲ့ သက်ဆိုင်ရာ မြစ်ဝှမ်းအဖွဲ့အစည်းတွေ ရှိပါတယ်။ ဒီနိုင်ငံမှာတော့ ဘယ်မြစ်မှာမှ (RBO)ဆိုတဲ့ အဖွဲ့အစည်းတွေ မဖွဲ့စည်းရသေးဘူး။ သိပ်အရေးကြီးတဲ့ လုပ်ငန်းကြီးတစ်ခုကို မလုပ်ဖြစ်သေးဘူးလို့ပြောရမှာပေ့ါ။ အဲဒါကို စတော့ဟုမ်းပတ်ဝန်းကျင်သိပ္ပံရယ်၊ မြန်မာ့ပတ်ဝန်းကျင် သိပ္ပံနဲ့ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့တို့ ပူးပေါင်းပြီးဖွဲ့စည်းဖို့စီစဉ်နေတာပါ။ စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့ကလည်း မူအားဖြင့် သဘောတူပါတယ်။ ဥပဒေကြောင်းအရ တင်ထားတဲ့ကိစ္စကို ဥပဒေချုပ်နဲ့ ဥပဒေရေးရာ ကျွမ်းကျင်သူတွေနဲ့ ဒီစာသားတွေကို စစ်ဆေးပြီး မကြာခင်အတည်ပြုချက်ရရင် စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့ကနေပြီးတော့ တိုင်းဒေသကြီးလွှတ်တော်ကို တင်ပြအတည်ပြုချက်ရယူမယ်။ နောက်ဆုံးအဆင့်အနေနဲ့ ပြည်ထောင်စုအစိုးရကိုတင်ပြပြီးတော့ အတည်ပြုချက်ယူမယ်။ အဲဒါပြီးရင် သဘောတူ လက်မှတ်ရေးထိုးပြီးဖြစ်တာကြောင့် ဒီလုပ်ငန်းတွေနဲ့ ဆက်နွှယ်နေတဲ့ လုပ်ငန်းတွေအားလုံးကို ဆောင်ရွက်လို့ရပြီ။ (Chindwin RBO) လုပ်ငန်းတွေလည်း စတင်အကောင်အထည်ပေါ်လာမှာပါ"ဟု မြန်မာ့ပတ်ဝန်းကျင်သိပ္ပံ၏နာယက ပါမောက္ခဦးမောင်မောင်အေးက ပြောသည်။

ချင်းတွင်းမြစ်ဝှမ်း စောင့်ကြည့်အဖွဲ့အစည်း ဖြစ်ပေါ်လာစေရန်အတွက် ကနဦးလုပ်ဆောင်ချက်များအဖြစ် ချင်းတွင်းမြစ်ရေ အရည်အသွေးအကဲဖြတ်သည့်လုပ်ငန်းများ ဆောင်ရွက်ခြင်း၊ မြစ်ကြောင်းတစ်လျှောက်ရှိ မြစ်ချိုင့်ကြောင်း ပုံသဏ္ဍာန်ပြောင်းလဲနေပုံများကို သုတေသနလုပ်ငန်းများလုပ်ဆောင်ခြင်း၊ သက်ဆိုင်ရာစာတမ်းများကိုတင်ပြခြင်း၊ လိုအပ်သော တိုင်းဒေသကြီးအဆင့်အစည်းအဝေးများ၊ ပါဝင်ပတ်သက်သူများ၏ ဆွေးနွေးပွဲများကိုလည်း လုပ်ဆောင်ထားကြောင်း သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီးအတွင်းသို့ ဖြတ်သန်းစီးဆင်းလျက်ရှိသော ချင်းတွင်းမြစ်သည် ဧရာဝတီမြစ်ကြီး၏ အဓိကမြစ်လက်တက်ကြီးတစ်ခုဖြစ်ပြီး အထက်ပိုင်းဒေသများတွင် ခတ်သတ္တုတူးဖော်မှုများပြားပြီး ရေအရည်အသွေးများကျဆင်းနေ၍ ဒေသပြည်သူများအနေဖြင့် မြစ်ရေကိုအသုံးပြုရန် စိတ်မချရသည့်အခြေအနေရှိနေပြီး သစ်တောပြုန်းတီးမှုများအပါအဝင် မြေအနေအထားပြောင်းလဲခြင်းများက မိုးသည်းထန်ရေစီးသန်သည့် ရာသီတွင် မြစ်ရေတိုက်စားမှုများကို ဖြစ်ပေါ်စေကာ မြစ်ကမ်းပါးများပြိုကျခြင်း၊ မြစ်ကမ်းအနီးရှိကျေးရွာများမှ လူနေအိမ်များ မျောပါခြင်း၊ ကမ်းပါးအနီးစိုက်ခင်းများ၊ မွေးမြူရေးနှင့်လယ်ကွင်းများကို ဆိုးကျိုးများဖြစ်ပေါ်စေသည့်အပြင် သောင်ထွန်းမှုများလည်း ပိုမိုဖြစ်ပွားလျက်ရှိသဖြင့် ချင်းတွင်းမြစ်ဝှမ်းတစ်လျှောက်တွင် သဘာဝပတ်ဝန်းကျင်နှင့် ရေထုစီမံခန့်ခွဲမှုဆိုင်ရာ စိန်ခေါ်မှုများကိုရင်ဆိုင်နေရသည့် လက္ခဏာများနှင့် ရင်ဆိုင်နေရပြီဖြစ်ကြောင်း ချင်းတွင်းမြစ်ဝှမ်း အဖွဲ့အစည်းပုံစံ အစီရင်ခံစာတွင် ဖော်ပြထားကြောင်း သိရသည်။

အဆိုပါအဖွဲ့အစည်းကြီးပေါ်ပေါက်လာပါက ချင်းတွင်းမြစ်ဝှမ်းဒေသတွင် သဘာဝပတ်ဝန်းကျင်နှင့် လူမှုစီးပွားရေးအခြေအနေများ ရေရှည်တည်တံ့သော စဉ်ဆက်မပြတ် ဖွံ့ဖြိုးသည့် အခြေအနေများကို အားနည်းချက်နည်းပါးစွာဖြင့် ကောင်းစွာရရှိနိုင်မည်ဖြစ်ကြောင်း သိရသည်။ **ဝင်းဦး(ဧယျာတိုင်း)**

လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး အသိပညာပေး

ပင်လည်ဘူး စက်တင်ဘာ ၁၉
စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ပင်လည်ဘူးမြို့၌ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးအသိပညာပေးဟောပြောပွဲ အခမ်းအနားကို စက်တင်ဘာ ၁၈ ရက် နံနက် ၁၀ နာရီက မြို့နယ်အခြေခံပညာအထက်တန်းကျောင်း ဦးအောင်မြတ်ခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမင်းနောင်၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးဖြိုးသူမောင်တို့က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ဥပဒေအရာရှိ ဦးဆန်းလင်းဦး၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးအောင်မင်းစိန်တို့က လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးနှင့်ပတ်သက်၍ အသိပညာပေး ဟောပြောကြသည်။

ထို့နောက် မြို့နယ်အမျိုးသမီးရေးရာအသင်းဥက္ကဋ္ဌ ဒေါ်အိအိဖြိုးက မြန်မာ့အမျိုးသမီးများယဉ်ကျေးမှုရေးရာနှင့်ပတ်သက်၍လည်းကောင်း၊ မြို့နယ် အမျိုးသမီးရေးရာအသင်း အတွင်းရေးမှူး ဒေါ်တင်မာက အမျိုးသမီးများဘဝဖွံ့ဖြိုးတိုးတက်ရေးနှင့်ပတ်သက်၍ အသိပညာပေးဟောပြောခဲ့ကြသည်။

အခမ်းအနားသို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ၊ မြို့နယ်ရဲတပ်ဖွဲ့မှူး၊ မြို့နယ်အမျိုးသမီးရေးရာအသင်းဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ခဲ့ကြကြောင်းသိရသည်။

မျိုးလွင်(ပြန်/ဆက်)

စစ်ကိုင်းတိုင်းဒေသကြီး ရဲတပ်ဖွဲ့ မှုခင်းမှတ်တမ်း(အရာရှိ) လုပ်ငန်းခွင် မွမ်းမံသင်တန်းဖွင့်

စစ်ကိုင်း စက်တင်ဘာ ၁၉
မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်၏ လမ်းညွှန်ချက်အရ စစ်ကိုင်းတိုင်းဒေသကြီး ရဲတပ်ဖွဲ့၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် ဖွင့်လှစ်သော (၁/၂၀၁၇) မှုခင်းမှတ်တမ်း (အရာရှိ) လုပ်ငန်းခွင်မွမ်းမံသင်တန်းဖွင့်ပွဲကို စက်တင်ဘာ ၁၈ ရက် နံနက် ၈ နာရီက စစ်ကိုင်းမြို့နယ် ရဲတပ်ဖွဲ့မှူးရုံးရှိ ရဲရင့်ရိပ်သာခန်းမ၌ ကျင်းပသည်။

သင်တန်းဖွင့်ပွဲသို့ စစ်ကိုင်းတိုင်းဒေသကြီးရဲတပ်ဖွဲ့မှူး ရဲမှူးကြီး လူလူသန်းက မှုခင်းမှတ်တမ်း တာဝန်ထမ်းဆောင်နေကြသည့် ရဲတပ်ဖွဲ့ဝင်များ၏ တာဝန်မှာ တရားစွဲမတင်မီ ဆောင်ရွက်ရမည့်လုပ်ငန်းများ၊ တရားရုံးစစ်ဆေးနေစဉ် ဆောင်ရွက်ရမည့်လုပ်ငန်းများ၊ အမှုပြီးပြတ်ပြီးနောက် ဆောင်ရွက်ရမည့်လုပ်ငန်းတာဝန်များဖြစ်ကြောင်း၊ ပြည်သူ့အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်စောင့်ရှောက်နေကြသည့် ရဲတပ်ဖွဲ့ဝင်များဖြစ်သောကြောင့် ဒုစရိုက်သမားများနှင့် အဖျက်သမားများအတွက် နေရာမရှိအောင် ဆောင်ရွက်ရမည်ဖြစ်သလို ပြစ်မှုကျူးလွန်သူများကိုလည်း ထိရောက်ဟန့်တားလောက်သည့် ပြစ်ဒဏ်ရရှိရေး ဆောင်ရွက်မှသာ ပြည်သူအားကိုးယုံကြည်သည့် ရဲတပ်ဖွဲ့ဝင်များ ဖြစ်လာမည်ဖြစ်ကြောင်း ပြောကြားသည်။

အဆိုပါ သင်တန်းသို့ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ခရိုင်များမှ မှုခင်းမှတ်တမ်းတာဝန်ထမ်းဆောင်လျက်ရှိသည့် သင်တန်းသားအရာရှိ ၂၀ တက်ရောက်ကြကာ သင်တန်းကာလမှာ ရက်သတ္တပတ်ဖြစ်ပြီး ဖွင့်ပွဲအခမ်းအနားသို့ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်ရဲတပ်ဖွဲ့မှူးများနှင့် သင်တန်းနည်းပြများ၊ သင်တန်းသားများ တက်ရောက်ခဲ့ကြကြောင်းသိရသည်။ **ဇော်မြင့်နိုင် (ပြန်/ဆက်)**

မီးလောင်ပြင်သွားရောက်ကွပ်ကဲနိုင်ရန် စစ်ကိုင်းတိုင်းဒေသကြီး ခရိုင်မီးသတ်ရုံးများသို့ အုပ်ချုပ်ရေးယာဉ်များဖြန့်ဝေပေး

စစ်ကိုင်း စက်တင်ဘာ ၁၉
မီးလောင်မှု ဖြစ်ပွားရာသို့ ဌာနဆိုင်ရာတာဝန်ရှိသူများ လျင်မြန်စွာ သွားရောက်ကွပ်ကဲနိုင်ရန်အုပ်ချုပ်ရေးယာဉ်များကို စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ခရိုင်အဆင့်မီးသတ်စခန်းများသို့ ဖြန့်ဝေပေးလျက်ရှိကြောင်း စစ်ကိုင်းတိုင်းဒေသကြီး မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးမင်းစမ်းအေးထံမှ သိရသည်။

"အုပ်ချုပ်မှုယာဉ်တွေမှာ ကျပ် ၄၅ သိန်းတန် CHEVEROLET Colorado အမျိုးအစား Double Cab တစ်စီးကို စစ်ကိုင်းတိုင်းဒေသကြီးမီးသတ်ရုံးအတွက် အသုံးပြုမှာဖြစ်ပါတယ်။ ကျပ်သန်း ၂၅၀ တန်ဖိုးရှိတဲ့ Singal Cab ခြောက်စီးကို ယင်းမာပင်၊ မုံရွာ၊ ကလေး၊ တမူး၊ မော်လိုက်၊ ခန္တီးစတဲ့ ခရိုင်မြို့ မီးသတ်ရုံးတွေအတွက် ဖြန့်ဝေပေးမှာ ဖြစ်ပါတယ်" ဟု ဦးမင်းစမ်းအေးက ပြောသည်။

စစ်ကိုင်းတိုင်းဒေသကြီးတွင် ခရိုင် ၁၀ ခုရှိရာ ခရိုင်မီးသတ်ရုံးများတွင် သတ်မှတ်ဖွဲ့စည်းပုံအတိုင်း မီးသတ်ယာဉ် သုံးစီး၊ ရေသယ်ယာဉ်နှစ်စီး၊ ရေပန်းယာဉ်၊ ရှာဖွေကယ်ဆယ်ရေးယာဉ်၊ အုပ်ချုပ်မှုယာဉ်နှင့် တပ်ဖွဲ့ဝင်အင်အား ၄၉ ဦးစသည်တို့ အားလုံးပြည့်စုံရေးအတွက် ဘဏ္ဍာနှစ်အလိုက် လျာထားဆောင်ရွက်လျက်ရှိကြောင်း စစ်ကိုင်းတိုင်းဒေသကြီး မီးသတ်ဦးစီးဌာနမှ သိရသည်။

"မီးဘေးလုံခြုံရေးကိစ္စ၊ အုပ်ချုပ်မှုလုပ်ငန်းတွေ၊ ရပ်ကွက်ကျေးရွာဆင်းတာတွေမှာ တာဝန်ရှိသူတွေသွားလို့ရအောင် အခုလို အုပ်ချုပ်ရေးယာဉ်တွေကို စီစဉ်ရတာပါ။ နေရာစုံကိုမီးသတ်ကားနဲ့ သွားရမှာမသင့်တော်ဘူးလေ" ဟု ဒုတိုင်းမီးသတ်ဦးစီးမှူး ဦးမျိုးထွဋ်ဦးက ပြောသည်။

မျိုးဝင်းထွန်း(မုံရွာ)

ရေရှားပါးသော အညာဒေသအတွက် ကမ္ဘောဇအနာဂတ်အလင်းတန်း ရေသယ်ယာဉ်လှူဒါန်း

နေပြည်တော် စက်တင်ဘာ ၁၉
ကမ္ဘောဇအနာဂတ်အလင်းတန်း မြန်မာဖောင်ဒေးရှင်းသည် နိုင်ငံအနှံ့အပြားရေရှားပါးမှုအခက်အခဲများနှင့် ကြုံတွေ့ရလေ့ရှိသော ဒေသအသီးသီးသို့ အချိန်နှင့်တစ်ပြေးညီပိုမိုကျယ်ပြန့်စွာ သောက်သုံးရေများ လှူဒါန်းနိုင်ရန်အတွက် ရေသယ်ယာဉ်အသစ်များကို ပေးအပ်လှူဒါန်းလျက်ရှိရာ စက်တင်ဘာ ၁၃ ရက် နံနက်ပိုင်းက ပခုက္ကူမြို့နယ်အတွက် ရေဂါလန် ၃၀၀၀ ဆံ့ရေသယ်ယာဉ်အသစ်တစ်စီးကို ပခုက္ကူမြို့ မြို့နယ်မီးသတ်ဦးစီးမှူးရုံး၌ ကမ္ဘောဇအနာဂတ်အလင်းတန်း မြန်မာဖောင်ဒေးရှင်းမှ ဒေါ်နီလာကိုနှင့် ဦးမိုးဇော်ထွန်းတို့က မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညိုထံ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် မကွေးတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဒေါ်ဇင်နီနီဝင်းက ကမ္ဘောဇအနာဂတ်အလင်းတန်းမြန်မာဖောင်ဒေးရှင်းက လှူဒါန်းသော ရေပေးဝေရေးအလှူတော်ရေယာဉ်ဖြင့် ပရဟိတအသင်းများနှင့် မြို့နယ်မီးသတ်တပ်ဖွဲ့တို့ ပူးပေါင်းကာ ရေရှားပါးသော အညာဒေသဖြစ်သည့် ပခုက္ကူမြို့နယ်တစ်ဝိုက်နှင့် အနီးအနားရှိ မြိုင်မြို့နယ်တစ်ဝိုက်တို့တွင် ရေအလှူတော်များ ပြုလုပ်သွားနိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

ဖောင်ဒေးရှင်းသည် နိုင်ငံတစ်ဝန်းရှိ ရေရှားပါးသည့်ဒေသများ၌ ရေဖြန့်ဝေလှူဒါန်းခြင်းများ ပြုလုပ်နိုင်ရန် ရေသယ်ယာဉ်အသစ် ၄၄ စီးကို ပေးအပ်လှူဒါန်းခဲ့ပြီးဖြစ်သည့်အပြင် နိုင်ငံတစ်ဝန်းရှိ သောက်သုံးရေရှားပါးမှုအခက်အခဲနှင့် ကြုံတွေ့နေရသော ဒေသများအရောက် ရေဂါလန်ပေါင်းသန်းချီ၍ သောက်သုံးရေများ ဖြန့်ဝေလှူဒါန်းခဲ့သည်။ ဖောင်ဒေးရှင်းသည် ရေရှားပါးသောဒေသများတွင် ရေပေးဝေလှူဒါန်းမှုများအပြင် မြန်မာနိုင်ငံအနှံ့အပြားတွင် စက်ရေတွင်းပေါင်း ၁၆၂ တွင်းကို အောင်မြင်စွာတူးဖော်လှူဒါန်းပေးခဲ့ပြီးဖြစ်သည်။

ကမ္ဘောဇအနာဂတ်အလင်းတန်း မြန်မာဖောင်ဒေးရှင်းအနေဖြင့်စတင်တည်ထောင်ခဲ့သည့် ၂၀၀၈ ခုနှစ်မှ ယနေ့အချိန်အထိ ကိုးနှစ်တာကာလအတွင်း နိုင်ငံတော်နှင့်ပြည်သူအတွက် ငွေကျပ် ၁၂၈ ဘီလီယံကျော် အမေရိကန်ဒေါ်လာ ၁၂၈ သန်းကျော်) လှူဒါန်းခဲ့ပြီးဖြစ်သည့်အပြင် နိုင်ငံအတွင်းပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် သဘာဝဘေးအန္တရာယ်အမျိုးမျိုးတို့တွင် အချိန်နှင့်တစ်ပြေးညီကူညီဆောင်ရွက်ပေးလျက်ရှိကြောင်းသိရသည်။ **(၀၁၀)**

မြန်မာနိုင်ငံ အဏုအာဟာရနှင့် အစာစားသုံးမှုအခြေအနေ လေ့လာရေး စစ်တမ်း ပြည်နယ်အဆင့် အသိပေးညှိနှိုင်းဆွေးနွေးပွဲ ဟားခါး၌ကျင်းပ

ဟားခါး စက်တင်ဘာ ၁၉

မြန်မာနိုင်ငံ အဏုအာဟာရနှင့် အစာစားသုံးမှု အခြေအနေလေ့လာရေးစစ်တမ်း ပြည်နယ်အဆင့် အသိပေးညှိနှိုင်းဆွေးနွေးပွဲကို စက်တင်ဘာ ၁၈ ရက် နံနက် ၉ နာရီခွဲက ဟားခါးမြို့ ပြည်နယ် ပြည်သူ့ကျန်းမာရေး ဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်နယ်လူမှုရေးဝန်ကြီး ဦးပေါင်လွန်းမင့်ထန်၊ ပြည်နယ် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးဝီကော၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ကျန်းမာရေးဝန်ထမ်းများ တက်ရောက်ကြသည်။

ညှိနှိုင်းဆွေးနွေးပွဲတွင် ပြည်နယ်လူမှုရေးဝန်ကြီး ဦးပေါင်လွန်းမင့်ထန်က မြန်မာနိုင်ငံတွင် အာဟာရချို့တဲ့ခြင်းနှင့် အာဟာရလွန်ကဲခြင်း ပြဿနာများကို ထိရောက်စွာ ကာကွယ်ကုသနိုင်မည့် စီမံချက်များ မွမ်းမံပြင်ဆင်ရေးဆွဲနိုင်ရန်၊ အာဟာရပြည့်ဝမျှတစွာ စားသုံးတတ်စေခြင်းအားဖြင့် ပြည်သူလူထု၏ အာဟာရအခြေအနေတို့ကို ထိရောက်စွာ မြှင့်တင်နိုင်ရန်၊ လက်ရှိဆောင်ရွက်နေသည့် အာဟာရဖွံ့ဖြိုးရေး လုပ်ငန်းများ၏ အကျိုးသက်ရောက်မှု ဆန်းစစ်သုံးသပ်နိုင်ရန်နှင့် ပြည်သူလူထု၏ အာဟာရအခြေအနေ၊ အစာစားသုံးမှုအခြေအနေများ သိရှိနိုင်ရန်စသည့် ရည်ရွယ်ချက်များဖြင့် မြန်မာနိုင်ငံ အဏုအာဟာရနှင့် အစာစားသုံးမှု အခြေအနေ လေ့လာရေးစစ်တမ်း (Myanmar Micronutrient and Food Consumption Survey) ကောက်ယူရန် ပြင်ဆင်ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ချင်းပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာနှင်းပပခိုင်က မြန်မာနိုင်ငံ အဏုအာဟာရနှင့် အစာစားသုံးမှု အခြေအနေ လေ့လာရေးစစ်တမ်းကောက်ယူခြင်းနှင့် စပ်လျဉ်း၍ Power Point ဖြင့် ရှင်းလင်းတင်ပြပြီး တက်ရောက်လာကြသူများက သိရှိလိုသည်များကို မေးမြန်းကြရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဆွေးနွေး ခဲ့ကြသည်။

မြန်မာနိုင်ငံ အဏုအာဟာရနှင့် အစာစားသုံးမှုအခြေအနေ လေ့လာရေးစစ်တမ်းနှင့်ပတ်သက်ပြီး ချင်းပြည်နယ်အတွင်း ခရိုင်၊ မြို့နယ်များရှိ ရပ်ကွက်၊ ကျေးရွာနေရာ ၃၀ ၌ လေ့လာရေးစစ်တမ်းများ ကောက်ယူသွားမည်ဖြစ်ကြောင်း ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ သိရသည်။

ပြည်နယ် ပြန်/ဆက်

ထိုင်းရှေ့လျားသွားဆရာဝန်များအဖွဲ့ တောင်ကြီးမြို့ဝန်းကျင်ရှိ ပြည်သူများအား သွားအခမဲ့စစ်ဆေးကုသပေး

တောင်ကြီး စက်တင်ဘာ ၁၉

ထိုင်းဘုရင့်တော်ဝင်မိသားစု၏ထောက်ပံ့အားပေးမှုဖြင့် ရန်ကုန်မြို့ ထိုင်းသံရုံးရှိ ထိုင်းနိုင်ငံ နာရဲစွန်တက္ကသိုလ်မှ သွားဆရာဝန်ကျောင်းသားဟောင်းများအသင်းတို့၏ ကူညီထောက်ပံ့မှုအဖြစ် ထိုင်းရှေ့လျားသွားဆရာဝန်များအဖွဲ့သည် ရှမ်းပြည်နယ် တောင်ကြီးမြို့နှင့် တောင်ကြီးမြို့အနီးဝန်းကျင်ရှိ မြို့နယ်များမှ ဒေသတွင်း ပြည်သူများအား သွားရောဂါအခမဲ့စစ်ဆေးမှုများ၊ ကုသမှုများဖွင့်ပွဲကို စက်တင်ဘာ ၁၉ ရက် နံနက် ၉ နာရီက တောင်ကြီးမြို့ စဝ်စံထွန်းဆေးရုံကြီး အစည်းအဝေးခန်းမ၌ ကျင်းပကြောင်း သိရသည်။

ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်က ယနေ့ကျင်းပသော ထိုင်းရှေ့လျား သွားဆရာဝန်များအဖွဲ့၏ သွားရောဂါဆိုင်ရာ လူနာများ အခမဲ့ကုသပေးခြင်းအစီအစဉ်ကို ထိုင်းဘုရင့်တော်ဝင်ထောက်ပံ့အားပေးမှုနှင့် ရန်ကုန်မြို့ရှိ ထိုင်းသံရုံး၊ ထိုင်းနိုင်ငံ နာရဲစွန်တက္ကသိုလ်မှ သွားဆရာဝန်ကျောင်းသားဟောင်းအသင်းတို့၏ ကူညီထောက်ပံ့မှုအဖြစ် တောင်ကြီးမြို့ စဝ်စံထွန်းဆေးရုံကြီးတွင် စက်တင်ဘာ ၁၉ ရက်မှ ၂၁ ရက်အထိ သွားရောဂါဆိုင်ရာလူနာများအား နေ့စဉ် လူနာ ၄၀၀ ခန့်ဖြင့် လူနာ ၁၂၀၀ ခန့်အား အခမဲ့ကုသပေးသွားမည်ဖြစ်ကြောင်းသိရှိရ၍ များစွာ ဝမ်းမြောက်ဂုဏ်ယူပါကြောင်း၊ ထိုင်းနိုင်ငံ၏ ဘုရင်မင်းမြတ်အနေဖြင့်လည်း ပြည်သူများ ကျန်းမာရေးအတွက် အလေးထား ဆောင်ရွက်ပေးပါကြောင်းနှင့် သွားကျန်းမာရေးအတွက် ဆောင်ရွက်ပေးမှုများကို ကြားသိရပါကြောင်း၊ ထိုင်းဘုရင်မင်းမြတ် ဘူမိဘောအဒူယာဒေ၏ ထောက်ပံ့အားပေးမှုဖြင့် ၁၉၆၉ ခုနှစ်နောက်ပိုင်းမှ စတင်ကာ ထိုင်းတော်ဝင်သွားဆရာဝန်များအဖွဲ့ကို ဖွဲ့စည်း၍ ယနေ့တိုင် ပြည်သူများ၏ သွားကျန်းမာရေးအတွက် ဆောင်ရွက်ပေးမှုများကိုလည်း ကြားသိရ၍ များစွာ ဝမ်းမြောက်ကြောင်း၊ ယခုလို ပထမဆုံးအကြိမ် လာရောက်၍ တောင်ကြီးမြို့ စဝ်စံထွန်းဆေးရုံကြီးတွင် သွားရောဂါဆိုင်ရာလူနာများအား အခမဲ့ကုသပေးခြင်းကို မြန်မာနိုင်ငံပြည်သူများနှင့် လူနာများကိုယ်စား ဝမ်းမြောက်ဂုဏ်ယူမိပါကြောင်း ပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းသံရုံး ဒုတိယသံအမတ်ကြီးက အမှာစကားပြောကြားပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများ၊ တာဝန်ရှိသူတို့က သွားရောဂါကုသသည့် လူနာများအား စမ်းသပ်ကုသမှုများကို လှည့်လည်ကြည့်ရှုကြကြောင်း သိရသည်။

မောင်မောင်သန်း(တောင်ကြီး)

မကွေးတိုင်းဒေသကြီးရှိတောင်သူဦးကြီးများအဆင်ပြေရန် လယ်ယာသုံးစက်ကိရိယာများ အငှားဝန်ဆောင်မှုပေး

မကွေး စက်တင်ဘာ ၁၉

လယ်ယာလုပ်သား ရှားပါးမှုအခြေအနေအရ လယ်ယာသုံးစက်ကိရိယာများကို မဖြစ်မနေလိုအပ်လာနေခြင်းကြောင့် မကွေးတိုင်းဒေသကြီး စက်မှုလယ်ယာဦးစီးဌာနအနေဖြင့် အငှားဝန်ဆောင်မှုများ နှုန်းထားသက်သာစွာ ဆောင်ရွက်ပေးလျက်ရှိကြောင်း ဌာနတာဝန်ရှိသူတစ်ဦးထံမှ သိရသည်။

"တစ်ဧကနှုန်းပြောရရင် ထွန်စက်ကြီးမှာ ထွန်မောင်း ကျပ် ၆၅၀၀၊ ထယ်ဆိုရင် ကျပ် ၁၃၀၀၀၊ ခါးစက်ထွန် ကျပ် ၁၃၀၀၀၊ ကောက်စိုက်စက် ကျပ် ၂၅၀၀၀၊ ရိတ်သိမ်းခြွေလှေ့စက် ကျပ် ၃၅၀၀၀ နှုန်းထားတွေနဲ့ အငှားဝန်ဆောင်မှုတွေ ပေးနေပါတယ်" ဟု မကွေးတိုင်းဒေသကြီး စက်မှုလယ်ယာဦးစီးဌာန ဒုတိယတိုင်းဒေသကြီး ဦးစီးမှူး ဦးသိန်းဇော်က ပြောသည်။

ဌာနမှ နယူးဟော်လန် မြင်းကောင်ရေ (၉၀) အစီး ၂၀၊ မြင်းကောင်ရေ (၇၅) ၁၅ စီး၊ ဆိုနာလီကာ မြင်းကောင်ရေ (၉၀) ၁၈ စီး၊ မြင်းကောင်ရေ (၇၅) အစီး ၂၀၊ ကူဗိုတာ (၄၇) ၁၀ စီး၊ ကူဗိုတာ (၁၅) ငါးစီး၊ အင်ဒိုဖန်း မြင်းကောင်ရေ (၅၂) နှစ်စီး စုစုပေါင်း ထွန်စက်အစီးရေ ၉၀ ကို မြို့နယ်စခန်းများသို့ ခွဲဝေပေးထားပြီး ကူဗိုတာ DC-17G ရိတ်သိမ်းခြွေလှေ့စက် ၁၂ စီး၊ တရုတ် ခြောက်တန်းသွား ကောက်စိုက်စက် ခုနစ်စီးဖြင့်လည်း ဝန်ဆောင်မှုပေးနေကြောင်း ၎င်းကဆိုသည်။

ဌာန၏ စာရင်းကောက်ယူမှုများအရ တိုင်းဒေသကြီးအတွင်း တောင်သူများလက်ဝယ်တွင် ထွန်စက်ကြီး အစီး ၄၀၈၀၊ လက်တွန်းထွန်စက် ၁၉၀၂၉ စီး၊ ရိတ်သိမ်းခြွေလှေ့စက် ၇၇ စီး၊ ကောက်စိုက်စက် ကိုးစီး ပိုင်ဆိုင်ထားကြောင်း သိရသည်။

ပိုင်ဆိုင်သူများအနေဖြင့် ၎င်းတို့၏လုပ်ငန်းခွင်အပြင် ငှားရမ်းမှုလုပ်ငန်းများ လုပ်ဆောင်နေကြကြောင်း၊ လိုအပ်ချက်ရှိပါက မြို့နယ်များရှိ လယ်ယာဝန်ဆောင်မှုအသင်းများသို့လည်း ချိတ်ဆက်ငှားရမ်းနိုင်ပြီး အခြားဒေသများမှ အစုအဖွဲ့လိုက် လာရောက်ငှားရမ်းနေမှုများလည်းရှိကြောင်း မကွေးတိုင်းဒေသကြီး စက်မှုလယ်ယာဦးစီးဌာနမှ သိရသည်။

ဦးစီးဌာနအနေဖြင့် လယ်ယာသုံး စက်ကိရိယာပျက်စီးမှုများအား အခမဲ့ပြုပြင်ပေးခြင်း၊ လယ်ယာသုံးစက်ကိရိယာ မောင်းနှင်ထိန်းသိမ်းမှု သင်တန်းများပေးခြင်း၊ ဌာနနှင့် လယ်ယာသုံးစက်ကိရိယာကုမ္ပဏီများ ချိတ်ဆက်ကာ အရစ်ကျဝယ်ယူလိုသူများအတွက် ကြားခံဆောင်ရွက်ပေးမှုများ လုပ်ဆောင်ပေးလျက်ရှိကြောင်း ဒုတိယတိုင်းဒေသကြီး ဦးစီးမှူး ဦးသိန်းဇော်ထံမှသိရသည်။

ဇေယျာတု(မကွေး)

မိုးရွာသွန်းမှုကြောင့် တံတားချဉ်းကပ်လမ်း မြေတာပေါင် ကျောက်ရိုးစီမြေကာနံရံပြိုကျ

ခင်ဦး စက်တင်ဘာ ၁၉

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ခင်ဦးမြို့နယ်တွင် စက်တင်ဘာ ၁၇ ရက် နံနက် ၂ နာရီက မိုးရွာသွန်းမှုကြောင့် သာဂရကျေးရွာနှင့် မြင်းဒေါင်းကျေးရွာကြား ခင်ဦး-ရေဦးလမ်း (၇-၈) ကီလိုမီတာကြား တံတားအမှတ် (၂/၈) ချဉ်းကပ်လမ်း မြေတာပေါင် ကျောက်ရိုးစီမြေကာနံရံ ပေ ၆၀ ခန့်မှာ ကျောက်ရိုးစီနံရံ ယိုင်လဲခြင်း၊ မြေတာပေါင်ပြိုကျခြင်းများဖြစ်ပွားခဲ့သည်။

အဆိုပါပြိုကျရာသို့ မြို့နယ်လမ်းဦးစီးဌာနက အရှည်ပေ ၉၀ မျှောတိုင်ဖြင့်တုတ်ရိုက်၍ ကတ္တရာပီပါပြား ကာရံခြင်း၊ မြေဖြည့်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုကို ခရိုင်စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ ဦးမောင်ထူး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းဇော်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမျိုးသန့်နှင့် မြို့နယ်လမ်းတံတားဦးစီးဌာန တာဝန်ရှိသူတို့က စက်တင်ဘာ ၁၈ ရက်က ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း၊ လမ်းပန်းဆက်သွယ်ရေး ပြတ်တောက်မှုမရှိကြောင်း သိရသည်။

ယင်းတံတားလုပ်ငန်းမှာ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် တံတားအထူးအဖွဲ့မှ ဆောင်ရွက်ခဲ့သော အရှည်ပေ ၁၅၀ ကွန်ကရစ်တံတားဖြစ်ပြီး တစ်ဖက်လျှင် အရှည်ပေ ၁၅၀ ကျောက်ရိုးစီမြေကာနံရံ တည်ဆောက်ထားကြောင်း သိရသည်။

(ခင်ဦးစိုးဝေ)

ပြည်သူနှင့်တစ်သားတည်းရှိသည့်ရဲတပ်ဖွဲ့ဝင်များ ပြည်သူ့အကျိုးပြုလုပ်ငန်း ဆောင်ရွက်

မြစ်ကြီးနား စက်တင်ဘာ ၁၉

အောက်တိုဘာ ၁ ရက်တွင် ကျရောက်မည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့အား ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၁၈ ရက် နံနက် ၈ နာရီက မြစ်ကြီးနားမြို့ ရွှေစက်ရပ်ကွက်ရှိ အမှတ်(၂)အခြေခံပညာ မူလတန်းကျောင်းဝင်းအတွင်း အမှတ်(၁၅)ယာဉ်ထိန်းရဲ ဒုတပ်ဖွဲ့ခွဲမှူးရုံး(ကချင်) ဒုတပ်ဖွဲ့ခွဲမှူး ရဲမှူးစိုးမင်းနှင့် အမှတ် (၉၈) ယာဉ်ထိန်းရဲ တပ်ဖွဲ့စုမှူး ဒုရဲမှူးကျော်စိုးဦးနှင့် တပ်ဖွဲ့ဝင်များက စုပေါင်းသန့်ရှင်းရေး လုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြသည်။

ထိုသို့ စုပေါင်းသန့်ရှင်းရေး လုပ်ငန်းများဆောင်ရွက်မှုနှင့် ပတ်သက်၍ အမှတ်(၉၈) ယာဉ်ထိန်းရဲ တပ်ဖွဲ့စုမှူးဒုရဲမှူး ကျော်စိုးဦးက "မြန်မာနိုင်ငံရဲတပ်ဖွဲ့ဆိုတာ ပြည်သူထဲကပေါက်ဖွားလာပြီး ရဲတပ်ဖွဲ့ရဲ့ ဆောင်ပုဒ်ဖြစ်တဲ့ 'ကူညီပါရစေ' ဆိုတဲ့အတိုင်း ပြည်သူကို အလုပ်အကျွေးပြုမယ်၊ ပြည်သူကို လိုအပ်တာကူညီမယ်ဆိုတဲ့ ရည်ရွယ်ချက်တွေနဲ့ ဖွဲ့စည်းထားတာဖြစ်ပြီး ဒီကနေ့ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်မှုမှာတော့ ကျောင်း တွင်း-ပြင် ချုံနွယ်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ ပန်းအလှပင်များ စိုက်ပျိုးခြင်း၊ ရေစီးရေလာ ကောင်းမွန်စေရေး ရေနုတ်မြောင်းများ ဖောက်လုပ်ပေးခြင်း လုပ်ငန်းတွေကို ဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်" ဟု ရှင်းလင်းပြောကြားခဲ့သည်။

သူရိန်စိုး(ကချင်မြေ)

*Rjy/yonf]r0wD

တက္ကသိုလ်တင်ဉ

မြဝတီမင်းကြီးဦးစသည် ကမ္ဘာကျော်ပုဂ္ဂိုလ်ဟု မဆိုသာသော်လည်း ခေတ်ပြိုင်သမိုင်းဆရာ၊ စာရေးဆရာများက ဂုဏ်ပြုမော်ကွန်းတင်ခြင်းခံရသူတစ်ဦး ဖြစ်ပါသည်။ မြန်မာစာပေ ဂန္ထဝင်စံတင်ထိုက်သူ ပုဂ္ဂိုလ်ထူးတစ်ဦးဖြစ်ပါသည်။ မြဝတီစာပေဂီတသည် မြန်မာစာပေဂီတသမိုင်းစဉ်တွင် တီထွင်ထားမှုများစွာ ရှိခဲ့ပါသည်။

ဦးစ၏ ထူးလှသော ဆောင်ရွက်ထားခဲ့မှုအချို့ကို ပြဆိုလိုပါသည်။ မြန်မာ့စောင်းအတတ်ပညာတွင် ကြိုးခုနစ်ချောင်းဖြင့် တီးခတ်ရသောစောင်းကို ၁၃ ကြိုးဖြင့် စမ်းသပ်တီထွင်ပေးခဲ့သည်။ မြန်မာ့သံစဉ်ရိုးရိုးမှ သံဆန်းပတ်ပျိုးကို တစ်မျိုးပျိုးထောင်ပေးခဲ့သည်။ ပတ်ပျိုးအများဆုံး သုံးနှုန်းဖွဲ့ခဲ့သည်။ မြန်မာ့ဂီတနှင့် နိုင်ငံတကာဂီတ ညီမျှပီသစွာ စပ်ဟပ်ပြုစုခဲ့သည်။

မြန်မာစစ်သည် စာဆိုဖြစ်၍ လက်ရုံးရည်၊ နှလုံးရည် စွယ်စုံပြည့်ဝသူ ဖြစ်သည်။ အင်္ဂလိပ်-မြန်မာစစ် ပထမစစ်ပွဲ အနီးကပ်ကွပ်ကဲခဲ့သူ စစ်သူကြီးကောင်းတစ်ဦးဖြစ်သည်။ မြဝတီစာစုနှင့် သီချင်းစာစုများ ရေးသားရာတွင် မြန်မာ့နန်းတွင်းပြဇာတ်ကြီးများကို သီဆိုကပြနိုင်ရန် စီမံတင်ဆက်ခဲ့သူဖြစ်သည်။ မြန်မာတို့ ကျွန်ဖြစ်ခဲ့ရပြီးသည်ထိ ရာထူးတာဝန်ကြီးများ ဆက်လက်ထမ်းဆောင်ခဲ့ရာ မြန်မာကို ကမ္ဘာသိရန် စီမံစိုင်းပြင်းခဲ့သူတစ်ဦးဖြစ်သည်။

ထူးခြားသည်မှာ ရဲရောင် မြန်မာမြင်းတပ်ကို အချိန်ကိုက် တိုက်ခိုက်နိုင်ရန် စီမံဖန်တီးနိုင်ခဲ့သလို စာဆိုစစ်သည်ဝန်ကြီး အသက်အရွယ် အိုမင်းသောအခါ မဟာသီရိဇေယသူဘွဲ့နှင့် မြင်းတပ်အခွန်ကို စားခဲ့ရခြင်းပင်ဖြစ်ပါသည်။

မြဝတီမင်းကြီးဦးစသည် သူ၏ 'ရဲရောင် မြန်မာမြင်းတပ်ဘွဲ့'ကို ရတုကဗျာဖွဲ့ဆိုခဲ့သည်မှာ ဤသို့ဖြစ်ပါသည်။

မြိုက်မြိုက် ချွန်၍၊ အားသွန် ထုတ်ချောက်
ချင်းနင်း ထောက်လျက်၊ အနောက်ဒေသ
ယင်းမူလ ဟု၊ ရာဇ ဒိတ္ဘာ
ရတနာ ပလ္လင်၊ များ စစ်အင်ကို
ဆောလျင် ဖြတ်ချွေ၊ ပန်းဝါမြေဝယ်
ရပ်နေ ကြွံ့ကြွံ့၊ သူ့ သူတံ့လည်း
ခံ့ခံ့ ရဲရောင်၊ တိုက်သတ်အောင်စွ။

မြဝတီမင်းကြီး၏ ရတုကဗျာ စာပိုဒ်သည် တိုတောင်းလှသော်လည်း မြန်မာ့မြင်းစစ်သည်သူရဲကောင်းတို့ ဂုဏ်အင်ကို စုံလင်စွာ ပြဆိုနိုင်သည်။ စစ်အင်အားများသည် 'ရတနာပလ္လင်၊ များစစ်အင်ကို၊ ဆောလျင်ဖြတ်ချွေ' နိုင်သည်ကို ဖွဲ့ဆိုသည်။ ကိုယ်တိုင်မြင်တွေ့ရသော စစ်မြင်ကွင်းကား ထင်လင်းလှသည်။

ပန်းဝါမြေဝယ်၊ ရပ်နေ ကြွံ့ကြွံ့
သူ့သူတံ့လည်း၊ ခံ့ခံ့ ရဲရောင်
တိုက်သတ်အောင်စွ။

ပန်းဝါတိုက်ပွဲ မြင်းတပ်စစ်သူရဲတို့ကား ကြီးမားခံ့ထည်ပေစွ။ ရဲရောင် မြန်မာတပ်သည် တိုက်ခိုက်တိုင်းပွဲတိုင်း အောင်မြင်ပေစွ။

သူတို့ဂုဏ်ကား ကမ္ဘာကျော်ကြား လူသိများထင်ရှားခဲ့ရသည်။

မြန်မာ့မြင်းတပ်ဖွဲ့ သုံးရာအနက် ရှစ်ဆယ်ကို ရဲရောင်မြန်မာရွေးပြီး အသေခံတိုက်စစ်ဆင်ခဲ့ရာတွင် အထူးအောင်မြင်ခဲ့သည်။ အင်အား လေးထောင်ခန့်ရှိသော နယ်ချဲ့အင်္ဂလိပ်တပ်များသည် တပ်ပျက်ပြီး ဆုတ်ခွာရစဉ် ရဲရောင် မြန်မာမြင်းတပ်ဖွဲ့သည် ဓားကိုယ်စီဖြင့် အတင်းထွင်းဖောက်ဝင်ရောက် ခုတ်ပိုင်းကြသည်။ ထိုတိုက်ပွဲတွင် အင်္ဂလိပ်တို့ဘက်မှ စစ်သားသုံးရာကျော်ခန့် ကျဆုံးခဲ့ရသည်။

မြန်မာ့မြင်းတပ် အောင်ပွဲကား ထူးခြားဘိသည်။ ရဲရောင်မြန်မာမြင်းတပ်ဖွဲ့ကား ပိုမိုထူးခြားဝင့်ကြွားဂုဏ်ယူဖွယ်ရာ ရကောင်းလှဘိ၏။ အမြောက်လက်နက်ယမ်းအားကို မြန်မာ့မြင်းသည်တော် ဓားသွားစွမ်းအားကအနိုင်ယူပြနိုင်ခဲ့သည်။

မြန်မာ့မြင်းတပ်မတော် ထူးခြားပြောင်မြောက်သော စစ်စွမ်းရည်ထက်မြက်ခဲ့သလို မြန်မာ့ကြည်းတပ် စစ်သည်တော်တို့သည် ကမ္ဘာ့စစ်သမိုင်းတွင် မော်ကွန်းတင်ထိုက်သော စွမ်းရည်ထူးကို ပြသနိုင်ခဲ့သည်။ ကမ္ဘာ့စစ်သမိုင်းတွင် မြန်မာ့ကြည်းကြောင်းချီ စစ်သည်တို့သည် ခံကတုတ်နှင့် မြောင်းများတူး၍ ရန်သူကို ချဉ်းကပ်တိုက်ခဲ့သောနည်းသည် ကမ္ဘာ့သမိုင်းဝင် ဖြစ်ခဲ့ရသည်။

ယခုခေတ် ဗီယက်နမ်စစ်ပွဲတွင် ခေတ်စားခဲ့သော ဥမင်တူး၍ စစ်ဆင်မှု (Tunnel Warfare) ကို ရှေးမြန်မာသူရဲကောင်းတို့ အသုံးပြုခဲ့ကြောင်း ထပ်လောင်းမှတ်သားနိုင်ပါသည်။

နယ်ချဲ့အင်္ဂလိပ်တို့က မြန်မာ့ကြည်းတပ်မတော်အား ခံကတုတ်များပြုလုပ်လျက် ခံစစ်အသွင် စစ်ဆင်တတ်စွမ်းကြသည်ဟု အောက်ပါအတိုင်း ထင်မြင်ယူခဲ့ကြသည်။

'ထိုမြန်မာတပ်အားလုံး၏ စစ်ဆင်ရေးဗျူဟာမှာ အဆင့်ဆင့်ချီတက်စွဲလေ့ရှိသော ခံတပ် စစ်ဆင်ရေးသာလျှင်ဖြစ်၏။ ထိုခံတပ်စစ်ဆင်ရေးများ၌ မြန်မာတို့မှာ ပင်ကိုစိတ်ကူးဉာဏ်ကောင်းသူများဖြစ်ပြီး စိတ်ရောကိုယ်ပါ အားတက်သရော ပြုမူဆင်နွှဲလေ့ရှိသည်။

ဤခံကတုတ်များမှာနေလျက် မယိမ်းမယိုင်သော စိတ်ဓာတ်၊ ရဲရင့်သော သူရသတ္တိတို့ဖြင့် ရင်ဆိုင်လေ့ရှိရာ ထို မြန်မာတို့အား စစ်မြေပြင်ရှိ စစ်သားများအဖြစ်နှင့်မူကား ကြောက်မက်ဖွယ်ကောင်းသူများဖြစ်ကြောင်း တွေ့ရှိရသည်။'

မြန်မာ့ကြည်းကြောင်းချီ တပ်မှူးသူရဲကောင်းများမှာ ကျော်သူရွှေတောင်နော်ရထာ၊ ဘဲဝါဗိုလ်သူရအာကာ၊ ဘဲဝါဗိုလ်သူရအာကာတပ်မှ မြင်းစစ်သည် ရဲရောင်မြန်မာ ၂၀ ရွေးချယ်ခဲ့သည်။ ဘုရင့်သီဟနော်ရထာ၊ ရန်အောင်သီဟနော်ရထာတို့အပြင် ခံစစ်ဗိုလ်နေမျိုးဂုဏ္ဍရပ်တို့ဖြစ်ကြသည်။ ထိုခံစစ်ဗိုလ် နေမျိုးဂုဏ္ဍရပ်တို့ လုပ်ရည်မှတ်ကျောက်တင်ရန် ဖြစ်စဉ်အမှန်ကို တင်ပြလိုက်ပါသည်။

၁၈၂၄ ခုနှစ်၊ မေလ ၁၁ ရက်နေ့ နံနက်တွင် ဂေါ်တော့ပလ္လင် Patnapulling သို့ ချီတက်ခဲ့သည်။ ပန်းဝါ၏အနောက်ဘက်မြစ်ကမ်းရှိ တောင်ကုန်းများကို သိမ်းပိုက်တပ်စွဲလိုက်ကြသည်။ မြန်မာနှင့် အင်္ဂလိပ်တပ်ကြား ချောင်းငယ်တစ်ခုသာ ကွာသည်။ မြန်မာ့တပ်များပန်းဝါသို့အကူးတွင် အင်္ဂလိပ်တို့ဘက်မှ ခြောက်ပေါင်ဒါအမြောက်နှစ်လက်ဖြင့် ပစ်ခတ်တားဆီးခဲ့သည်။ မေ ၁၅ ရက် နံနက်တွင် အင်္ဂလိပ်တပ်စွဲနေရာ အထက်မှ မြစ်ကိုဖြတ်ကူးပြီးလျှင် အင်္ဂလိပ်တပ်စခန်းတည်ရာ ကန်ပေါင်ရိုးမှ နေ၍ ဝိုင်းဝန်းပစ်ခတ်ကြသည်။ ကပ္ပတိန်နော်တင် Capt.Norton သည် မိမိတပ်ကို အနောက်ဘက်ရှိ ကန်တစ်ကန်၏ သုံးပေမျှမြင့်သော ကန်ပေါင်ရိုးအနောက်ဘက်သို့ ရွှေ့ပြောင်းနေရာချထားလိုက်သည်။ ထိုနေရာ ညာဘက်ခြေလှမ်းပေါင်း ၆၀ ခန့်တွင် သူ၏ကင်းစောင့်တပ်ကို ချထားသည်။ ထိုမှ လက်ဝဲကန်ပေါင်တွင် စစ်ဝန်ထမ်းတပ်များကို နေရာချထားသည်။ အရှေ့ဘက်ကန်ပေါင်ရိုးတွင် စစ်ပါရီတပ်ခွဲက ခြောက်ပေါင်ဒါအမြောက်နှင့်ချိန်ရွယ်ထားသည်။ အင်္ဂလိပ်တပ်ခွဲအနေဖြင့် အရှေ့ဘက်မျက်နှာလွင်ပြင်မှ ကျော်ဖြတ်တက်လာမည့် မြန်မာတပ်ကို စောင့်ဆိုင်းပစ်ခတ်ရန် စီမံထားသည်။

မြန်မာတို့ကား ရွှေ့လျားဝပ်တွားကာ မြေကျင်းများကိုယ်စီတူးပြီး အသီးသီးချဉ်းကပ်ဝပ်တွား တက်လာကြသည်။ မေ ၁၆ ရက် နံနက်တွင်မူ မြေကမူ ကတုတ်ကျင်းများမှ တွားတက်လာသော မြန်မာတပ်များ ဘွားခနဲပေါ်ထွက်ကာ လုံးထွေးသတ်ပုတ်ရသည်အထိ အခြေအနေရှုပ်ထွေးသွားတော့သည်။ အင်္ဂလိပ်အမြောက်တပ်သားများ ဆုတ်ခွာသွားကြသည်ကို ကပ္ပတိန်နော်တင်ပင် မသိလိုက်ရတော့ပါ။

မေ ၁၇ ရက်နံနက်ခင်း မြန်မာတို့တူးမြောင်း ကတုတ်များမှ ဝပ်တွားတက်ခဲ့သည်မှာ မြေလှမ်း ၁၂ လှမ်းအကွာအရောက် ထိုးဖောက်တိုက်ခိုက်ခံရသော အင်္ဂလိပ်စစ်ပါရီဝန်ထမ်းတပ်များ ကန်ပေါင်ရိုးခံ စစ်ကြောင်းမှ ဆုတ်ခွာခဲ့ရာ ကန်ထဲသို့ စစ်ဝတ်ပစ္စည်းလက်နက်များပါ ပစ်ချထွက်ပြေးကြတော့သည်။ ဤသို့ ဆုတ်ခွာနေစဉ် မြန်မာ့မြင်းသည်တော် ရဲရောင်မြန်မာတို့က ဓားစွမ်းပြခုတ်သတ်ကြတော့သည်။

ပန်းဝါတိုက်ပွဲသည် မြန်မာတို့ပထမဆုံးအောင်ပွဲဖြစ်၍ ကမ္ဘာက အသိအမှတ်ပြုသည်အထိရှိခဲ့ပါသည်။ မြန်မာစစ်သည်တော် ရဲရောင်မြန်မာမြင်းတပ်ဖွဲ့၏ စွမ်းရည်ကိုမူ သိသူရှားပါးခဲ့ပါသည်။

ကမ္ဘာ့သမိုင်းတွင် မြန်မာတို့၏ ခံကတုတ်နှင့် မြောင်းများကိုတူး၍ ရန်သူကို အလစ်အငိုက်တိုက်သောနည်းကို ကမ္ဘာ့စစ်သမိုင်းတွင် မော်ကွန်းတင်စေလိုပါသည်။ ယခုစစ်ပွဲများတွင် ခေတ်စားလာသော (Tunnel Warfare) ဥမင်တူး၍စစ်ဆင်မှုကို မြန်မာတို့ကား လွန်ခဲ့သောနှစ်ပေါင်းများစွာကပင် စတင်အသုံးပြုနိုင်ခဲ့သည်ကို ယခုခေတ် မြန်မာလူငယ်လူရွယ်တို့ ကိုယ့်လူမျိုးဘိုးဘွားအမျိုးသားစစ်သည်တို့အား တန်ဖိုးထားလေးစားကြစေလိုပါသည်။

မြန်မာစာပေဂီတလောကတွင် ထင်ရှားခဲ့သော မြဝတီမင်းကြီးဦးစ၏ ထူးလှသည့်ကဗျာရတုစာပိုဒ်လာ

မြိုက်မြိုက်ချွန်၍၊ အားသွန်ထုတ်ချောက်
ချင်းနင်းဖောက်လျက်၊ အနောက်ဒေသ
ယင်းမူလ ဟု
ရာဇ ဒိတ္ဘာ၊ ရတနာ ပလ္လင်
များ စစ်အင်ကို၊ ဆောလျင်ဖြတ်ချွေ
ပန်းဝါမြေဝယ်၊ ရပ်နေကြွံ့ကြွံ့
သူ့သူတံ့လည်း၊ ခံ့ခံ့ရဲရောင်
တိုက်သတ်အောင်စွ။

ကဗျာစာသားကို မြန်မာပြည်သူပြည်သားတို့ ပါးစပ်ဖျားမှာ မရပ်မနားထပ်မံရွတ်ဆိုပွားများ ဂုဏ်ပြုကြပါစေဟု တိုက်တွန်းပြုအပ်ပါသတည်း။

ကျမ်းကိုးစာရင်း

၁။ ကုန်းဘောင်ဆက် ရာဇဝင်ကြီး၊ ဒုတိယတွဲ။

၂။ သုသောဓိတ ရာဇဝင်ကြီး၊ ပဥ္စမတွဲ။

၃။ အင်္ဂလိပ်-မြန်မာ စစ်သမိုင်း၊ နတ်မောက်ဘုန်းကျော်။

၄။ ဗမာ့တော်လှန်ရေးသမိုင်း၊ ဗိုလ်မှူးဘသောင်း။

၅။ ကုန်းဘောင်ခေတ် စစ်တမ်း၊ မောင်သော်။

၆။ မြဝတီစာစုနှင့် သီချင်းစု၊ ဇွဲစာပေရိပ်မြုံ။

၇။ မျိုးချစ်စိတ်ဓာတ် ထက်သန်ရေးဆောင်းပါး၊ ပစ်တိုင်းထောင်။

၈။ ပြောင်းလဲတိုးတက်လာသောစစ်မဟာဗျူဟာနှင့်နည်းဗျူဟာများ၊ လေ့ကျင့်ရေးညွှန်ကြားရေးမှူးရုံး။

၉။ ကုန်းဘောင်ခေတ် သုတစကားပြေကျမ်းများ လေ့လာချက်စာတမ်း၊ မောင်တင်ခ။

၁၀။ The Gold Gate OXFORD UNIVERSITY PRESS.

၁၁။ Narrative of the Burmese War. By Major Snodgrass.

၁၂။ Annexation of Burma By Aril Chandra Jee.

၁၃။ Narrative of the Burmese War 1824-1826 By Horage.

၁၄။ The Story of Burma By Tennyson Jesse.

၁၅။ The Orgin of the Burmese War By Richard Cobdan.

၁၆။ Our Burmese Wars and Relations with Burma. By Colonal W.F.B.Laurie.

၁၇။ The Pagoda War, By A.T.Q Stewart.

၁၈။ Racees of Burma By Major C.M.Eriquez.

စာမျက်နှာ ၁၅ မှ

မြန်မာနိုင်ငံ ဆေးကောင်စီကလည်း အလားတူ ပြဋ္ဌာန်းထားပါသည်။ ဆေးကောင်စီ ဥပဒေအခန်း (၂) ရည်ရွယ်ချက်များ၌ ဆရာဝန်များ၏ ဂုဏ်သိက္ခာကို ထိန်းသိမ်းမြှင့်တင်နိုင်စေရန်၊ ဆရာဝန်ကျင့်ဝတ်သိက္ခာနှင့် စည်းကမ်းများ လိုက်နာစောင့်ထိန်းရေးကို ကြပ်မတ်ထိန်းသိမ်းပေးရန်၊ ကောင်းမွန်သော ဆေးကုသမှုပတ်ဝန်းကျင်ဖြစ်ထွန်းစေရန်တို့ ပါရှိလေ၏။

အမေရိကန် ဆေးကောလိပ်များအသင်း Association of American Medical Colleges ကလည်း ဆေးကျောင်းသားများသည် လူနာများအား လေးစားသမှုဖြင့် ဆက်ဆံနေထိုင်ရမည်ဟု ပြဋ္ဌာန်းပြန်ပါသည်။ မြန်မာနိုင်ငံ ဆေးတက္ကသိုလ် သင်ကြားရေးကဏ္ဍအသီးသီးရှိ ပါမောက္ခများ အမှူးပြုသော ဆရာများကလည်း မြန်မာကျောင်းသားများကို ယဉ်ကျေးမှုရှိရန်နှင့် လေးစားတတ်ရန် သင်ကြားနေကြသည်သာဖြစ်ပါ၏။ မကြာမြင့်သည့်ကာလတွင်လည်း မြန်မာနိုင်ငံ ဆေးတက္ကသိုလ်တိုင်းတွင် သမားကျင့်ဝတ် Ethics အား ဘာသာရပ်တစ်ခုအဖြစ် သင်ကြားမည်ဖြစ်ပါ၏။

အချို့သော ဆရာဝန်များသည် လေးစားသောသဘောများ ရှိပင်ရှိငြားသော်လည်း အထက်စီးနင်း ဆက်ဆံတတ်ကြပါသေးသည်။ လေးစားတတ်မှုရှိသော နှလုံးသားကို အရင်းခံပြီး ထုတ်ဖော်ပြသအပ်သော အပြုအမူများသာလျှင် ဆရာဝန်တစ်ဦး၏ မှန်ကန်သော ဖော်ဆောင်မှုများ (expressions) ဟု ဆိုရပေမည်။ London မြို့တွင် အခြေချနေထိုင်သော မန္တလေးသား ဒေါက်တာဇော်မင်းက "လူကို တန်ဖိုးရှိတယ်လို့မသိတဲ့ ဆရာဝန်တစ်ယောက်ဟာ လူနာကို သမားကောင်းပီသစွာ ဆက်ဆံနိုင်မည်မဟုတ်ပါ" ဟု ပြောဆိုခဲ့သည်။ မိမိကုသသော လူနာ၌ ဆိုင်ရာ ဆိုင်ရာ တန်ဖိုးများ ရှိနေသည်ဟု မမြင်နိုင်၊ နှလုံးမသွင်းနိုင်လျှင် သမားကောင်း သိက္ခာကျင့်စဉ်ကို ပြီးပြည့်စုံစွာ ဖြည့်ဆည်းပြီးပြီဟု မဆိုနိုင်ပါ။ လေးစားတတ်သော စိတ်ထားနှင့် လေးစားတတ်သော အပြုအမူတို့ ရှိခြင်း၊ မရှိခြင်းကသာလျှင် ဆရာဝန်တစ်ဦးအား သမားကောင်း အဝန်းအဝိုင်းအတွင်းရှိနေမှုနှင့် ပြင်ပရောက်သွားမှုကို ဆုံးဖြတ်ပါ၏။

PRIDE မာန

မာနရှိသောသူသည် ကိုယ့်မျက်ချေးကို မမြင် တစ်ပါးသူ၏ မျက်ချေးကိုမြင်၏ ဟူသော မြန်မာစကားပုံအတိုင်း မိမိနှလုံးသား၌ ကိန်းအောင်းနေသော မာနကို မိမိကိုယ်တိုင်မြင်ရန် ခက်ခဲလှပါ၏။ မာနသည်လောကအမြင်ကို ပျက်စီးစေပါသည်။ အရှိကို အရှိတိုင်း မြင်နိုင်စွမ်းကို ပျက်စီးစေ၏။ မာနကြောင့်ဖြစ်နေသော မိမိ၏ အရုပ်ဆိုး အကျည်းတန်မှုကိုလည်း မြင်နိုင်စွမ်းမရှိပါ။ အတ္တမာနသည် ခန္ဓာကိုယ်အတွင်းတွင် ကိန်းလျက် သူတစ်ပါးကိုအထင်သေးတတ်ပါသည်။ မာနသည်အချို့အချို့သောသူများကို ကျန်သောသူများထက် ပို၍အလေးပေး တတ်ပါသည်။ မာနသည် သူတစ်ပါး၏လေးစားမှုနှင့် အခြားသူတို့က မိမိအား ဂရုစိုက်ခြင်းကို အလွန်နှစ်သက်ပါသည်။ မာနနည်းပါးအောင် ကြိုးစားကြရန် တိုက်တွန်းပါသည်။

ဆရာဝန်များသည် ဆေးရုံဆေးခန်းများကို မိမိတို့ပိုင်သော territory ပိုင်နက်အဖြစ် သတ်မှတ်နေထိုင်လေ့ရှိကြပါသည်။ ပိုင်နက်အတွင်း၌ ဆိုလျှင် ဆရာဝန်မှန်းသိအောင် ဝတ်စား၊ သွားလာ၊ ပြုမူ၊ ပြောဆိုကြပါသည်။ မိမိပိုင်နက်အတွင်း၌ ဤကဲ့သို့ ကျင့်သုံးခြင်းသည် territorial instinct ဖြစ်နေ၍လည်း အပြစ်ကြီးဟု မဆိုသာပါ။ တစ်ဖက်၌လည်း မသိစိတ်၌ အခြေခံသော ဤအမူအကျင့်သည် ကြီးမားနေပြန်ပါက တစ်ဖက်လူအပေါ်၌ လေးစားတတ်သော စိတ်ဓာတ်ကို လျော့ပါးစေပါ၏။ ကိုယ်နေဟန်ထားလေသံ ပြုမူပြောဆိုပုံများအားလုံးသည် မာနပါသော ဟန်များဖြစ်နေလေတော့သည်။ တစ်ခါတစ်ရံ လူနာကို ရှိသည်ဟူ၍ပင် သဘောမထားခြင်းများ တွေ့ရပါသည်။ territorial instinct သဘာဝစိတ်ကို နည်းပါးအောင်၊ ဖြစ်နိုင်ပါက မရှိအောင် ကြိုးစားလေ့ကျင့်ကြပါဟု အကြံပြုအပ်ပါသည်။

နိုင်ငံပေါင်း ၇၀ ကျော်က တေးဂီတဇယားတွေကို ဦးဆောင်နေတဲ့ BTS

အေးပြည့်
စုစည်းသည်

တောင်ကိုရီးယားရဲ့ နာမည်ကျော်အမျိုးသား တေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ BTS ဟာ မကြာသေးမီက မီနီတေးအယ်လ်ဘမ်သစ်တစ်ခုကို ထုတ်လွှင့်ခဲ့တာဖြစ်ပါတယ်။ အာရှမှာသာမက ဥရောပအထိပါ ကျော်ကြားမှုပျံ့နှံ့ခဲ့တဲ့ BTS ဟာ ယင်းတေးအယ်လ်ဘမ်သစ်ထုတ်လွှင့်ခဲ့ပြီးချိန်မှာတော့ ကမ္ဘာတစ်ဝန်းက နိုင်ငံပေါင်း ၇၃ နိုင်ငံမှာရှိတဲ့ တေးဂီတဇယားတွေမှာ ထိပ်ဆုံးနေရာက ရပ်တည်နေခဲ့တာဖြစ်ကြောင်း အောကေပေ့ါပ်ဒေ့ါကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

ဒီလိုအောင်မြင်မှုဟာ ကေပေ့ါပ်တေးသံရှင်တွေအနက် အမြင့်ဆုံးသောအောင်မြင်မှုလို့လည်းဆိုနိုင်ပြီး "Love Yourself: Her" လို့အမည်ရတဲ့ BTS ရဲ့ မီနီတေးအယ်လ်ဘမ်သစ်ဟာ နိုင်ငံတကာတေးဂီတဝက်ဘ်ဆိုက်တစ်ခုဖြစ်တဲ့ iTunes ပေါ်ကနေတစ်ဆင့် အများဆုံးရောင်းချခဲ့ရတဲ့ တေးအယ်လ်ဘမ်အဖြစ် နိုင်ငံပေါင်း ၇၃ နိုင်ငံမှာ နံပါတ်တစ်နေရာ ရရှိနေတာဖြစ်ပါတယ်။

အမေရိကန်နိုင်ငံရဲ့ ထိပ်တန်းတေးအယ်လ်ဘမ်စာရင်းမှာလည်း ထိပ်ဆုံးမှာ ရပ်တည်နေပြီး အခြားဥရောပနိုင်ငံတွေနဲ့ အာရှနိုင်ငံတွေဖြစ်ကြတဲ့ ဟောင်ကောင်၊ ဂျပန်၊ ရုရှား စတဲ့နိုင်ငံတွေအပြင် မြန်မာနိုင်ငံအပါအဝင် အာဆီယံအဖွဲ့ဝင်နိုင်ငံတွေမှာလည်း iTunes ရဲ့ တေးဂီတဇယားမှာ ထိပ်တန်းတေးအယ်လ်ဘမ်အဖြစ် နံပါတ်တစ်နေရာကို ရယူထားတယ်လို့လည်း သိရပါတယ်။

အဆိုပါတေးအယ်လ်ဘမ်ရဲ့ ခေါင်းစီးတေးသီချင်းဖြစ်တဲ့ "DNA"ဟာလည်း နော်ဝေ၊ ဆွီဒင်၊ ဟန်ဂေရီ၊ ပီရူး အစရှိတဲ့ နိုင်ငံတွေနဲ့ ဟောင်ကောင်၊ ထိုင်း၊ ထိုင်ဝမ်၊ ဖိလစ်ပိုင် အစရှိတဲ့ အာရှနိုင်ငံတွေအပါအဝင် နိုင်ငံပေါင်း ၂၉ နိုင်ငံမှာရှိတဲ့ ထိပ်တန်းတေးသီချင်းဇယားတွေမှာ နံပါတ်တစ်နေရာမှာ ရှိနေတာဖြစ်ပါတယ်။

ရေအောက်ကမ္ဘာမှာ အချစ်ကိုရှာဖွေတွေ့ရှိသွားတဲ့ နစ်ခ်ဂျွန်နက်စ်

တေးသံရှင် နစ်ခ်ဂျွန်နက်စ်ဟာ လတ်တလောမှာ တေးသီချင်းတစ်ပုဒ်ရဲ့ တေးဗီဒီယိုကို စတင်ထုတ်လွှင့်ခဲ့တာဖြစ်ပါတယ်။ ယင်းတေးဗီဒီယိုမှာတော့ နစ်ခ်ဟာ ရေအောက်ကမ္ဘာကို ရောက်ရှိနေစဉ်မှာပဲ သူ့ရဲ့ချစ်သူကို ရှာဖွေတွေ့ရှိသွားခဲ့တာကို တွေ့မြင်ရပါတယ်။ ပြီးခဲ့တဲ့သီတင်းပတ်အတွင်းမှာ နစ်ခ်ဂျွန်နက်စ်က ယင်းတေးဗီဒီယိုအတွက် အစမ်းထုတ်လွှင့်မှုတွေကို ဆက်တိုက်ပြုလုပ်ခဲ့တာဖြစ်ပြီး တေးဗီဒီယိုအပြည့်အစုံကို ထုတ်လွှင့်ပေးခဲ့ချိန်မှာတော့ နစ်ခ်က ရေအောက်မှာ ချစ်သူနဲ့ တွေ့ဆုံခွင့်ရခဲ့တာကို တွေ့ခဲ့ရပါတယ်။

"Find You"လို့အမည်ရတဲ့ တေးသီချင်းရဲ့ဗီဒီယိုမှာတော့ နစ်ခ်ဟာ သဲကန္တာရတစ်ခုအတွင်း တစ်ယောက်တည်းရောက်ရှိနေပြီး တောင်ကုန်းတောင်တန်းတွေ တစ်ခုပြီးတစ်ခု ကျော်ဖြတ်ကာ တစ်စုံတစ်ယောက်ကို လိုက်လံရှာဖွေနေတာဖြစ်ပါတယ်။ ရှာဖွေနေရင်းက ကမ်းခြေတစ်ခုကိုရောက်ရှိခဲ့ပြီး အဲဒီနေရာမှာ လူတစ်စုနဲ့တွေ့ဆုံခဲ့ကာ ကခုန်ပျော်ပါးခဲ့ကြပါတယ်။ အဲဒီလူတွေထဲကမှ ချစ်သူကို ရှာဖွေတွေ့ရှိခဲ့ပြီး ဒီတစ်ကြိမ်မှာတော့ နစ်ခ်ဟာ ချစ်သူနဲ့ တွေ့ခွင့်ရဖို့အတွက် လှိုင်းလုံးဖြူတွေအောက်ကို ငုပ်သွားခဲ့ပါတယ်။ ဒီလို ရေအောက်ကိုရောက်ရှိသွားခဲ့တဲ့အခါမှာတော့ နစ်ခ်ဟာ ချစ်သူနဲ့ တွေ့ဆုံခွင့်ရခဲ့တာကိုလည်း တွေ့မြင်ခဲ့ရပါတယ်။

အဆိုပါတေးသီချင်းဟာ နစ်ခ်ဂျွန်နက်စ်ရဲ့ တစ်ကိုယ်တော်တေးအယ်လ်ဘမ်သစ်မှာပါဝင်မယ့် တေးသီချင်းတစ်ပုဒ်ဖြစ်ပြီး တေးအယ်လ်ဘမ်ထဲမှာ ပါဝင်မယ့် တေးသီချင်းတွေအနက် ဒုတိယမြောက် ထုတ်လွှင့်ပေးခဲ့တဲ့ သီချင်းလည်းဖြစ်ပါတယ်။ သူ့ရဲ့ အရင်ထုတ်လွှင့်ခဲ့ပြီးဖြစ်တဲ့ တေးသီချင်းကတော့ "Remember I Told You"လို့အမည်ရကြောင်း အမ်တီဗွီဒေ့ါကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

အဖေက ပိုပြီးကြည့်ကောင်းတယ်လို့ဆိုလာတဲ့ ဆောင်းဆန်ဟွန်း

တောင်ကိုရီးယားနာမည်ကျော်မင်းသားတွေအနက် ရုပ်ရည်အားဖြင့် တည်ကြည်ချောမောကာ ကြည့်အကောင်းဆုံး မင်းသားတစ်ဦးလို့ ဆိုနိုင်တဲ့ ဆောင်းဆန်ဟွန်းက လတ်တလောမှာပြုလုပ်ခဲ့တဲ့ အင်တာဗျူးတစ်ခုမှာတော့ ဖခင်ဖြစ်သူဟာ သူ့ထက်ပိုမိုချောမောကာ ကြည့်ကောင်းသူဖြစ်ကြောင်း ထုတ်ဖော်ပြောကြားလာခဲ့တာဖြစ်တယ်လို့ ကိုရီးယားဘိုးဒေ့ါကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

အဆိုပါအင်တာဗျူးမှာတော့ ဆောင်းဆန်ဟွန်းက အများက သူ့ကို ကြည့်အကောင်းဆုံးသူတစ်ဦးအဖြစ် သတ်မှတ်ထားခဲ့ပေမယ့် သူ့ရဲ့မိသားစုမှာတော့ ကြည့်အကောင်းဆုံး မဟုတ်ကြောင်းနဲ့ သူ့ရဲ့ဖခင်ဖြစ်သူဟာ ပိုမိုကြည့်ကောင်းတဲ့ရုပ်ရည်ကို ပိုင်ဆိုင်ထားသူဖြစ်ကြောင်း ဖွင့်ဟခဲ့တာလည်း ဖြစ်ပါတယ်။ တောင်ကိုရီးယားအနုပညာလောကမှာတော့ ဆောင်းဆန်ဟွန်းကို အလှဆုံးသောရုပ်ရည်ပိုင်ဆိုင်ထားတဲ့ ကြယ်ပွင့်တစ်ဦးအဖြစ် အသိအမှတ်ပြုထားကြတာဖြစ်ပြီး ဆောင်းဆန်ဟွန်းကတော့ သူ့ရဲ့ရုပ်ရည်ဟာ ဖခင်ဖြစ်သူနဲ့ ယှဉ်လိုက်ပါက မှေးမှိန်သွားရကြောင်း ဆိုခဲ့တာဖြစ်ပါတယ်။

ဆက်လက်ပြီး ဆောင်းဆန်ဟွန်းက သူနဲ့ဖခင်ဖြစ်သူကို နှိုင်းယှဉ်ကြည့်ကြတဲ့ သူတွေထဲမှာ သူကိုယ်တိုင်က ပထမဆုံးမဟုတ်ခဲ့ကြောင်းနဲ့ သူနဲ့ဖခင်ဖြစ်သူရဲ့ ဓာတ်ပုံတွေကို ယှဉ်တွဲတွေ့မြင်ရတဲ့သူတွေက ယခုလို နှိုင်းယှဉ်ပြောဆိုကြတာဖြစ်ပြီး အများက ဖခင်ဖြစ်သူဟာ သူ့ထက်ပိုပြီးကြည့်ကောင်းတယ်ဆိုတာကို လက်ခံကြကြောင်းလည်း ပြောကြားခဲ့ပါတယ်။

ဖခင်ဖြစ်သူ(ဝဲ)နှင့် ဆောင်းဆန်ဟွန်း(ယာ)

တေးသီချင်းသစ် ထုတ်လွှင့်ခဲ့တဲ့ အိုင်ယူ

တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ တစ်ကိုယ်တော်တေးသံရှင်တစ်ဦးလည်းဖြစ်၊ သရုပ်ဆောင်တစ်ဦးအဖြစ်လည်းအောင်မြင်နေတဲ့ အိုင်ယူက လတ်တလောမှာတော့ သူ့ရဲ့အနုပညာသက်တမ်း ကိုးနှစ်ပြည့်အထိမ်းအမှတ်အဖြစ် တေးသီချင်းသစ်ကို စတင်ထုတ်လွှင့်ပေးခဲ့တာဖြစ်ပါတယ်။ ဒီလိုထုတ်လွှင့်ပေးသွားမယ့်အကြောင်းအရာကို အိုင်ယူက သူ့ရဲ့ပရိသတ်တွေနဲ့ အများကို ကြိုတင်ထုတ်ဖော်ပြောကြားခဲ့ခြင်းမရှိဘဲ ထုတ်လွှင့်ခါနီးနာရီပိုင်းအလိုမှသာ ဖွင့်ဟခဲ့တာဖြစ်တယ်လို့လည်း အောကေပေ့ါပ်ဒေ့ါကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

အဖွဲ့လိုက်တေးဂီတလှုပ်ရှားမှုတွေကိုသာ ပြုလုပ်လာမှုတွေများပြားလာတဲ့ ဒီနေ့ခေတ်ထဲမှာ အိုင်ယူဟာ တစ်ကိုယ်တော်တေးသံရှင်တစ်ဦးအဖြစ် အောင်မြင်အောင် ရပ်တည်နိုင်ခဲ့တဲ့ အမျိုးသမီးတေးသံရှင်တစ်ဦးလည်း ဖြစ်ပါတယ်။ ဒီလိုအောင်မြင်မှုတွေကို ခံစားနေရပြီဖြစ်တဲ့ အိုင်ယူရဲ့ဂီတခရီးအစကတော့ အတော်ကိုခက်ခဲခဲ့တာဖြစ်ပြီး စွန့်လွှတ်ဖို့အကြိမ်ကြိမ်ကြိုးစားရင်းက ရှေ့ဆက်လှမ်းဖို့ဆုံးဖြတ်ကာ ယနေ့အောင်မြင်တဲ့အခြေအနေအထိ တက်လှမ်းလာခဲ့တာလည်း ဖြစ်ပါတယ်။ မကြာသေးမီက အိုင်ယူဟာ တေးဂီတလောကအတွင်း စတင်ခြေချခဲ့တာ ကိုးနှစ်ပြည့်ခဲ့ပြီဖြစ်ကာ သူ့ရဲ့ဂီတခရီးတစ်လျှောက် ချစ်ခင်အားပေးခဲ့ကြတဲ့ ပရိသတ်တွေအတွက် ရည်ရွယ်ကာ တေးသီချင်းတစ်ပုဒ်ကို ထုတ်လွှင့်ပေးခဲ့တာဖြစ်ပါတယ်။

ပြီးခဲ့တဲ့ စက်တင်ဘာ ၁၈ ရက် ညသန်းခေါင်မှာ အိုင်ယူက သူ့ရဲ့လူမှုကွန်ရက်မီဒီယာတစ်ခုဖြစ်တဲ့ အင်စတာဂရမ်စာမျက်နှာပေါ်ကနေတစ်ဆင့် တေးသီချင်းသစ်ထုတ်လွှင့်မယ့်အကြောင်း ရေးသားဖော်ပြခဲ့တာ ဖြစ်ပါတယ်။ အိုင်ယူက သူ့ရဲ့ဓာတ်ပုံတစ်ပုံကို ဖော်ပြခဲ့ပြီး ဓာတ်ပုံရဲ့အောက်မှာတော့ "အိုင်ယူအဖြစ်နဲ့ ရှင်သန်ခဲ့တာ အခုဆိုရင် ကိုးနှစ်တာကာလကြာမြင့်ခဲ့ပါပြီ။ အိုင်ယူဆိုတဲ့ဘဝမှာ ရှင်သန်ရတာ ကျွန်မအနေနဲ့ ပျော်ပါတယ်။ ပရိသတ်တွေလည်း ပျော်ရွှင်စရာနေ့တစ်နေ့ကို အသီးသီးစတင်နိုင်ကြပါစေ။ နောက်နေ့နံနက် ခုနစ်နာရီမှာ သင်တို့အတွက် လက်ဆောင်ကို ဖွင့်ကြည့်လိုက်ပါ။ ကျွန်မ ပရိသတ်တွေနဲ့အတူ ရှိနေမှာပါ"လို့ ရေးသားဖော်ပြခဲ့တာဖြစ်ပါတယ်။ အဆိုပါဓာတ်ပုံမှာတော့ အိုင်ယူဟာ ပြက္ခဒိန်ပေါ်က နေ့စွဲတစ်ခုကိုမှတ်သားနေတာလည်း တွေ့ရပါတယ်။

အိုင်ယူဟာ သူရေးသားဖော်ပြခဲ့တဲ့အတိုင်း နောက်တစ်နေ့ နံနက် ၇ နာရီမှာ တေးသီချင်းတစ်ပုဒ်ကို စတင်ထုတ်လွှင့်ပေးခဲ့ပါတယ်။ အဲဒီတေးသီချင်းကတော့ "Autumn Morning"လို့အမည်ရပြီး အဆိုပါတေးသီချင်းဟာ ပြန်ဆိုတေးတစ်ပုဒ်လည်း ဖြစ်ပါတယ်။ အဲဒီသီချင်းဟာ ပြီးခဲ့တဲ့ ၁၉၉၁ ခုနှစ်အတွင်းထွက်ရှိခဲ့ကာ တေးသံရှင် ယန်ဟီအွန်းနဲ့ ဂီတာပညာရှင် လီဗြောင်ဝူးတို့ အတူတွဲဖက်ဖန်တီးထားပြီး ထိုအချိန်က ကျော်ကြားတဲ့ တေးသီချင်းတစ်ပုဒ်ဖြစ်ပြီး အိုင်ယူက ပြန်လည်ဆန်းသစ်ဖန်တီးထားတာဖြစ်ပါတယ်။ ယင်းတေးသီချင်းမှာတော့ အိုင်ယူရဲ့ အသံချိုချိုလေးဟာ ပေါ်လွင်နေပြီး သူ့ရဲ့အရည်အချင်းတွေကို ပိုမိုပေါ်လွင်စေဖို့အတွက် နောက်ခံတေးဂီတတီးလုံးမပါဘဲ ဖန်တီးထားတာကိုလည်း တွေ့ရပါတယ်။

တေးသီချင်းကို နံနက်စောစောမှာ စတင်ထုတ်လွှင့်ခဲ့ရတာနဲ့ပတ်သက်ပြီး အိုင်ယူရဲ့ ဖျော်ဖြေရေးအေဂျင်စီဖြစ်တဲ့ ဖေ့ဗ်အန်တာတိန်းမန့်က "နံနက် ၇ နာရီဟာ တေးသီချင်းသစ်တွေကို စတင်ထုတ်လွှင့်လေ့ရှိတဲ့အချိန်လည်းမဟုတ်သလို တေးဂီတဇယားတွေမှာလည်း တေးသီချင်းသစ်တွေရဲ့မှတ်တမ်းကို စတင်ထည့်သွင်းမှတ်သားလေ့ရှိတဲ့အချိန်လည်း မဟုတ်တာကြောင့် ထုတ်လွှင့်ဖို့ အချိန်ကောင်းတော့မဟုတ်ပါဘူး။ ဒါပေမယ့် အိုင်ယူက သူ့ရဲ့ပရိသတ်တွေရဲ့ နံနက်ခင်းကို အပျော်တွေနဲ့ စတင်စေချင်တာကြောင့် ထုတ်လွှင့်ခဲ့တာပါ။ အိုင်ယူရဲ့ စေတနာသက်သက်ပါပဲ"လို့ ပြောကြားခဲ့ပါတယ်။

တေးသီချင်းသစ်နဲ့ပတ်သက်ပြီး အိုင်ယူကတော့ ယင်းတေးသီချင်းဟာ သူ့ရဲ့ငယ်ဘဝမှာ အားအင်တွေပေးခဲ့တဲ့ တေးသီချင်းဖြစ်ကြောင်းနဲ့ ယန်ဟီအွန်းရဲ့ တေးသီချင်းတွေအနက် သူ့ရဲ့အကြိုက်ဆုံးတေးသီချင်းလည်းဖြစ်တာကြောင့် ရွေးချယ်သီဆိုခဲ့တာဖြစ်ကြောင်းလည်း ထုတ်ဖော်ပြောကြားခဲ့ပါတယ်။

၂၀၁၇ခုနှစ်အတွင်းဂိုးသွင်းနှုန်းအကောင်းဆုံးတိုက်စစ်မှူး

၂၀၁၇ခုနှစ်အတွင်း ဂိုးသွင်းအများဆုံး တိုက်စစ်မှူးနေရာကို မက်ဆီက ရယူထားနိုင်ပေမယ့် တစ်ပွဲပျမ်းမျှ သွင်းဂိုးအများဆုံးကတော့ စပါးတိုက်စစ်မှူး ဟယ်ရီကိန်း ဖြစ်နေတာကို ကိန်းဂဏန်း အချက်အလက်တွေအရ သိရပါတယ်။ ၂၀၁၇ခုနှစ်ရဲ့ လက်ရှိ သွင်းဂိုးအမြင့်ဆုံးတိုက်စစ်မှူး ငါးဦးက မက်ဆီ၊ စီရိုနယ်လ်ဒို၊ လီဝန်ဒေါစကီး၊ ကာဗာနီနှင့် ဟယ်ရီကိန်းတို့ဖြစ်ကြပြီး မက်ဆီရဲ့ သွင်းဂိုးဟာ ၃၉ ဂိုးအထိ ရောက်ရှိနေတာဖြစ်ပါတယ်။

မက်ဆီနောက်မှာ ကာဗာနီက ၃၄ဂိုး၊ လီဝန်ဒေါစကီးက သွင်းဂိုး၃၀၊ စီရိုနယ်လ်ဒိုနဲ့ ဟယ်ရီကိန်းတို့က သွင်းဂိုး ၂၉ ဂိုးစီနဲ့ အစဉ်လိုက်ရပ်တည်နေကြတာဖြစ်ပါတယ်။ ဒါပေမယ့် မက်ဆီက ၃၈ ပွဲ ၃၉ ဂိုးသွင်းယူနိုင်ခြင်းဖြစ်တဲ့အတွက် တစ်ပွဲပျမ်းမျှ သွင်းဂိုး ၁ ဒသမ ၀၂ ဂိုးနှုန်းသာဖြစ်ပြီး ဟယ်ရီကိန်းက ၂၇ ပွဲတွင် ၂၉ ဂိုးသွင်းယူနိုင်သောကြောင့် တစ်ပွဲပျမ်းမျှ ၁ ဒသမ ၀၇ ဂိုးအထိ သွင်းယူနိုင်တာဖြစ်ပါတယ်။

ကာဗာနီက ၃၄ပွဲ (၃၄ဂိုး) ဖြစ်တာကြောင့် တစ်ပွဲ ပျမ်းမျှ တစ်ဂိုး၊ လီဝန်ဒေါစကီးက ၂၉ပွဲ (ဂိုး ၃၀) တစ်ပွဲပျမ်းမျှ ၁ ဒသမ ၀၃ဂိုး၊ တိုက်စစ်မှူး စီရိုနယ်လ်ဒိုက ပွဲ ၃၀(၂၉ဂိုး) တစ်ပွဲပျမ်းမျှ သုည ဒသမ ၉၆ ဂိုး ဖြစ်ပါတယ်။ ဒါကြောင့် တစ်ပွဲပျမ်းမျှ သွင်းဂိုးအမြင့်ဆုံးကစားသမားက ဟယ်ရီကိန်းဖြစ်နေပြီး ဘိုင်ယန်တိုက်စစ်မှူး လီဝန်ဒေါစကီးက ဒုတိယ၊ မက်ဆီက တတိယလို့ သတ်မှတ်ရမှာဖြစ်ပါတယ်။ ဘီတီစပို့ရုပ်သံအစီအစဉ်တင်ဆက်သူ နဗီးလ်က ဟယ်ရီကိန်း ဘယ်လိုပဲ ခြေစွမ်းပြပါစေ၊ စပါးလိုအသင်းတွင် ဆက်နေမယ်ဆိုပါက ဆုဖလားအောင်မြင်မှုနဲ့ ဝေးကွာမှာ ဖြစ်တာကြောင့် ထိပ်ဆုံးနေရာကို ဘယ်တော့မှရောက်မှာမဟုတ်ဘူးလို့ သတိပေးစကားဆိုလိုက်ပါတယ်။

မာဆယ်လို ရွေးချယ်ခဲ့တဲ့ အကောင်းဆုံးများ

နောက်ခံလူ မာဆယ်လိုက ရီးယဲလ်အသင်းနှင့် ငါးနှစ် သက်တမ်းတိုးစာချုပ်ချုပ်ဆိုအပြီး ပြုလုပ်တဲ့ အမေး-အဖြေကဏ္ဍတွင် ဖြေကြားခဲ့တဲ့ အဖြေတွေမှာ ပရိသတ်တွေအတွက် အံ့အားသင့်စေတဲ့ အကြောင်းအရာများ ပါဝင်နေပါတယ်။ မာဆယ်လိုရဲ့ အကောင်းဆုံးနည်းပြ၊ ပြီးပြည့်စုံတဲ့ အသင်းဖော်၊ အခက်အခဲဆုံးပြိုင်ဘက် စတဲ့အဖြေများက ပရိသတ်များအတွက် အနည်းငယ်ထူးဆန်းစေခဲ့တာပါ။

မာဆယ်လိုဟာ ရီးယဲလ်မက်ဒရစ်အသင်းမှာ ကာပယ်လို၊ မော်ရင်ဟို၊ အန်စလော့တီတို့နဲ့ လက်တွဲခဲ့သူဖြစ်ပြီး နည်းပြတွေထဲမှာ ဘယ်သူအကောင်းဆုံးဖြစ်သည်လဲဆိုတာကို မေးမြန်းခဲ့ရာ မာဆယ်လိုက လက်ရှိ ရီးယဲလ်အသင်းနည်းပြ ဇီဒန်းကို ရွေးချယ်ခဲ့တာဖြစ်ပါတယ်။ မာဆယ်လိုက “ သူ(ဇီဒန်း)က ပြောစရာမလိုဘဲ ကြည့်လိုက်ရုံနဲ့တင် ကစားသမား ဘာဖြစ်လဲဆိုတာ သူနားလည်တယ်။ ဘယ်သူက သိနိုင်မှာလဲ။ ဒါပေမယ့် သူက ကစားသမားဖြစ်ခဲ့လို့ပါ။ ဒီလို ကြယ်ပွင့်ကစားသမားတွေ အများကြီးရှိနေတဲ့ အသင်းကို အချိန်တိုအတွင်း စုစည်းဖို့ဆိုတာ အင်မတန် ခက်ခဲပါတယ်” လို့ ရွေးချယ်ရခြင်းကို အကြောင်းပြချက်ပေးခဲ့ပါတယ်။

အကောင်းဆုံး အသင်းဖော်ကို ရွေးချယ်ခိုင်းရာမှာတော့ ဗန်နစ္စတယ်ရွိုင်း၊ ရိုနယ်လ်ဒိုနှင့် ရိုနယ်လ်ဒင်ဟိုတို့ကို ထည့်သွင်းရွေးချယ်ခဲ့ပေမယ့် အကောင်းဆုံးတစ်ယောက်ဆိုပါက ရီးယဲလ်တိုက်စစ်မှူး စီရိုနယ်လ်ဒိုကိုလို့သာ ရွေးထုတ်ခဲ့တာဖြစ်ပါတယ်။ မာဆယ်လိုက စီရိုနယ်လ်ဒိုကို အပြီးပြည့်စုံဆုံး အသင်းဖော်အဖြစ် ရွေးချယ်ပေးခဲ့သော်လည်း သူ့အတွက် အခက်ခဲဆုံး ပြိုင်ဘက်ကိုတော့ နေမာလို့ ဖြေကြားခဲ့တာကို တွေ့ခဲ့ရပါတယ်။ မာဆယ်လိုမှာ ဘရာဇီးနဲ့ ရီးယဲလ်ကစားသမားဖြစ်တာကြောင့် ကမ္ဘာ့အကောင်းဆုံးတိုက်စစ်မှူး မက်ဆီကို အကြိမ်ပေါင်းများစွာ ပြိုင်ဘက်အဖြစ် ရင်ဆိုင်ခဲ့ဖူးပေမယ့် သူ့အတွက် အခက်ခဲဆုံးပြိုင်ဘက်ကိုတော့ ဘရာဇီးအသင်းဖော် နေမာလို့ ဆိုလိုက်တာဖြစ်ပါတယ်။ မာဆယ်လိုရဲ့ အဖြေကြောင့် နေမာဟာ မက်ဆီထက် နောက်ခံလူတွေ တားဆီးရခက်တဲ့ ကစားသမားဖြစ်နေလားဆိုတာ စဉ်းစားစရာပါ။

ကိုလုံးပရိသတ်တွေကို ကိုလာစီနစ် ထေ့ခဲ့လေသလား

အာဆင်နယ်နဲ့ ကိုလုံးအသင်းတို့ ယှဉ်ပြိုင်ခဲ့တဲ့ ယူရိုပါလိဂ် ပွဲစဉ်ဟာ ကိုလုံးပရိသတ်တွေရဲ့ ဆူပူမှုကြောင့် သတ်မှတ်ပွဲချိန်ထက် တစ်နာရီ နောက်ကျခဲ့ရသလို အာဆင်နယ်နောက်ခံလူ ကိုလာစီနစ်ရဲ့ အောင်ပွဲခံမှုဟာလည်း ကိုလုံးပရိသတ်တွေအပေါ် လှောင်ပြောင်ရာ ရောက်ခဲ့တယ်လို့ အင်္ဂလန်မီဒီယာများက အသားပေး ဖော်ပြခဲ့ကြပါတယ်။ အာဆင်နယ်ရဲ့ အိမ်ကွင်း အမ်းမရိတ်စ်မှာ လာရောက်ယှဉ်ပြိုင်ခဲ့ရတဲ့ ပွဲစဉ်မှာ ကိုလုံးအသင်းအနေနဲ့ လက်မှတ်ခွဲတမ်း ၂၉၀၀ သာ ရရှိခဲ့ပေမယ့် လန်ဒန်မြို့လယ်ကို ကိုလုံး ပရိသတ် ၂၀၀၀၀ ဝန်းကျင်ရောက်ရှိလာခဲ့သလို ကွင်းအတွင်း မီးရှူးမီးပန်းများပစ်ဖောက်ခြင်း၊ အလွန်အမင်းအောင်ပွဲခံခြင်း၊ အော်ဟစ်ခြင်းများပြုလုပ်ခဲ့ကြပါတယ်။

ကိုလုံးအသင်းဟာ ပွဲအစ ၉ မိနစ်မှာပင် ကော်ဒိုဘာရဲ့ ကိုက်၄၀အကွာမှ သွင်းဂိုးနဲ့ ဦးဆောင်ခဲ့ပေမယ့် ကိုလာစီနစ်၊ ဆန်းချက်ဇ်နှင့် ဘယ်လာရင်တို့က အာဆင်နယ်အတွက် ချေပဂိုးနှင့် အနိုင်ဂိုးများကို သွင်းယူပေးခဲ့တာဖြစ်ပါတယ်။ အာဆင်နယ်အတွက် ချေပဂိုးကို သွင်းယူပေးခဲ့သူ ကိုလာစီနစ်က ဂိုးသွင်းပြီးနောက် ဂျာစီကို လှန်ပြီး အောင်ပွဲခံခဲ့ရာ ဂျာစီအောက်မှာ “မြောက်ပိုင်းအကွေး” လို့ ရေးထားတဲ့ စာသားကို တွေ့ခဲ့ရပါတယ်။

ဒါက ကိုလာစီနစ်ရဲ့ အသင်းဟောင်း “ရှော်လ်ကေး”ရဲ့ ကိုယ်စားပြုအမည်ဖြစ်တာကြောင့် ရှော်လ်ကေးအသင်းဟာ ကိုလုံးအသင်းရဲ့ ဘွန်ဒက်စ်လီဂါပြိုင်ဘက်ဖြစ်တဲ့အတွက် ကိုလာစီနစ်ရဲ့ ဒီအောင်ပွဲခံမှုက ကိုလုံးပရိသတ်များကို လှောင်ပြောင်ခဲ့တာဖြစ်တယ်ဆိုတဲ့ ယူဆမှုများကို ထွက်လာစေခဲ့ပါတယ်။ ဒါပေမယ့် ကိုလာစီနစ်ရဲ့ ယခုလို အောင်ပွဲခံမှုက ယူအီးအက်ဖ်အေရဲ့ ပြစ်ဒဏ်တစ်စုံတစ်ရာ ချမှတ်ခံရဖွယ်မရှိပါဘူး။ ဒ့ါအပြင် အကဲဖြတ်မှတ်တမ်းတွေအရ ပြီးခဲ့တဲ့ နွေဈေးကွက်အတွင်းက ခေါ်ယူခဲ့တဲ့ထဲမှာ တန်ဖိုးအရှိဆုံးခေါ်ယူမှုက အလွတ်ပြောင်းရွှေ့ကြေးနဲ့ရခဲ့တဲ့ ကိုလာစီနစ်ကို ခေါ်ယူနိုင်မှုဖြစ်တယ်လို့ သိရပါတယ်။

စီရိုနယ်လ်ဒိုမဟုတ်တဲ့ ဝိန်းရွန်းနီ

မေလွဲသင်း –
ရေးသားသည်

မန်ယူရဲ့ ထာဝရ သွင်းဂိုးစံချိန်ရှင် ဝိန်းရွန်းနီရဲ့ အိုးထရက်ဖို့ဒ် ခရီးလမ်းဟာ အဲဗာတန်ရဲ့ ဂိုးပြတ်အရေးနိမ့်မှုနဲ့အတူ အရင်က မန်ယူကစားဖော် စီရိုနယ်လ်ဒိုလို သူရဲကောင်းဖြစ်ခွင့်မရခဲ့ပါဘူး။ စီရိုနယ်လ်ဒိုဟာ ၂၀၁၃ ခုနှစ် မန်ယူနဲ့ ရီးယဲလ်အသင်းတို့ ယှဉ်ပြိုင်ခဲ့တဲ့ ချန်ပီယံလိဂ်ပြိုင်ပွဲမှာတွေ့ဆုံစဉ်က မန်ယူအသင်းဘက်ကို ဂိုးသွင်းယူနိုင်ခဲ့ပေမယ့် အောင်ပွဲခံခဲ့ခြင်းမရှိပါဘူး။ ဒါကြောင့် ပရိသတ်တွေကလည်း ရွန်းနီလည်းစီရိုနယ်လ်ဒိုလို ကလပ်အသင်းဟောင်းကို အသည်းခွဲ ဂိုးသွင်းတာကို ကြည့်ရလေမလားလို့ မျှော်လင့်ခဲ့ပေမယ့် ရွန်းနီက စီရိုနယ်လ်ဒိုလို စွမ်းဆောင်ပြနိုင်ခြင်းမရှိပါဘူး။

ရွန်းနီဟာ မန်ယူအသင်းမှာ ၁၃ နှစ်ကြာကစားပြီး သွင်းဂိုး၂၅၃ ဂိုး ရယူနိုင်ခဲ့တဲ့သူဖြစ်တာကြောင့် ရွန်းနီရဲ့ အိုးထရက်ဖို့ဒ် အိမ်ပြန်ခရီးကို အခုထက် လှပမယ်လို့ ရွန်းနီရဲ့ အမာခံပရိသတ်တွေက မျှော်လင့်ခဲ့ကြတာဖြစ်ပါတယ်။ အခွင့်အရေးကောင်းနှစ်ကြိမ်ကို ဂိုးအဖြစ်မပြောင်းလဲနိုင်ခဲ့တဲ့တွက် အိုးထရက်ဖို့ဒ်ကွင်းကနေ ခေါင်းမော့ရင်ကော့ ပြန်နိုင်မယ်အခွင့်အရေးကို လွှင့်ပစ်ခဲ့တယ်လို့ ဆိုရမှာဖြစ်ပါတယ်။ ယခုရက်သတ္တပတ်အတွင်း ပရီမီယာလိဂ်မှာ ချယ်လ်ဆီးနဲ့ အာဆင်နယ်တို့ ထိပ်တိုက်တွေ့ဆုံတဲ့ ပွဲရှိနေခဲ့လို့ မန်ယူနဲ့ အဲဗာတန်အသင်းတို့ ပွဲဟာ သာမန်ဆို စိတ်ဝင်စားမှု သိပ်ရှိကြမှာ မဟုတ်ပေမယ့် ရွန်းနီရဲ့ အိုးထရက်ဖို့ဒ် တစ်ကျော့ပြန်ခရီးဖြစ်နေတာကြောင့် ဒီပွဲဟာ အများရဲ့အာရုံစိုက်မှုကို အတော်လေးရရှိခဲ့တယ်လို့ ဆိုရမှာဖြစ်ပါတယ်။

ဒီပွဲမကစားခင်ကတည်းက ရွန်းနီ ယခုပွဲမှာ ဂိုးသွင်းရင် အောင်ပွဲခံသင့်သလား၊ မသင့်ဘူးလားဆိုတာ လူပုဂ္ဂိုလ်တစ်ဦးချင်းစီက မတူညီတဲ့ အမြင်တွေ ပေးနေခဲ့သလို မီဒီယာတွေရဲ့ အားကောင်းကောင်း ဖော်ပြနေမှုကြောင့်လည်း အခုလို လှုပ်ခတ်မှုတွေ ရှိနေတာဖြစ်ပါတယ်။ ရွန်းနီ လွန်ခဲ့တဲ့ နှစ်ရာသီလောက်က စတင်ခြေစွမ်းကျလာချိန်မှာ အင်္ဂလန်မီဒီယာတွေက ရွန်းနီကို တိုက်စစ်မှာ အသုံးမပြုတဲ့ အင်္ဂလန်နည်းပြ ရွန်းဟော့ဂ်ဆန်နဲ့ မန်ယူနည်းပြ ဗန်ဟားလ်တို့ နေရာချထားမှုကို အပြစ်တင်ခဲ့ကြပါတယ်။ ဒါပေမယ့် ပြီးခဲ့တဲ့ ဇူလိုင်လအတွင်း ရွန်းနီဟာ သူ့ရဲ့ငယ်ဘဝကလပ်အသင်း အဲဗာတန် အသင်းကို ပြောင်းရွှေ့သွားပြီးနောက် နည်းပြကိုးမန်းက သူ့ကို ဗဟိုတိုက်စစ်မှူးအဖြစ်နေရာချခဲ့ပေမယ့် ရာသီအစ နှစ်ပွဲလောက်သာ ခြေပေါ်ပြီး နောက်ပိုင်းမှာ ခြေပြန်ကျသွားခဲ့ပါတယ်။

အထင်နဲ့ အမြင် တက်တက်စင်အောင် လွဲခဲ့တဲ့ ကိုးမန်း

အဲဗာတန်အသင်းရဲ့ ယခုနှစ်နွေဈေးကွက် ကစားသမားသစ်တွေခေါ်ယူအားဖြည့်မှုကြောင့် ပရိသတ်အများစုက ယခုနှစ် စောင့်ကြည့်ရမယ့် အသင်းတွေထဲမှာ အဲဗာတန်ကို ထည့်တွက်ခဲ့ပေမယ့် မန်ယူအသင်းကိုလေးဂိုးပြတ်နဲ့ အရေးနိမ့်ခဲ့ပြီးနောက်မှာတော့ တန်းဆင်းဇုန်အတွင်း ကျရောက်သွားခဲ့ပါပြီ။ နည်းပြကိုးမန်းက မန်ယူကိုအရေးနိမ့်ခဲ့ပေမယ့် အသင်းရဲ့ ကစားပုံနဲ့ ပတ်သက်ပြီး ကျေနပ်တယ်လို့ ဆိုလိုက်ပါသေးတယ်။ အဲဗာတန်အတွက် ကံဆိုးခဲ့တာ တစ်ခုက ပရီမီယာလိဂ်လေးပွဲဆက်တိုက်ဟာ မန်စီးတီး၊ ချယ်လ်ဆီး၊ စပါးနဲ့ မန်ယူတို့လို ထိပ်တန်းအသင်းတွေနဲ့ ယှဉ်ပြိုင်ခဲ့ရတာဖြစ်ပြီး မန်စီးတီးကိုသာ သရေကစားနိုင်ကာ ကျန်အသင်းတွေကို ဂိုးပြတ်၊ ခြေပြတ်အရေးနိမ့်ခဲ့တာဖြစ်ပါတယ်။

ဒ့ါအပြင် အဲဗာတန်ဟာယူရိုပါလိဂ်ပြိုင်ပွဲမှာ အတ္တလန္တာကို ဂိုးပြတ်အရေးနိမ့်ခဲ့တာကြောင့် ပရိသတ်တွေက နည်းပြကိုးမန်းကို ထုတ်ပယ်ရန် ကွင်းအတွင်း အော်ဟစ်တောင်းဆိုခဲ့ကြသလို လူမှုကွန်ရက်တွေပေါ်မှာလည်း မကျေနပ်တဲ့ မှတ်ချက်အများအပြားကို ရေးသားခဲ့တာကို တွေ့ရပါတယ်။ ကိုးမန်းကိုယ်တိုင်ကလည်း သူ့ကိုယ်သူ ဝေဖန်ဖို့ လိုအပ်နေပြီလို့ ပွဲအပြီးမှာ ပြောခဲ့ပေမယ့် မန်ယူကို ဂိုးပြတ်ရှုံးခဲ့တာတောင် အသင်းရဲ့ ကစားပုံအပေါ် ကျေနပ်တယ်လို့ ပြောခဲ့တာကတော့ စိတ်ပျက်စရာပါပဲ။ ကိုးမန်းဟာ မန်ယူနဲ့ ပွဲမှာ ၅-၄-၁ ကစားကွက်ကို ခင်းကျင်းခဲ့တာကြောင့် အနိုင်ရလဒ်ထက် သရေရလဒ်ထွက်ပေါ်ရေးကိုသာ ဦးတည်ပြင်ဆင်ခဲ့တယ်ဆိုတာ ပေါ်လွင်ပါတယ်။ ဒါကြောင့်လည်း ဘောလုံးပိုင်ဆိုင်မှု အသာရခဲ့ပေမယ့် ဂိုးပေါက်ခြိမ်းခြောက်မှုအပိုင်းမှာတော့ လိုအပ်ချက်တွေ များစွာရှိနေခဲ့တာကိုတွေ့ရပါတယ်။

ပြည်တွင်းရေးရာ၊ နည်းပညာ

ပဲခူးမြို့၏အဓိကလမ်းမကြီး သုံးခု ပြုပြင်ပေးရန် ဒေသခံများလိုလား

ပဲခူး စက်တင်ဘာ ၁၉
ပဲခူးမြို့၏ရွှေမော်ဓောအရှေ့ဘက်ပိုင်းနှင့်ရွှေသာလျောင်းအနောက်ဘက်ပိုင်းတို့တွင် ရပ်ကွက်နေပြည်သူအများနှင့် ဘုရားဖူးယာဉ်အများအပြားအသုံးပြုသွားလာလျက်ရှိသော အဓိကလမ်းမကြီးများရှိကြရာတွင် အနောက်ဘက်ပိုင်းရှိ ရွှေသာလျောင်းလမ်းမကြီး၊ မဟာမြိုင်လမ်းမကြီးနှင့် ဗိုလ်ချုပ်အောင်ဆန်းလမ်းမကြီးတို့မှာ ယခုအခါပေါက်ပြဲပျက်စီးမှုများဖြစ်နေသဖြင့် ခရီးသွားသူများ အခက်အခဲများနှင့် ကြုံနေကြရသည်။

"ဒီပဲခူးမြို့ရဲ့အနောက်ဘက်ပိုင်းအဓိကလမ်းမကြီးသုံးခုဟာ ရပ်ကွက်ပေါင်း (၇)ရပ်ကွက်ရှိ ပြည်သူတွေ နေ့စဉ်ဆိုင်ကယ်၊ လိုင်းကားငယ်တို့နဲ့ ခရီးသွားလာနေကြသလို ဘုရားဖူးယာဉ်တွေလည်း နေ့စဉ်နေ့တိုင်းလာရောက်နေကြတဲ့ လမ်းမကြီးတွေဖြစ်လို့ အခုလိုချိုင့်ခွက်တွေဖြစ် ရေတွေခိုအောင်းနေပြီး ခဲလုံးတွေထွက် လမ်းတွေပျက်နေတာဆိုတော့ ချိုင့်ခွက်ထဲကျတဲ့ကားတွေကပျက်၊ အဲဒီတော့လမ်းတွေပိတ်ကုန်တယ်။ တစ်စီးနဲ့တစ်စီးရှောင်တိမ်းရတာမလွယ်တော့ ယာဉ်တိုက်မှုတွေ မကြာခဏကြုံနေရပါတယ်။ ဒါကြောင့် ဒီပဲခူးမြို့ရဲ့ အနောက်ဘက်ပိုင်းအဓိကလမ်းမကြီးသုံးခုကို အမြန်ဆုံးပြုပြင်ပေးစေလိုပါတယ်" ဟု ဒေသခံတစ်ဦးက ပြောသည်။

ယင်းလမ်းမကြီးသုံးခုမှ ရွှေသာလျောင်းလမ်းမကြီးသည် လွန်ခဲ့သောသုံးနှစ်ခန့်က ကွန်ကရစ်ခင်းထားသောလမ်းမကြီးဖြစ်ပြီး မဟာမြိုင်လမ်းမကြီးနှင့် ဗိုလ်ချုပ်အောင်ဆန်းလမ်းမကြီးတို့မှာ ပြန်လည်ပြုပြင်ခင်းထားခြင်းမရှိသေးကြောင်း၊ ရပ်ကွက်ပြည်သူများကလည်း မိမိတို့အိမ်ခြံရှေ့ရေစီးရေလာကောင်းမွန်အောင် ရေမြောင်းများတူးဖော်ပြုပြင်မှုများကို ဝိုင်းဝန်းကူညီဆောင်ရွက်ပါက လမ်းမကြီးတွေရေများခိုအောင်းပျက်စီးခြင်း လျော့နည်းသွားနိုင်မည်ဖြစ်ကြောင်း တာဝန်ရှိသူတစ်ဦးကဆိုသည်။

(ဒုရ)

လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့အထိမ်းအမှတ် တေးသရုပ်ဖော်ပြိုင်ပွဲ ဒလမြို့နယ်ပြည်သူ့စာကြည့်တိုက်၌ကျင်းပ

ဒလ စက်တင်ဘာ ၁၉
ရန်ကုန်တောင်ပိုင်းခရိုင် ဒလမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မြို့နယ်ပညာရေးဌာနတို့ ပူးပေါင်း၍ လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့အထိမ်းအမှတ် တေးသရုပ်ဖော်ပြိုင်ပွဲကို စက်တင်ဘာ ၁၈ ရက် နံနက် ၁၀ နာရီက မြို့နယ်ပြည်သူ့စာကြည့်တိုက် Community Centre ခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာစိန်မြအေးက အဖွင့်အမှာစကားပြောကြားပြီး ဒလမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူး ခင်စောမောင်က လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ကျောင်းသားကျောင်းသူများအား လူကုန်ကူးခံရမှုနှင့် ပတ်သက်သောအကြောင်းအရာများကို သာဓကများဖြင့် အသိပညာပေးဟောပြောခဲ့ပြီး ဒလမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်လှလှနွယ်က တေးသရုပ်ဖော်ပြိုင်ပွဲကျင်းပရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် အခြေခံပညာမူလတန်းကျောင်းများမှ ကျောင်းသားကျောင်းသူ ၂၀ တို့က အဖွဲ့လေးဖွဲ့ဖြင့် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး လူကုန်ကူးမှု တိုက်ဖျက်ရေးနေ့အထိမ်းအမှတ် ဇာတ်လမ်းတိုများဖြင့် တေးသရုပ်ဖော်ပြိုင်ကြရာ ပထမဆု၊ ဒုတိယဆု၊ တတိယဆုနှင့် နှစ်သိမ့်ဆုများ ရရှိသော ကျောင်းသား၊ ကျောင်းသူများအား အ. မ. က(၇)ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်ရီ၊ မြို့နယ်ပညာရေးမှူးရုံးမှ ဆရာမ ဒေါ်တင့်တင့်မိုး၊ မြို့နယ်စာရေးဆရာ စိုးယဉ်ထွန်း၊ မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးမှူး ဒေါ်လှလှနွယ်တို့က ဂုဏ်ပြုဆုတံဆိပ်များနှင့် ကျောင်းသုံးဗလာစာအုပ်၊ ဘောပင်များ ပေးအပ်ခဲ့ကြောင်းသိရသည်။

အခမ်းအနားသို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဒေါက်တာစိန်မြအေး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးယဉ်ထွေး၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးခင်စောမောင်၊ မြို့မိမြို့ဖများ၊ စာရေးဆရာများ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသားမိဘများ တက်ရောက်ခဲ့ကြောင်း သိရသည်။

ဒလမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန အနေဖြင့် မြို့နယ်ပညာရေးဌာနနှင့် ပူးပေါင်းဆောင်ရွက်၍ အခြေခံပညာကျောင်းများရှိ ကျောင်းသား ကျောင်းသူများအား လစဉ်ပုံမှန်ပြိုင်ပွဲများ စီစဉ်ပြီး ကျင်းပပေးလျက်ရှိကြောင်း သိရသည်။ **နိုင်လင်းကျော်(ဒလ)**

ရေမြောင်းအတွင်း အိမ်သုံးရေပိုက်သွယ်တန်းထားခြင်းသည် ရေစီးဆင်းမှုနှေးကွေး

ရန်ကုန် စက်တင်ဘာ ၁၉
ရန်ကုန်တိုင်းဒေသကြီး ခရိုင် လေးခရိုင်အတွင်းရှိ မြို့နယ်များတွင် ရေမြောင်းအတွင်း အိမ်သုံးရေပိုက်များ သွယ်တန်းမှုကြောင့် အမှိုက်များတွယ်ငြိ ရေစီးဆင်းခြင်း နှေးကွေးစေကြောင်း၊ တချို့မြို့နယ်များတွင် ရေမြောင်းထဲ စည်းကမ်းမဲ့ အမှိုက်စွန့်ပစ်မှုများ ရှိနေခြင်းကြောင့် သက်ဆိုင်ရာ စည်ပင်သာယာအုပ်ချုပ်ရေးမှူးရုံး အင်ဂျင်နီယာဌာန(လမ်းနှင့်တံတား) ကြီးကြပ်ရေး မှူး တစ်ဦးကပြောသည်။

စည်းကမ်းမဲ့ အမှိုက်စွန့်ခြင်း၊ ရေမြောင်းအတွင်း အိမ်သုံးရေပိုက်များ သွယ်တန်းထားမှုများကို အင်ဂျင်နီယာဌာန (ရေနှင့်သန့်ရှင်းမှု)နှင့် လုပ်ငန်းဆောင်ရွက်သည့် ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးများဖြင့် ပေါင်းစပ်ပြီး ကာကွယ်ထိန်းသိမ်းဆောင်ရွက်သွားရန် စီစဉ်ထားကြောင်း မြို့နယ်စည်ပင်သာယာလက်ထောက်အုပ်ချုပ်ရေးမှူး တစ်ဦးထံမှ သိရသည်။

ထွန်းဝင်း

Samsung ၏ Galaxy Note 8 စမတ်ဖုန်းအမျိုးအစားသစ် ရန်ကုန်မြို့တွင် စတင်ပေါ်ထွက်လာ

ရန်ကုန် စက်တင်ဘာ ၁၉
ကမ္ဘာတစ်ဝန်းတွင် အောင်မြင်မှုနှင့်ဈေးကွက်အတွင်း နေရာရရှိနေပြီဖြစ်သော Samsung မှ ၎င်း၏စမတ်ဖုန်းသစ်ဖြစ်သော Galaxy Note 8 မိတ်ဆက်ပွဲကို ရန်ကုန်မြို့ Novotel Hotel တွင် စက်တင်ဘာ ၁၈ ရက် မွန်းလွဲပိုင်းက စတင်ကျင်းပခဲ့သည်။

Samsung သည်၎င်း၏ပထမဆုံး ကျယ်ပြန့်သည့် မျက်နှာပြင်ပါဝင်သော Note စီးရီးစမတ်ဖုန်းကို ၂၀၁၁ ခုနှစ်မှစတင်ကာ ထုတ်လုပ်ခဲ့ပြီး ဈေးကွက်အတွင်းအောင်မြင်မှုရရှိနေသည့်စမတ်ဖုန်းစီးရီးတစ်ခုဖြစ်သည်။ ကြီးမားကျယ်ပြန့်သည့် မျက်နှာပြင်နှင့် S-Pan ပါဝင်မှုမှာ Samsung Note စီးရီးစမတ်ဖုန်းများ၏ အမှတ်အသားတစ်ခုဖြစ်သည်။

"Note စီးရီးစမတ်ဖုန်း သုံးစွဲသူတွေအနေနဲ့ ကျွန်တော်တို့ အစဉ်အမြဲတီထွင်ဆန်းသစ်မှုတွေ ဖန်တီးနိုင်ဖို့ အမြဲပံ့ပိုးပေးနေတဲ့အတွက် အလွန်ဝမ်းသာမိပါတယ်။ အရည်အသွေးမြင့်တင်ထားတဲ့ S- Pan နဲ့အတူ စွမ်းဆောင်ရည်မြင့်ကင်မရာတွေ ပါဝင်တာကြောင့် Note 8 သုံးစွဲသူတွေကို ထူးခြားတဲ့စွမ်းဆောင်မှုတွေ ပေးသွားနိုင်မှာပါ" ဟု Head of IT and Mobile ကိုဇာနည်ဝင်းထက်က အဆိုပါပွဲတွင်ပြောကြားခဲ့သည်။

S-Pan သည် ဖုန်းအတွင်း စာရေးသားရန်၊ ပုံဆွဲရန်၊ မိတ်ဆွေသူငယ်ချင်းများနှင့် ချိတ်ဆက်ရာတွင် နည်းပညာသစ်များကို သုံးစွဲသူများအတွက် အထောက်အပံ့ကောင်းများပေးသွားမည်ဖြစ်သည်ဟု သိရသည်။ နိုင်ငံရပ်ခြားသို့ သွားရောက်လည်ပတ်သည်ဖြစ်စေ၊ နိုင်ငံခြားဘာသာစကားများ အသုံးပြုထားသည့် အင်တာနက်စာမျက်နှာများသို့ ဝင်ရောက်အသုံးပြုလျှင်ဖြစ်စေ S-Pan ၏ ဘာသာပြန်လုပ်ဆောင်ချက်ဖြင့် ဘာသာပြန်လိုသည့်စာသားများရွေးချယ်ကာ စာလုံးတစ်လုံးချင်းသာမက စာကြောင်းတစ်ကြောင်းလုံးကို ဘာသာစကား ၇၁ မျိုးအထိဘာသာပြန်ပေးနိုင်မည်ဖြစ်ပြီး နိုင်ငံခြားစံနှုန်းများနှင့် ငွေကြေးစနစ်များကိုလည်း အဆင်သင့် ပြောင်းလဲပေးနိုင်မည်ဟု သိရသည်။

Samsung ၏ Galaxy Note 8 စမတ်ဖုန်းသစ်ကို အောက်တိုဘာ ၆ ရက်မှစတင်ကာ မြန်မာတစ်နိုင်ငံလုံးတွင် ဝယ်ယူရရှိနိုင်တော့မည်ဖြစ်ပြီး အနက်ရောင်၊ ရွှေရောင်နှင့် မီးခိုးရောင်တို့ကို ရွေးချယ်ဝယ်ယူနိုင်မည်ဖြစ်ပြီး မြန်မာနိုင်ငံတွင် Galaxy Note 8 စမတ်ဖုန်းအား မြန်မာကျပ်ငွေ ၁၂ သိန်း ၇ သောင်းကျပ်ဖြင့် ရရှိနိုင်မည်ဖြစ်ကာ ဝယ်ယူသူများအနေဖြင့် အာမခံအခွင့်အရေးနှင့် အခြားဝန်ဆောင်မှုများကိုလည်း ခံစားခွင့်ရရှိနိုင်မည်ဖြစ်သည်ဟု သိရသည်။

(သတင်း-ဇာဏီ၊ဓာတ်ပုံ-ဒီဒီ)

စက်တင်ဘာ ၂၅ ရက်တွင် Vivo မှ V7 နှင့် V7+ အမျိုးအစား စမတ်ဖုန်းသစ်နှစ်မျိုးအား ပြည်တွင်းဈေးကွက်အတွင်း စတင်မည်

Vivo စမတ်ဖုန်းလုပ်ငန်းသည် လာမည့်စက်တင်ဘာ ၂၅ ရက်တွင် ၎င်း၏ထုတ်ကုန်သစ် V7 နှင့် V7+ အမျိုးအစား စမတ်ဖုန်းသစ်နှစ်မျိုး စတင်မိတ်ဆက်ခြင်း အခမ်းအနားကို ရန်ကုန်မြို့၌ ပြုလုပ်သွားမည်ဖြစ်ကြောင်း Vivo Myanmar က ကြေညာခဲ့သည်။ ထူးခြားစွာ မြင်တွေ့ရဦးမည့် စမတ်ဖုန်းသစ်နှစ်မျိုးတွင် မည်သည့်နည်းပညာသစ်များပါဝင်လာမည်ကို စောင့်ကြည့်သွားရမည်ဖြစ်သည်။

ယခင်က ပြုလုပ်ခဲ့သည့် စမတ်ဖုန်းသစ်မိတ်ဆက်ပွဲ အခမ်းအနားများနှင့်မတူညီဘဲ ထူးခြားစွာပြုလုပ်ပေးသွားရန် အစီအစဉ်များ ပါဝင်လာမည်ဖြစ်ကြောင်း Vivo မှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ယခင်ထွက်ရှိထားသည့် Vivo စမတ်ဖုန်းများထက် ပိုမိုထူးခြားသည့် နည်းပညာနှင့်လုပ်ဆောင်ချက်များပါဝင်လာမည်ဖြစ်ကာ ဖုန်း၏ဘေးပေါင်နှစ်ဖက်ကိုလည်း ပိုမိုသေးငယ်အောင် ပြုလုပ်ထားပြီး ကျယ်ပြန့်သည့်မျက်နှာပြင် ၅ ဒသမ ၉၉ လက်မပါဝင်မည်ဖြစ်သည်။

Qualcomm Snapdragon 450 ပရိုဆက်ဆာထည့်သွင်းပေးထားပြီး လည်ပတ်မှုစနစ်အတွက် Android 7.1 ပါဝင်မည်ဖြစ်ကာ ဖုန်း၏မျက်နှာပြင်တွင် ခလုတ်များပါဝင်လာတော့မည်မဟုတ်ဟုဆိုသည်။ RAM 4GB နှင့် သိုလှောင်သိမ်းဆည်းမှု 64GB ပါဝင်ကာ Micro SD 256GB အထိထပ်မံထည့်သွင်းအသုံးပြုနိုင်မည်ဖြစ်သည်။ လက်ဗွေစနစ်ပါဝင်လာမည်ဖြစ်သော်လည်း မည်သည့်ပုံစံမျိုးဖြင့်ထည့်သွင်းပေးထားမည်ကို အဆိုပါမိတ်ဆက်ပွဲအခမ်းအနားတွင် တွေ့မြင်ရမည်ဖြစ်သည်ဟုဆိုသည်။ ကျောဘက်ကင်မရာ 16MP ပါဝင်ပြီး ရှေ့ဘက်ကင်မရာမှာ 24MP ပါဝင်မည်ဖြစ်သောကြောင့် Selfie ဓာတ်ပုံသမားများအကြိုက်တွေ့နိုင်မည့် စမတ်ဖုန်းတစ်မျိုး ဖြစ်မည်ဟု သိရသည်။ 3225 mAh ပမာဏရှိသည့် ဘက်ထရီပါဝင်ကာ အသံထွက်စနစ်ပိုမိုကောင်းမွန်ရန်အတွက် Hi-Fi စနစ်ကိုအဆင့်မြှင့်တင်ထားပြီး နားကြပ်နှင့် သီချင်းနားထောင်ခြင်းအပါအဝင် အခြားအသံပိုင်းဆိုင်ရာများအတွက် နည်းပညာများအဆင့်မြှင့်ထားသည်ဟုသိရသည်။ မိတ်ဆက်ပေးမည့် အရောင်များမှာ Champagne Gold နှင့် Matte Black နှစ်မျိုးဖြစ်ပြီး တန်ဖိုးမှာ ယူရို ၃၀၀ ဝန်းကျင်ခန့်ရှိမည်ဖြစ်ပြီး ပြည်တွင်းဈေးကွက်တွင် စတင်ရောင်းချမည့်ရက်ကို ထပ်မံကြေညာပေးသွားမည်ဟု သိရသည်။ ALEX

ပထမနှစ်မှ နောက်ဆုံးနှစ်အထိ မေဂျာစုံ၊ အတန်းစုံ စာသင်သားများအတွက်

- စာစဉ်ဖြေနည်း အထောက်အကူပြု လမ်းညွှန်စာအုပ်များ ထွက်ပြီ။
- သင်တန်းများ ကျောင်းအပ် လက်ခံပြီ။

အဝေးသင်

ဆက်သွယ်ရန်
CENTER (မြို့သစ်) - အမှတ် ၁၆၇/၁၇၃ အခန်း - B-2၊ ဆိပ်ကမ်းသာလမ်း ကျောက်တံတားမြို့နယ်။ ဖုန်း - ၂၅၆၆၂၁၊ ၀၉၅၆၄၂၅၆၆၂၁၊ ၂၅၀၀၅၂
(လှည်းတန်း) - အမှတ် ၂၃၊ အခန်း - B-4၊ လှည်းတန်းလမ်းမ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၇၃၀၀၉၆၂၇

ကန့်ကွက်နိုင်ပါကြောင်းကြော်ငြာ

Kingtai Chemical Co.,Ltd မှ ထုတ်လုပ်သော အောက်ဖော်ပြပါ ပိုးသတ်ဆေးများ၏ မှတ်ပုံတင်ခြင်းနှင့် ဖြန့်ဖြူးခြင်းလုပ်ငန်းများအား ကလို့(စ်)ဖရင့်(ဒ်)ကုမ္ပဏီလီမိတက်မှ ကင်းတိုင် မြန်မာကုမ္ပဏီလီမိတက်သို့ လွှဲပြောင်းခြင်းအပေါ် ကန့်ကွက်ရန်ရှိပါက ပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့သို့ ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်လွှာ တင်သွင်းနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

No.	Trad Name	Active Ingredient	Registration Type	Registration Number
1	BENNON 50 WP	Benomyl 50% WP	Provisional	P 2017-3960
2	POPULAR 25 EC	Propiconazole 250 g/l EC	Provisional	P 2017-3961
3	KINGTRAZINE 48 WP	Atrazine 48% WP	Provisional	P 2017-3962
4	Paung Pyauk 10 SC	Bispyribac-sodium 10%SC	Provisional	P 2017-3963

ကလို့(စ်)ဖရင့်(ဒ်)ကုမ္ပဏီလီမိတက်

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊လမ်းမတော်မြို့နယ်၊(၂)ရပ်ကွက်၊အနော်ရထာလမ်းနှင့် (၆)လမ်းထောင့်တိုက်အမှတ်-၂၈၇၊ ပထမထပ်၊ ဝဲဘက်ခြမ်း၊ ဧရိယာ- (၁၂'.၆" × ၅၇'.၃") အကျယ်အဝန်းရှိ ရေ မီး အစုံ တိုက်ခန်းနှင့်တကွ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို တရားဝင်လက်ရှိပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိသည်ဟု အဆိုပြုကမ်းလှမ်းသော ဒေါ်တင်တင်ရီ (၁၂/လမတ(နိုင်)၀၀၆၃၈၂) ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် ရောင်းဘိုးငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေပြီး ဖြစ်ပါသဖြင့် အဆိုပါ မြေနှင့်အိမ်အပေါ်ပိုင်ရေးဆိုင်ခွင့်ရှိသူမည်သူမဆို အရောင်းအဝယ်ကိုကန့်ကွက်လိုပါက ယနေ့မှစ၍ (၇) ရက်အတွင်း ခိုင်လုံသောအထောက်အထား၊ မူရင်းစာရွက်စာတမ်းများနှင့်တကွ ကျွန်ုပ်ထံလူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့်သတ်မှတ်ရက်ကုန်ဆုံးသည့် တိုင်ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိုဥပဒေ နှင့်အညီပြီးဆုံးသည်အထိဆက်လက်ဆောင်ရွက်မည်ဖြစ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

ညွှန်ကြားချက်အရ
သင်းကြူစိုး (LL.B., LL.M.)
တရားလွှတ်တော်ရှေ့နေ (စဉ်- ၆၅၅၆)
အမှတ်- ၅၅၊ အခန်း- ၂၆၊ တတိယထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း- ၃၇၈၇၉၉၊ ၀၉-၅၀-၁၆၃၅၂၊ ၀၉-၇၉-၇၉၀၅၉၅၉။

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ပုဇွန်တောင်မြို့နယ်၊ ပုဇွန်တောင်ဈေးရှိ ကျွန်တော်တို့၏ အငှားချထားခြင်းခံရသူ၏ ဆိုင်ခန်းမှတ်ပုံတင်စာအုပ်များသည် ပျောက်ဆုံးသွားပါ၍ အသစ်ပြန်လည် လျှောက်ထား ထုတ်ယူနိုင်ရေးအတွက် ကန့်ကွက်မှု ရှိ/မရှိအား အောက်အမည်ပါ ဆိုင်ခန်းရှင်များမှ အသိပေး အကြောင်းကြား ကြော်ငြာအပ်ပါသည်။

စဉ်	အမည်	ရုံ	ဆိုင်အမှတ်
၁။	ဦးသောင်းတင်	ပွဲရုံ(ည)	၁၃
၂။	ဦးအောင်ကြည်	ပွဲရုံ(ဈ)	၁၅
၃။	ဦးအောင်ကြည်	ပွဲရုံ(ဈ)	၁၆

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၆/ဘီ၊ ကုန်းဘောင်)၊ မြေကွက်အမှတ်(၁၅၇)၏ ပါမစ်မြေအမည်ပေါက်ဖြစ်သူ ဦးမင်းသိန်း[၁၃/နခတ(နိုင်)၀၄၈၁၆၆]ထံမှ အရောင်းအဝယ်စာချုပ်ဖြင့် လက်ဆင့်ကမ်းဝယ်ယူပိုင်ဆိုင်ထားသူ ဦးရွှေနု[၁၂/ဒဂန(နိုင်)၀၂၀၀၅၀]မှ အထက်ပါမြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို အပြီးအပိုင်လွှဲပြောင်းရောင်းချရန် ကမ်းလှမ်းလာရာ ကျွန်တော်မှလည်း ဝယ်ယူရန် သဘောတူညီကြပြီး မြေကွက်အရောင်းတန်ဖိုး၏ တစ်စိတ်တစ်ဒေသကို ကျွန်တော်မှ မြေကွက်ပိုင်ရှင်ဖြစ်သူ ဦးရွှေနု[၁၂/ဒဂန(နိုင်)၀၂၀၀ ၅၀]ထံသို့ မြေကွက်အရောင်းအဝယ် စရန်ငွေပေးကတိစာချုပ်ချုပ်ဆို၍ ပေးချေထားပြီးဖြစ်ရာ ယင်းမြေကွက်အရောင်းအဝယ်ကိစ္စနှင့် ပတ်သက်၍ ကန့်ကွက်ရန် တစ်စုံတစ်ရာရှိပါက စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်တော်ဦးလှမြိုင်ထံသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်ရန် တစ်စုံတစ်ရာမရှိပါက ယင်းမြေကွက်အရောင်းအဝယ်အား ပြီးဆုံးသည်ထိတိုင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

ဦးလှမြိုင်[၁၂/ဥကတ(နိုင်)၀၇၀၁၆၂]
အမှတ်(ဒီ-၇)၊ ဦးဝိစာရလမ်း၊ စီးပွားရေးဖွံ့ဖြိုးမှုဇုန်၊ (၃၄-တိုးချဲ့)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်။
ဆက်သွယ်ရန် ဖုန်း-၀၉-၅၁၅၇၉၀၃၊ ၀၉-၇၈၅၁၅၇၉၀၃

အသိပေးကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ ဒလမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁)၊ လူနေရပ်ကွက်အမှတ် (တပင်ရွှေထီး)၊ ဦးအောင်ဇေယျလမ်း၊ မြေကွက်အမှတ်(၆၀၉-ခ)၊ (၁၂၀၀) စတုရန်းပေရှိ နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်၏ အမည်ပေါက် ဒေါ်အေးသန်း [၁၂/မဂတ(နိုင်)၀၇၈၇၄၇] ထံမှ ဦးမောင်မောင်လေး [၁၂/တမန(နိုင်) ၀၇၉၇၈၀]က မြေကွက်နှင့်တကွ နှစ်(၆၀)မြေငှားဂရန်တို့ကို ဝယ်ယူလက်ရောက်ရရှိခဲ့ပြီးဖြစ်ပါသည်။ ယခုအခါတွင် ဝယ်သူက ယင်းမြေကွက်နှင့်ပတ်သက်၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ပြုလုပ်ရန် လိုအပ်လာသဖြင့် ၂၈-၉-၂၀၁၇ ရက်တွင် နောက်ဆုံးထားပြီး မြေကွက်မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ပြုလုပ်ပေးပါရန်နှင့် ပျက်ကွက်ပါက ဥပဒေအရ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဦးအောင်ဇော်မြတ် (LL.B) — **ဒေါ်စုသန္တာဝင်း (LL.B, LL.M)**
တရားလွှတ်တော်ရှေ့နေ (စဉ်-၈၅၀၉) — **အထက်တန်းရှေ့နေ (စဉ်-၃၅၂၉၇)**
အမှတ်-၁၂၃၊ လမ်း-၄၀၊ မဟာဗန္ဓုလလမ်းနှင့် ကုန်သည်လမ်းကြား၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉- ၇၃၀ ၅၄၃၁၉၊ ၀၉- ၉၇၅၅၅၇၇၄၅၊ ၀၉-၄၃၀၃၁၁၅၀

မြတ်ဆရာပူဇော်ပွဲ ဖိတ်ကြားစာ
(1975-80) B.A(Law), LL.B., (Last Batch)

ကျောင်းသား၊ ကျောင်းသူဟောင်းများမှ မြတ်ဆရာပူဇော်ပွဲကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်ပါ၍ အသိပေးကြေညာအပ်ပါသည်။

ကျင်းပမည့်နေ့ - ၄-၁-၂၀၁၈ရက် (ကြာသပတေးနေ့)
ကျင်းပမည်အချိန် - နံနက် ၉နာရီမှ ၁၂ နာရီ
ကျင်းပမည့်နေရာ - White Rice Restaurant (ကန်တော်ကြီးကန်ပတ်လမ်း၊ မျက်စိဆေးရုံရှေ့)
နောက်ဆက်တွဲအစီအစဉ် - ၄-၁-၂၀၁၈ ရက်၊ ညနေ ၆ နာရီ ညစာစားပွဲ အစီအစဉ်ရှိပါသည်။

၅-၁-၂၀၁၈ရက် နံနက် ၅ နာရီတွင် Gethering အပျော်ခရီးစဉ်အဖြစ် ငွေဆောင်ကမ်းခြေ (၂)ညအိပ် (၃)ရက်ခရီးသွားမည်ဖြစ်ပါ၍ ကြိုတင်စာရင်းပေးကြပါရန်။

အာစရိယပူဇော်ပွဲ အလှူငွေပေးအပ်လိုပါက
(၁) ဒေါ်ယဉ်မျိုးမေ ဖုန်း-၀၉-၅၁၈၁၀၆၅
(၂) ဒေါ်ခင်မမ ဖုန်း-၀၉- ၄၃၁၉၉၉၀၇
(၃) ဒေါ်ဘေဘီထွန်း ဖုန်း-၀၉-၅၁၆၉၂၈၁
(၄) ဒေါ်ဆွေဆွေ ဖုန်း-၀၉ ၅၁၁၄၂၀၃
(၅) ဦးသောင်းငွေ ဖုန်း-၀၉-၂၀၁၁၈၈၂

အများသိစေရန် အသိပေးတားမြစ်ချက်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ သစ္စာလမ်း၊ အမှတ်-၁၀၂၂/အေ၊ အကျယ်အဝန်း ပေ(၃၅×၆၇)ရှိ ၅ လွှာတိုက်ခန်းနှင့် ယင်းတိုက်ခန်းကို တရားဝင်လက်ရောက်ပိုင်ဆိုင်ကြသူများဖြစ်သော ၁။ ဦးစိုးမိုးထက် (ဥက္ကဋ္ဌ) [၁၂/ကမတ(နိုင်)၀၀၁၉၉၈]၊ ၂။ ဦးမြစိုး(ဒုဥက္ကဋ္ဌ) [၁၂/အလန(နိုင်)၀၁၅၅၅၈]၊ ၃။ ဦးရဲမြတ်သိမ်း (အတွင်းရေးမှူး) [၁၂/ဗဟတ(နိုင်)၀၃၁၂၂၉]တို့သည် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူထံ ၁၈-၁၁-၂၀၁၅ ရက်တွင် အဆိုပါတိုက်ခန်း၏ တိုက်ခန်းရောင်းဖိုးငွေများကို လက်ရောက်ရယူပြီး အပြီးအပိုင်ရောင်းချထားပြီး ဖြစ်ပါ၍ အဆိုပါတိုက်ခန်းနှင့် ပတ်သက်၍ ရောင်းချ၊ ပေါင်နှံ၊ ပေးကမ်း၊ စွန့်လွှတ်၊ လှူဒါန်း၊ အာမခံထားခြင်းအပြင် အခြားနည်းတစ်နည်းဖြင့် လွှဲပြောင်းခြင်းများကို မည်သူတစ်ဦးတစ်ယောက်ကမျှ မပြုလုပ်ကြပါရန် အများသိစေရန် အသိပေးတားမြစ်အပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-ဒေါ်မြတ်မြတ်စိုး(စဉ်-၇၄၆၇)
တရားလွှတ်တော်ရှေ့နေ
ဖုန်း-၀၉ ၇၈၂၁၆၁၅၉၃

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

လှိုင်သာယာမြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်(သကတ-၁၀)၊မြေကွက်အမှတ် ၄၇၆(က)၊ဧရိယာ(၂၀'×၆၀')၊မြေကွက်တည်နေရာအမှတ်(၄၇၆/က)၊ခရေလမ်း ညောင်ကျေးရွာအုပ်စု၊လှိုင်သာယာမြို့နယ်၊ဦးထွန်းဦးအမည်ပေါက်ပါမစ်မြေအားအမည်ပေါက်ဦးထွန်းဦး(၁၂/လမန(နိုင်)၀၄၃၇၉၈)ထံမှအရပ်ကတိအရောင်းအဝယ်စာချုပ်ဖြင့်ဝယ်ယူထားသူဒေါ်တင်တင်အေး(၁၂/လမန(နိုင်)၀၉၄၈၆၃)မှ ပါမစ်မူရင်းတွင်မီးသားစုဓာတ်ပုံရှေ့ပြောင်းမည့်သူများ၏ရာဇဝင်အကျဉ်းချုပ်နှင့် အိမ်ရာဆောက်လုပ်နေထိုင်ခွင့်တို့တင်ပြပြီးမြေနေရာချထားပေးခံရသူများ၏မှီခိုသူများစာရင်းမပါရှိ၍ပါမစ်မစုံဖြင့်ဂရန်သစ်လျှောက်ထားလာရာတရားဝင်ခိုင်လုံသောအထောက်အထားများဖြင့်ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါကလုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြောက်ပိုင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၁)၊ မြေကွက်အမှတ်(၁၃၀၆)၊ မြေကွက်တည်နေရာအမှတ်(၁၃၀၆)၊ စံပယ်လမ်း၊ (၄၁)ရပ်ကွက်၊ ဒဂုံမြောက် (ဦးကျော်မြိုင် -PGU-၁၄၉၅၇၃) အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးကျော်မြိုင် (ကွယ်လွန်)သဖြင့် ဇနီးဖြစ်သူ ဒေါ်ခင်စောဦး [၁၂/ဥကတ(နိုင်)၀၅၅၂၃၃]မှ တစ်ဦးတည်းသော တရားဝင်ဇနီးတော်စပ်ကြောင်း၊ မြောက်ဥက္ကလာပမြို့နယ်တရားရုံး၏ ၃-၄-၂၀၁၇ ရက်စွဲပါ ကျမ်းကျိန်လွှာ အမှတ်စဉ်-၄/၀၄၉/၁၇၊ ထောက်ခံကျမ်းကျိန်လွှာခင်ပွန်းသေစာရင်း၊ ပုံစံ(၁၀)နှင့် ဂရန်မူရင်းတို့တင်ပြ၍ ပိုင်ဆိုင်ကြောင်းစာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်သူမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဌာနမှူး
မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

အများသိစေရန် ကြေညာချက်

၁။ တောင်ဥက္ကလာပမြို့နယ်၊ (၄)ရပ်ကွက်၊ သုတလမ်း၊ အမှတ်(၄၂၅-က)တွင် ၁ခန်းတည်း (၆)ထပ်တိုက် အဆောက်အဦဆောက်လုပ်ရန် မြေရှင် ဦးမြအေး၊ လိုင်စင်ရ ကန်ထရိုက်တာ ဦးဇော်မျိုး(LC-857)၊ လိုင်စင်ရ အင်ဂျင်နီယာဒေါ်ဝင်းမို့မို့သိန်းအောင်(LS-880)တို့ဖြင့် ဤဌာနမှ (၂၃-၂-၂၀၁၅)ရက်စွဲပါစာအမှတ်၊ ၅၅၆၄/ ၅၅၆၆/ စည်ပင်-ယာ(အုံ)ဖြင့် ဆောက်လုပ်ခွင့်ပြုထားပြီးဖြစ်ပါသည်။

၂။ ယခုအခါ အဆိုပါ ၁ခန်းတည်း(၆)ထပ်တိုက် အဆောက်အဦဆောက်လုပ်ခွင့်အား မူလ ကြီးကြပ်လိုင်စင်ရကန်ထရိုက်တာ ဦးဇော်မျိုး (LC-857)အစား လိုင်စင်ရကန်ထရိုက်တာ ဦးခင်မောင်ဌေး(LC-1089)သို့ ပြောင်းလဲဆောင်ရွက်ခွင့်ပြုပါရန် မြေရှင်နှင့်လိုင်စင်ရ ကန်ထရိုက်တာ (၂)ဦးတို့မှ ဌာနသို့ လျှောက်ထားလာပါသဖြင့် ကန့်ကွက်ရန်ရှိပါက ခိုင်လုံသော အထောက်အထားများဖြင့် ဤကြေညာချက်ပါရှိသည့်နေ့မှစ၍ ရက်ပေါင်း (၁၅)ရက်အတွင်း လျှောက်ထားကန့်ကွက်နိုင်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

ဌာနမှူး၊ အင်ဂျင်နီယာဌာန(အဆောက်အအုံ)
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်း ကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်(၆၅)၊ မင်္ဂလာရာမလမ်းနှင့် နှင်းဆီလမ်းထောင့်ဘက်ခြမ်း၊ မြေကွက်အမှတ် (၁၃၃၃)ဟုခေါ်တွင်သည့် ပါမစ်မြေ ပေ(၄၀×၆၀)အနက် ပေ(၂၀×၆၀)(ညာဘက်ခြမ်း)ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အိမ်အပါအဝင်အကျိုးခံစားခွင့်အရပ်ရပ်တို့အား ပါမစ်မူလအမည်ပေါက် ဦးညွန့်တင်ထံမှ ပါမစ်မူရင်းနှင့်အတူ အဆက်ဆက်စာချုပ်မူရင်းများဖြင့် လက်ရောက်ဝယ်ယူပိုင်ဆိုင်ကြောင်း ဝန်ခံအဆိုပြုသူ ဦးဖိုးပါ (၁၂/သခန(နိုင်)၀၈၉၉၃၀)မှ ရောင်းချရန်ကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေမှ အပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေထား ပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါ ရောင်းဝယ်မှုအပေါ် ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၀)ရက်အတွင်း ကျွန်ုပ်ထံတွင် ခိုင်လုံသော အထောက်အထားများဖြင့် လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားသူ-
ဦးကျော်ဝင်းဌေး
၁၂/ဒဂတ(နိုင်)၀၂၇၇၅၁

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးဇော်မျိုးထက် (LL.B)
အထက်တန်းရှေ့နေ (စဉ်-၂၉၁၉၁)
အမှတ်(၅၀)၊C-10ဘဏ်လမ်း၊ကျောက်တံတားမြို့နယ်။၀၉၄၂၀၀၈၇၁၇၇၊ ၀၉၄၂၂၁၈၈၈၀၀

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း၊ ချင်းပြည်နယ်
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း၊ ချင်းပြည်နယ်၊ ဟားခါးမြို့မှ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် ပြည်နယ်အစိုးရခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်မည့် အောက်ဖော်ပြပါလုပ်ငန်းများအား သက်ဆိုင်ရာ မြို့နယ်များအရောက် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

၅၀၀ကေဗွီအေဒီဇယ်ဓာတ်အားပေး စက်တစ်လုံးနှင့် ၃၀၀ကေဗွီအေဒီဇယ်ဓာတ်အားပေး စက်တစ်လုံးဝယ်ယူခြင်း

၂။ တင်ဒါပုံစံစတင်ရောင်းချမည့်ရက် - ၂၀-၉-၂၀၁၇ရက် (ရုံးချိန်အတွင်း)
တင်ဒါပိတ်မည့်ရက် - ၂၀-၁၀-၂၀၁၇ရက် (၁၆း၀၀)နာရီ
လိပ်စာ၊ ဖုန်း - ပြည်နယ်လျှပ်စစ်အင်ဂျင်နီယာရုံး၊
- ဈေးသစ်ရပ်ကွက်၊ ဟားခါးမြို့
ဖုန်း-၀၇၀-၂၁၉၄၄

ဝန်ထမ်းအလိုရှိသည်

၁။ စစ်ကိုင်းမြို့၊ ပတ္တမြားစက်မှုဇုန်ရှိ သစ်အခြေခံစက်မှုလုပ်ငန်းစက်ရုံတွင် တာဝန်ထမ်းဆောင်ရန်အတွက် အောက်ဖော်ပြပါဝန်ထမ်းများ အလိုရှိသည်။

(၁) အထွေထွေမန်နေဂျာ(စက်ရုံမှူး) ကျား ၁ ဦး
(၂) မန်နေဂျာ(အုပ်ချုပ်ရေး) ကျား ၂ ဦး
(၃) မန်နေဂျာ(Planning and Material) ကျား/မ (၂)ဦး
(၄) မန်နေဂျာ(သစ်စက်) ကျား (၂)ဦး

အမှတ်စဉ်(၁)အတွက်
(က) သစ်အခြေခံစက်မှုလုပ်ငန်းစက်ရုံ (သို့) အခြားစက်ရုံ၊ အလုပ်ရုံများတွင် မန်နေဂျာရာထူးတာဝန်ကို လုပ်သက်အနည်းဆုံး (၁၀)နှစ် တာဝန်ထမ်းဆောင်ဖူးသူ ဖြစ်ရမည်။
(ခ) သစ်အခြေခံစက်မှုလုပ်ငန်းစက်ရုံ၊ စီမံခန့်ခွဲရေးနှင့် လုပ်သားရေးရာအုပ်ချုပ်ရေးကို ကျွမ်းကျင်ရမည်။
(ဂ) တက္ကသိုလ်မှ ဘွဲ့တစ်ခုခုရရှိသူဖြစ်ရမည်။
(ဃ) အသက်(၄၀)နှစ်နှင့်အထက် ရှိရမည်။

အမှတ်စဉ်(၂)အတွက်
(က) သစ်အခြေခံစက်မှုလုပ်ငန်းစက်ရုံ (သို့) အခြားစက်ရုံ၊ အလုပ်ရုံများတွင် မန်နေဂျာ (သို့) လက်ထောက်မန်နေဂျာ ရာထူးကို လုပ်သက်အနည်းဆုံး (၅)နှစ် တာဝန်ထမ်းဆောင်ဖူးသူ ဖြစ်ရမည်။
(ခ) သစ်အခြေခံစက်မှုလုပ်ငန်းစက်ရုံ၊ စီမံခန့်ခွဲရေးနှင့် လုပ်သားရေးရာ အုပ်ချုပ်ရေးကို ကျွမ်းကျင်ရမည်။
(ဂ) တက္ကသိုလ်မှ ဘွဲ့တစ်ခုခုရရှိသူ ဖြစ်ရမည်။
(ဃ) အသက်(၄၀)နှစ်နှင့်အထက် ရှိရမည်။

အမှတ်စဉ်(၃)အတွက်
(က) သစ်အချောထည်ပစ္စည်းထုတ်လုပ်ခြင်းလုပ်ငန်းအတွက် Planning ရေးဆွဲနိုင်ရမည်။
(ခ) သစ်အချောထည်ပစ္စည်း ထုတ်လုပ်မှုလုပ်ငန်း တစ်ခုလုံးအတွက် အရှုံး/အမြတ် တွက်ချက်နိုင်ရမည်။
(ဂ) ကုန်လှောင်ရုံလုပ်ငန်း စီမံခန့်ခွဲနိုင်ရမည်။
(ဃ) တက္ကသိုလ်မှ B.Com ဘွဲ့ရရှိရမည်။
(င) လုပ်ငန်းအတွေ့အကြုံနှင့် ကျွမ်းကျင်မှုရှိပါက အခြားသော ဘွဲ့ရများလည်း လျှောက်ထားနိုင်သည်။

အမှတ်စဉ်(၄)အတွက်
(က) သစ်စက်လုပ်ငန်း မန်နေဂျာ (သို့) လက်ထောက်မန်နေဂျာ လုပ်သက်(၅)နှစ် တာဝန်ထမ်းဆောင်ဖူးသူ ဖြစ်ရမည်။
(ခ) သစ်မာနှင့် ကျွန်းသစ် ခွဲစိတ်ခြင်းကို ကျွမ်းကျင်ရမည်။
(ဂ) သစ်စက်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကို ကျွမ်းကျင်ရမည်။
(ဃ) တက္ကသိုလ်မှ ဘွဲ့တစ်ခုခုရရှိသူ ဖြစ်ရမည်။
(င) အသက်(၄၀)နှစ်နှင့်အထက် ရှိရမည်။

၂။ အထက်ပါရာထူးများအတွက် လုပ်ငန်းကျွမ်းကျင်မှုနှင့် လုပ်ငန်းအတွေ့အကြုံများလျှင် သတ်မှတ်ချက်အချို့ကို လျှော့ပေါ့စဉ်းစားမည်။

၃။ လုပ်ခလစာသတ်မှတ်ခြင်း ။ ။ ကျွမ်းကျင်မှု တာဝန်ယူနိုင်မှုအပေါ် မူတည်ပြီး ညှိနှိုင်းလစာပေးမည်။

၄။ နေထိုင်စားသောက်ရေး ။ ။ စက်ရုံဝင်းအတွင်းတွင် နေထိုင်ရန် လိုင်းခန်းနှင့် စားသောက်ရေးကို စက်ရုံမှ စီစဉ်ပေးမည်။

